www.burmeseclassic.com

# ယောင်စီစီနှင်း

ပင်လယ်ရဲ့အနားသတ်မျဉ်း ပုတီးကုန်း



BURMESE CLASSIC .com

Artist Maung Maung Thike
Graphic Zay Phyo

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် = ၁၀၃၄ / ၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက် = ၇၇၇ / ၂၀၀၁ (၉)
ပုံနှိပ်ခြင်း = ၂၀၀၂ - ခုနှစ်
ဇန်နဝါရီလ - ပထမအကြိမ်
အုပ်ရေ = ၅၀၀
တန်ဖိုး = ၃၀/
ထုတ်ဝေသူ = ဦးတင်ရွှန် (မြဲ - ၀၃၇၆၃)
စန်းရောင်ရှိန်စာပေ
အမှတ် ၄ / ၁၇၇၊ မေခလမ်း
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ
အဖုံးပုံနှိပ်သူ = ဦးကျော်ဇင် (မြဲ - ၀၄၂၂၉)
ခိုင်ရည်မွန် ပုံနှိပ်တိုက်၊တိုက်ခွဲ ၁၄/ ၁၆၊
မဟာသုခလမ်းနှင့် ၈၁-ဗိုလ်ချုပ်လမ်း၊
ပုဇွန်တောင်မြို့နယ်။
အတွင်းပုံနှိပ်သူ = ဦးထွန်းခင် (၀၅၅၈၂)
ဇမ္ဗူထွန်းပုံနှိပ်တိုက်၊
အမှတ်(၂၀၆)၊ (၃၇)လမ်း၊
(၅)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

အမြင်မှာ မိုးတွေ ရွာနေပြီလေ . . .။

ဒီမိုး၊ ဒီလေကြားမှာမင် နှလုံးသားသည် မွန်းကျပ် လှောင်ပိတ်နေ၏။

အဖြစ်အပျက်တို့သည် အိပ်မက်တစ်ခုဆိုလည်း အကောင်းသား . . .။

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ငြိစွန်းမှုကြောင့်ပင် မြင်မက်ရသော အိပ်မက်တို့သည် မနက်နိုးအထမှာ သူ့အလိုလို လွင့်ပြယ်သွားမည် ဖြစ်၏။

အခုတော့ ဒီနှယ် မဟုတ်ပြန်။

သံယောဇဉ်တို့ကြောင့် ဖြစ်ပေါ်ရသော အမိကရ အိပ်မက်။

ဘဝမှာ လုံးဝ မေ့ပစ်လို့ မရကောင်းသော အိပ်မက်တစ်ခု ဖြစ်နေ၏။

နှလုံးသား၏ လိုအင်ဆန္ဒများကို မျက်ကွယ်ပြုလို့ ရကောင်းသော်လည်း ငြိတွယ်မိသော သံယောဇဉ်အတွက်ကျတော့ နောက်ဆံ ငင်ရပြန်သည်။ အဝေးသို့ ပြေးထွက်ချင်သည့် ခြေလှမ်းတို့ကို ဟာသာ အသိဆုံးပင် . . . ။

သူတစ်ယောက်တည်း ထိခိုက်ရသည် မဟုတ်။ သူ့သံယောဇဉ်သည်လည်း သူ့နည်းတူ သောကပွေလီခဲ့၏။

သူတို့နှစ်ဦး၏ အပြန်အလှန် သံယောဇဉ် ငြိတွယ်မှု အကျိုးဆက်များက ပြင်းအားကြီးလွန်းလှသည်။

လူ့ဘဝ၊ လူ့ဝန်းကျင်၏ သဘောသဘာဝတို့ကို မေ့ထားချင် ဂ္ဂီ ချုပ်တည်းနှောင်ထားသော စိတ်အစုံကို လွတ်လပ်မှု ပေးလို





၏။

လူ့ဘဝမှာ ခဏတာမျှ ချင်ဆိုင်မြင်မက်ခဲ့သော သံယော အိပ်မက်သည် ထုထည်ကြီးမားစွာဖြင့် သူ့ကို အုပ်မိုးထားလေသည်ပဲ လေ . . . ။

▸▸ ▸▸ ▸▸

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

(၁)

အပြင်မှာ ရွာသော မိုးကြောင့်ပင် အခန်းတွင်းမှာ အေးစိမ့်တက်လာ၏။ ဖွင့်ထားသော အဲယားကွန်းအငွေ့အသက်ကို သူ မနှစ်သက်လိုပေ။ မလှမ်းမကမ်းတွင် ရှိနေသော သန်းဝေအား လှမ်းပြောလိုက်ရသည်။

"သန်းဝေရေ၊ မိုးအေးလွန်းလို့ အဲယားကွန်းကို

www.burmeseclassic.com

www.burmeseclassic.com



နည်း[illegible] လျှော့လိုက်စမ်းပါကွာ"

"[illegible]တဲ့ပါ ဆရာ"

[illegible]စကားကို နာခံသော[illegible]အနေဖြင့် ထိုင်ရာမှ သန်းဝေ ထ

သည်။

တကယ်ဆို တံခါးပေါက်တွေ ဖွင့်ပြီး မိုး[illegible]ကို လွှတ်

လပ်[illegible]သည်။ ကျဉ်းကျပ်ပိတ်နေသော သူ့[illegible]တို့ကို လွှတ်

လပ်[illegible]ပေးလိုသည်။ ဒီလို [illegible]ပြန်တော့လည်း အခြေအနေက

သူ့[illegible]ခွင့်မပြုပေ။

မိုး၏ ပကတိ [illegible]အသက်ကို တိုက်ရိုက် ခံစားရလို၏။

[illegible]နှင့်ဝေကို လှမ်း[illegible]ရင်းက ပြောလိုက်မိသည်။

"ငယ်ငယ်တုန်းကဆို ဒီလို မိုးရွာရင် ထီးတွေ ဘာတွေ

မဆောင်းဘဲ လမ်းလျှောက်ဖြစ်မှာ၊ မိုးထဲ ရေထဲမှာ

လမ်းလျှောက်ရတဲ့ အရသာကို မင်း ခံစားဖူးလား

သန်းဝေ"

သူ့စကားတွေက အလုပ်နှင့် မပတ်သက်။ သူ့ကိုယ်

ကိုယ်တာ စိတ်ခံစားမှုနှင့် ပတ်သက်သည်။ ဒီစကားတွေကို ပြော





ဆိုလို့ရသူမှာ သန်းဝေတစ်ယောက်သာ သူ့အနားမှာ ရှိ၏။

"တစ်ခါတလေဆိုရင်တော့ တစ်မျိုးပေါ့၊ ဘာလဲ

ဆရာက မိုးထဲ ရေထဲမှာ ကလေးတွေလို ပြေးချင်

လွှားချင်နေလို့လား"

"ဒီလိုပဲ ပြောရမယ် သန်းဝေ"

"ဆရာက ကိုယ့်စိတ်ကို အရမ်းချုပ်တည်းလွန်းလို့ ဒီလို

ဖြစ်ရတာပါ၊ ဆရာ့ဘဝကို ဆရာ အလိုမကျ ဖြစ်နေ

လို့ပါ"

သူ့ဘဝ၊ သူ့ခံစားမှုတွေကို သန်းဝေက သိထား၏။

ရင်ဖွင့်စရာတွေ မှန်သမျှကို သန်းဝေအား သူ အမြဲပြောပြ

ဖြစ်သည်။

သူ့ဘဝအနေအထားသည် စီးပွားရေးအရ အမြင့်ဆုံး ပိုင်

ဆိုင်ထားမှု . . . ဟု ပြောလို့ ရသည်။ သူ့မှာ ဇနီး ရှိသည်။ သားနှင့်

သမီး ရှိသည်။ ဒါတွေကို ပိုင်ဆိုင်နေပါလျက် စိတ်ဝန်းကျင်မှာ

သူ မပျော်မွေ့ချင်။

ဒီခံစားမှုစိတ်အလျဉ်က အခုအချိန်မှာ ပေါ်ပေါက်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ "ပွင့်" အား ချစ်မြတ်နိုးခဲ့ပြီး ပွင့်နှင့် လက်ထပ်ဖြစ်ပြီး ကထည်းက သူ ကြုံတွေ့လာရခြင်း ဖြစ်၏။

"ပွင့်" . . . ဟု သူ မြတ်နိုးစွာ ယနေ့တိုင် ခေါ်ဆိုခဲ့သော ပွင့်ဖြူစိုးနှင့် သူတို့မှာ စိတ်ချင်း၊ အတွေးချင်း အရာအားလုံး ဆန့်ကျင်ဖက် ဖြစ်ခဲ့ရ၏။ ချစ်ခြင်းတရားသာ သူတို့နှစ်ဦးကြားမှာ မရှိခဲ့ပါလျှင် ချက်ခြင်းချင်းဆိုင်စရာအကြောင်း ရှိမည် မထင်။

တကယ်တော့ သူက ချစ်မြတ်နိုးလွန်းလားကြီး၍ ပွင့်အပေါ် အောက်ကျို့နေခြင်းဟု ပတ်ဝန်းကျင်က တီးတိုးပြောဆိုကြ၏။

▶▶

သူ့လက်ဝယ်တွင် ရှိနေသော စီးပွားရေးပိုင်ဆိုင်မှုတွေအား ဖေဖေနှင့်မေမေတို့၏ အမွေအနှစ်များဟု ဆိုရမည်။ သူ၏ ကံကောင်းခြင်းကလည်း ထပ်ဆောင်းလိုက်တော့ ပြီးပြည့်စုံသော ဘဝကို ပိုင်ဆိုင်ခဲ့ရ၏။

ငယ်စဉ်ကာလကပင် သူ့ဘဝသည် အရာရာမှာ ရွှေထီး





ဆောင်းခဲ့၏။ သူ့ကံဇာတာမှာ စီးပွားရေး အောင်မြင်မှုနှင့် ပတ်သက်ပြီး လုံးဝမှေးမှိန်စရာ အကြောင်းမရှိပေ။ အရာရာမှာ ကံကောင်းလွန်းနေသူအဖို့ အများပြောလောက်စရာ ကံဆိုးခြင်း တစ်ခုက ရှိစမြဲဖြစ်တတ်သည်လား မသိ။

သူ့အဖို့မှာတော့ အိမ်ထောင်ရေး ကံမကောင်းခဲ့ပေ။

ပွင့်ကို ချစ်မြတ်နိုးမိသည့်အတွက် ပွင့်ကို လက်ထပ်ပေါင်းဖြစ်သည့်အတွက် သူ နောင်တ မရချင်။

သူနှင့် ချစ်သူမဖြစ်ခင်နှင့် လက်မထပ်ခင် ကာလတစ်လျှောက်လုံး ပွင့်နှင့် ပတ်သက်ပြီး အမြဲ စိတ်ချမ်းမြေ့ခဲ့ရသည်။

လက်ထပ်ပြီးနောက်ပိုင်း တစ်နေ့ထက်တစ်နေ့ ဘယ်လိုဗာနေဘယ်လို ပွင့်စိတ်ထားတွေက ပြောင်းပြန် ဖြစ်သွားသည် မသိပေ။

တကယ်တမ်း ပြောဆိုရပါလျှင် . . . သူ့မိဘ၊ သူ့ပတ်ဝန်းကျင်နှင့် အတိုက်အခံတွေ လုပ်ပြီး ပွင့်ကို လက်ထပ်ဖြစ်ခဲ့ခြင်း ဖြစ်၏။

"ချည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့ ဆရာ"

အပြင်မှ ပြန်ရောက်လာသော သန်းနုဝ စကားကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



အတွေးများ ရပ်တန့်သွားရ၏။

မိုးအေးအေးဖြင့် ရောက်တတ်ရာရာကို သူ တစ်ယောက်တည်း တွေးနေမိခဲ့၏။

"နိုင်ငံခြားသား ဧည့်သည်လား"

ပွင့်နှင့် ပတ်သက်ပြီး စိတ်အလိုမကျတာတွေ များလာတိုင်း အလုပ်ထဲမှာ စိတ်ဝင်စားမှု အမြဲလိုလို နည်းပါးခဲ့၏။ ဒီလိုအခါမျိုးမှာဆိုရင်တော့ သူ ဘယ်သူ့ကိုမှ စကားပြောဆိုချင်စိတ် မရှိ။

"မဟုတ်ဘူး ဆရာ"

"ဒါဆို လည်း ဒီပြင်လူတစ်ယောက်ယောက်နဲ့ တွေ့ပေးဖို့ မင်းပဲ စီစဉ်လိုက်ကွာ"

သူ ဒီလိုစကားမျိုးမဲ ပြောမည်ဆိုတာကို သန်းဝေ သိပြီးသား ဖြစ်နေပေမည်။

သန်းဝေက လှည့်ထွက်မသွားပဲ သူ့ကို စောဒက တက်၏။

"မဟုတ်ဘူး ဆရာ၊ အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့သူ မဟုတ်ဘူး"

သန်းဝေ စကားက ထူးဆန်းနေ၏။





သန်းဝေ ဒီလောက်စကားတွေ ပြောပြနေတာ အပြင်က လူသည် သူနှင့်အတော် ပတ်သက်နေပုံပေါ်သည်။

ပွင့်ဖြစ်စေ၊ သားနှင့်သမီးဖြစ်စေ သူ့ကို တွေ့ချင်လျှင်တော့ သန်းဝေ ဒီလို ပုံမျိုး ဖြစ်မည် မထင်မေ။

"ဘယ်သူတုန်း သန်းဝေ"

"ဆရာ မရှိတုန်း ဖုန်းဆက်တာ နှစ်ခါ သုံးခါ ရှိပြီ၊ ဆရာ့ သူငယ်ချင်း ကိုခိုင်ထွန်းတဲ့"

သန်းဝေ စကားကြောင့်ပင် သူ ဝမ်းသာသွား၏။

ခိုင်ထွန်းကို မတွေ့ရသည်မှာ နှစ်နှင့်ချီပြီး ကြာနေပြီ။

"အထဲခေါ်လိုက် သန်းဝေ၊ ပြီးရင် ငါနဲ့ ဧည့်သည် စားဖို့ သောက်ဖို့ မင်းပဲ လုပ်ပေး"

သူ့ အမိန့်ရသည်နှင့် နေရာမှ ခွာဖို့ သန်းဝေ ပြင်သည်။

တကယ်တမ်းမှာတော့ သူ့စကားတွေက အဆုံးမသတ်သေးပေ။

"နေဦး သန်းဝေ၊ အခုအချိန်ကစပြီး ဘယ်သူပဲ ဖြစ်ဖြစ် ငါ့ ဧည့်သည် မပြန်မချင်း ဒီအခန်းထဲကို ဝင်မလာစေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခင်ဗျားတို့ အဲဒီ တာဝန်ပါ ငါ ပေးတယ်"

"ထုတ်တဲ့ပါ ဆရာ"

သူ့ကို အရိုအသေ ပေးပြီး သန်းဝေ ပြန်ထွက်သွား၏။

မကြာမီအတောအတွင်းမှာ သူ့ရှေ့သို့ ခိုင်ထွန်း ရောက်လာတော့မည်။

ခိုင်ထွန်းနှင့်သူ ခင်ခဲ့ မင်ခဲ့သည်။ အထက်တန်းကစပြီး တက္ကသိုလ်ကျောင်းသားဘဝအထိ သူငယ်ချင်း ဖြစ်ခဲ့သည်။

အခုအချိန်မှာ ပြည်ပကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံနေရသော ကုမ္ပဏီကြီးတစ်ခု၏ အကြီးအကဲ ဖြစ်၏။

သူတို့ တတိယနှစ်လောက်အရောက်တွင် မိဘများ၏ အလုပ်တာဝန်အရပင် နိုင်ငံရပ်ခြားသို့ ခိုင်ထွန်း ထွက်သွား၏။ ဟိုမှာပင် ဘွဲ့တွေ ဘာတွေရပြီး အခြေကျနေသူ ဖြစ်၏။ ခိုင်ထွန်းတစ်ယောက် မြန်မာပြည် ပြန်ရောက်နေသည်ဆိုသော သတင်းကို သူ ရတာ တစ်လလောက် ရှိသွားပြီ။

▶▶





"ဖိုးအောင်၊ မင်းကတော့ ဟိုးတုန်းက ပုံစံအတိုင်းပဲ ဘာမှ မပြောင်းလဲဘူး၊ အခုအချိန်ထိ ဒီပင်နီ တိုက်ပုံကို မင်း စွဲစွဲလန်းလန်း ဝတ်နေတုန်းပဲလား"

သူ့ကို တွေ့တွေ့ချင်းမှာပင် ခိုင်ထွန်း ပြော၏။

ဟိုတုန်းကလိုပင် "အောင်မြင့်လွင်" ဆိုသော နာမည်အပြည့်အစုံ မခေါ်ပဲ "ဖိုးအောင်" ဟု ခိုင်ထွန်း ခေါ်၏။

ခိုင်ထွန်းနှင့် ပြန်ဆုံပြီး စကားပြောရတော့ ငယ်ဘဝတွေကို ပြန်ရောက်သွားသလို ခံစားရ၏။

▶▶

ခိုင်ထွန်းပုံစံကတော့ ဘောင်းဘီတွေ၊ ကုတ်တွေ ဘာတွေ [illegible] တကယ့်ကို စတိုင်လ်ကျ၏။

"မင်းကို ပြန်တွေ့ရတာ တကယ့်ကို ဝမ်းသာတယ် ခိုင်ထွန်းရာ၊ ငါ့မှာက အလုပ်တာဝန်တွေရယ်၊ ကိုယ် ရေးကိုယ်တာကိစ္စတွေနဲ့ လုံးချာလိုက်နေရတာ၊

www.burmeseclassic.com

www.burmeseclassic.com



တတယ့်ကို အပေါင်းအသင်း ဝတ်နေတာ အမှန်ပဲ သူငယ်ချင်း"

သူ့စကားသံကြောင့်ပင် ဝမ်းသာနေသော ခိုင်ထွန်းမျက်နှာ ခဏ ညှိုးကျသွား၏။ သူ့အကြောင်းတွေကို ခိုင်ထွန်းတစ်ယောက် သတင်းအစအနကြားထားသည့်ပုံ ပေါ်သည်။

စားစရာ သောက်စရာတွေနှင့် သန်းဝေ ပြန်ဝင်လာသောကြောင့် စကားပြတ်သွားရသည်။

သန်းဝေကြောင့်ပင် အစားအသောက်ကိစ္စကို ခိုင်ထွန်း စကားလမ်းလွှဲလိုက်သည်။

"မင်းက အခုထိအောင် အလိုက်သိတတ်နေတုန်းပဲ၊ ငါလည်း တစ်မနက်လုံး ဘာမှ စားရ သောက်ရသေးတာ မဟုတ်တော့ အတော်ပဲကွာ"

"မင်း ဝအောင်လည်း စား၊ ပြီးတော့ စကားတွေလည်း ဟဝကြီး ပြောရမယ် ခိုင်ထွန်း"

ခိုင်ထွန်းအား တွန်းတွန်းတိုက်တိုက်ပင် ပြောလိုက်သည်။ သန်းဝေကို တစ်ချက် ကဲကြည့်ပြီး ခိုင်ထွန်း ပြော၏။



"ဒီအခန်းထဲမှာ ရောက်တတ်ရာရာတွေ လျှောက်ပြောလို့ ဘယ်သင့်တော်ပါ့မလဲ၊ စကားပြောချင်ရင် သတ်သတ်ချိန်းရအောင်"

ခိုင်ထွန်း စကားကြောင့်ပင် သူ ပြုံးလိုက်မိသေး၏။

"မင်း ကြိုက်သလောက်ပြော၊ ငါလည်း ပြောမှာပဲ၊ ငါ့တမည့် သန်းဝေကလွဲပြီး ဒီအခန်းထဲကို ဘယ်သူမှ ဝင်လာမှာ မဟုတ်ဘူး"

သူက လမ်းဖွင့်ပေးတော့ ခိုင်ထွန်း စောဒက မတက်တော့ပေ။

အပြင်မှာတော့ မိုးစဲသွားပြီ။

သန်းဝေက အလိုက်တသိပင် အဲယားကွန်းခလုတ်ကို ပြန်မြှင့်ပေး၏။

"မင်း ကလေး ဘယ်နှစ်ယောက်ရှိပြီလဲ ဖိုးအောင်"

"သားတစ်ယောက် သမီးတစ်ယောက် ရှိပြီ ခိုင်ထွန်း၊ မင်းရော အိမ်ထောင်ကျပြီ မဟုတ်လား"

ပလုဘ်ပလောင်း ဖြစ်နေခြင်းကို လက်စသတ်ပြီးမှ ခိုင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"မင်းကတော့ ကျောင်းမပြီးခင်ကတည်းက ပွင့်ဖြူစိုးနဲ့ အိမ်ထောင်ပြုလိုက်တော့ အဖတ် အများကြီး တင်တယ်လို့ ပြောရမယ်၊ ငါကတော့ အခုအထိ တစ်ယောက်တည်း ပျော်လို့ကောင်းတုန်းပဲ၊ အသက်က သုံးဆယ်ငါးဆိုတော့ လူပျိုဟိုင်းကြီးပေါ့ကွာ"

ပွင့် နာမည်ပါလာသည်မို့ သူ ရင်ဖွင့်ချင်လာသည်။ သန်းဝေကလည်း အလိုက်တသိပင် အခန်းတွင်းမှ ထွက်ပေး၏။

ပစ္စုပ္ပန်မှာ အသက်ရှင်နေသော ပွင့်သည် ခိုင်ထွန်း သိခဲ့ဖူးသလို ပွင့် မဟုတ်တော့ပေ။

"ငါ့အိမ်ထောင်နဲ့ ငါ့အခြေအနေနဲ့ ငါ အရမ်းပျော်နေတယ်လို့ မင်း ထင်လား ခိုင်ထွန်း၊ ငါ့ဘဝမှာ ပထမဆုံး ချစ်ခဲ့တဲ့ ပွင့်ကိုပဲ လက်ထပ်ခဲ့တယ်၊ ဒါပေမယ့် အခုအချိန်မှာ ငါ မပျော်ဘူး ခိုင်ထွန်း၊ ငါ့စိတ်တွေ အကျဉ်းကျနေသလိုပဲ ခံစားရတယ်"





အစားအသောက်များကို လက်စသတ်ပြီးမှပင် သူ ပြောပြလိုက်သည်။

မေးခွန်းတွေကိုတော့ ခိုင်ထွန်းတစ်ယောက် ဒလစပ် မေးမြန်းတော့မှာ သူ သိနေ၏။

▶▶

"ငါ ရန်ကုန် ပြန်ရောက်တော့ မင်း သတင်းတွေရော ပွင့်ဖြူစိုး သတင်းတွေကိုပါ ငါ ကြားတယ်၊ ပွင့်ဖြူစိုး တစ်ယောက် ဒီလောက် ပြောင်းလဲသွားတာကို ကြားကြားချင်း ငါ မယုံချင်မိဘူး မင်း ပြောပြတာကို နားနဲ့ ဆတ်ဆတ်ကြားရတော့ ဘယ်လိုတွေးရမှန်းတောင် မသိဘူး ဖိုးအောင်ရာ"

ပွင့်အခြေအနေ၊ ပွင့်စိတ်ထားတို့ကို သိရတော့ ခိုင်ထွန်း တစ်ယောက် အတော်လေးကို တွေတွေဝေဝေ ဖြစ်သွား၏။ အပြင်လူတွေတောင် ဒီလောက်ဖြစ်နေမှတော့ ကာယကံရှင်သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ ပြောဖွယ်ရှိတော့မည် မထင်ပေ။

"ဟုတ်တယ် ခိုင်ထွန်း၊ ငါ့ရဲ့ ပွင့်က အရင်ပွင့် မဟုတ်တော့တာ အရမ်းကို သေချာတယ်၊ ငါတို့ မင်းတို့ဆုံခဲ့တဲ့ ပွင့်ဟာ အရမ်း မိုက်သားတယ်၊ ချစ်စရာ ကောင်းခဲ့တယ်၊ မင်း မြန်မာပြည်မှာ မရှိတော့တဲ့နောက်ပိုင်း ငါနဲ့ လက်ထပ်ပြီးတဲ့ အချိန်ကစပြီး ပွင့်ဟာ အရာရာမှာ တွေးလို့မရအောင် ပြောင်းလဲခဲ့တယ်"

"ငါ ကြားပါတယ်၊ အရင်က မိတ်ဟောင်းဆွေ ဟောင်းတွေကို မဆက်ဆံတော့ဘူး၊ မိတ်သစ်ဆွေသစ်တွေကိုပဲ အလေးထား ဆက်ဆံတယ်၊ မိတ်ဟောင်းဆွေဟောင်းတွေ ပတ်သက်ခဲ့ဖူးတဲ့ ပတ်ဝန်းကျင် အဟောင်းတွေက ပွင့်ဖြူစိုးရဲ့ ဇစ်မြစ်ကို သိထားကြတာကိုး၊ မင်းနဲ့ ညားတော့ သူ့ဘဝဟောင်းက အဆက်အသွယ်တွေ အားလုံးကို ဖြတ်တောက်ပစ်တာပဲ၊ သူ့အားနည်းချက်ကို သူ ကာကွယ်ခဲ့တာ၊ ဒါကြောင့်ပဲ လူတွေ အမြစ်တင် လောက်အောင် သူ ဆက်ဆံခဲ့တာ"





"သူငယ်ချင်း အပေါင်းအသင်းတွေတင် မဟုတ်ဘူး၊ သူ့ မိဘဆွေမျိုးအသိုင်းအဝိုင်းပေါ်မှာလည်း ဒီသဘောပဲ ထားတယ် ခိုင်ထွန်း၊ သူ ဆင်းရဲခဲ့တာကို လုံးဝ ဖုံးကွယ်တယ်၊ ပတ်ဝန်းကျင်ဟောင်းက လူတွေကို လုံးဝ လစ်လျူရှုတယ်"

သူနှင့်ပတ်သက်ပြီး ပွင့်သည် ရွှေပေါ်မြက်ပေါ် နေနိုင်ခဲ့သည်။ သူ့မိဘ စည်းစိမ် နေ့ဥစ္စာကြွယ်ဝမှုအပေါ်မှာ ပွင့် သာယာလွန်ခဲ့၏။

"တကယ်တော့ ပွင့်ဟာ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်တာပဲ၊ မင့်စကာမ်း ပြောကြကြေးဆိုရင်တော့ ပွင့်ဖြူစိုး စိတ်ရော လူပါ အောက်ခြေလွတ်သွားတာ၊ ငါတို့ ငယ်ငယ်က ကြားဖူးတဲ့ ဒဏ္ဍာရီလိုလို သီချင်းလိုလို အမြစ်အပျက်ထဲက လီးသီးသည် မဗျိုင်းဖြစ်သွားတာ ပဲ ဖိုးအောင်"

ခိုင်ထွန်းကတော့ ပွင့်ကို လူရင်းပမာ ပြောဆို၏။ ပွင့်သာ ကြားပါက ဘက်သေနိုင်လောက်သည်။ ဒီပြင်လူတွေကလည်း ပွင့်ကို ဒီနှယ် ပြောဆိုကြမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ အဲဒီလို စကားမျိုး ပြောမထွက်တာ အမှန်ပဲ ခိုင်ထွန်း။ ငါ သူ့ကို ချစ်ခဲ့လို့ပဲ၊ ငါ့အတွက် ငါ့တစ်ဘဝလုံးအတွက် အဖော်အဖြစ် ရွေးခဲ့ပြီးမှ ငါ နောင်တမရချင်တာ အမှန်ပဲ၊ တကယ်ဆို ပွင့် အခြေအနေက မင်း ဥပမာ ပေးတာထက် ဆိုးနေတယ်”

သူ့ကို ကြည့်ရင်း ခိုင်ထွန်း စာနာသွားပုံရသည်။ သူနှင့် ခိုင်ထွန်းတစ်တော့ ငယ်ပေါင်းဆိုတော့ သူ့စိတ်ဓါတ်ကို ခိုင်ထွန်း သိထားငါ။

“မင်း အလိုလိုက် အလျှော့ပေးမှုတွေလည်း ပါမယ် ထင်တယ် ဖိုးအောင်၊ မင်းက နဂိုကတည်းက အေးအေးဆေးဆေးသမားပဲ၊ ပွင့်ဖြူစိုးကို တွေ့ပြီး အရမ်းချစ်မြတ်နိုးတဲ့စိတ်နဲ့ မင်းရွေးချယ်ခဲ့တာ အမှန်ပဲ၊ ရွေးချယ်ခဲ့တယ်ဆိုတာက မှားရင် မှားနေပါဦးမယ်၊ ပွင့်ဖြူစိုး တစ်ယောက်တည်းနဲ့ပဲ လူရော နှလုံးသားပါ ရင်းနှီးခဲ့တာပဲ”

“ငါ မပြောချင်ဘူး ခိုင်ထွန်း၊ သူ့မှာ အသိဉာဏ် ရှိနေ





တာပဲ၊ ပြောရင်လည်း ပြဿနာဖြစ်ရုံက လွဲပြီး စိတ်ညစ်ရမှာ”

“အခုရော မင်းဘဝက ပျော်နေလို့လား ဖိုးအောင်” ခိုင်ထွန်း အမေးက အဖြေကျပ်လှသည်။

သက်ပြင်းမှုတ်ထုတ်ရင်းကပင် သူ ပြောလိုက်သည်။

“ပျော်တော့ မပျော်ဘူး၊ သူများတွေအပေါ်မှာ သူ့စိတ်တွေ အပြောင်းအလဲ ဖြစ်ပေမယ့် ငါ့အပေါ်မှာတော့ ဒီနေ့အထိ သူ သစ္စာရှိတယ်၊ အဲဒီအချက်တစ်ခုတည်းနဲ့ ငါ နှစ်သိမ့်နေရတာပဲ”

“သေလိုက်ပါတော့ ဖိုးအောင်ရာ၊ သစ္စာမဲ့မှုတော့ အဲဒီမိန်းမကို မင်းကိုယ်တိုင် သတ်ပစ်ရမှာ၊ အေးလေ . . . မင်းခံနေရတဲ့ အဆိုးတွေထဲမှာ ဒီကောင်းကွက်တစ်ခုက မင်းအတွက် အရေးကြီး ဖြစ်မှာပါ၊ လူ့ဘဝဆိုတာ ဒီသဘောပဲ၊ ကိုယ့်အတွက် အဆိုးတွေ ဝိုင်းနေပေမယ့် ကောင်းတာလေးတစ်ခုကို ရှာကြံပြီး နေပျော်အောင် အမြဲ နှစ်သိမ့်နေရတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ထွန်း၏ တွေးတောမှုကိုတော့ သူ နှစ်သက်သွားမိသည်

"အိမ်ထောင်ကျပြီးကတည်းက သူ ငါ့အပေါ် ယုယကြင်နာတာတွေ လျော့တယ်၊ သူ့ဘဝကို မြှင့်ဖို့နဲ့ သူ့နောက်ကြောင်းတွေကို ဖုံးကွယ်ပစ်ဖို့ပဲ သူ အာရုံထားခဲ့တယ်၊ မေမေတို့ မေမေတို့ စောစောစီးစီး ဆုံးသွားတာ ငါ့အတွက် တစ်မျိုး ကောင်းသလိုပဲ၊ မဟုတ်ရင် ပွင့်တိုကြည့်ပြီး ငါ့အတွက်နဲ့ ဖေဖေနဲ့ မေမေတို့ပါ စိတ်ဆင်းရဲနေကြရမှာ"

"ကလေးနှစ်ယောက်ရဲ့ အခြေအနေကရော"

"သူ့အုပ်ထိန်းမှုနဲ့ သူ့အတွေးအခေါ်တွေ အောက်မှာပဲ ကြီးပြင်းနေရတာ ပေါ့ ကလေးတွေက ငါ့ပြောစကား ဆိုစကားထက် သူ့အမိန့်စကားကိုပဲ နားထောင်ကြတာ၊ သူက အလိုလိုက်လွန်းတယ် ကလေးတွေအနေနဲ့ ငယ်ငယ်ကတည်းက စိတ်ဓါတ်ရေးရာအင်အား နည်းအောင် ပွင့်ပဲ လုပ်တာ၊ ငါ စိတ်ညစ်နေရတာ အဲဒါတွေပေါ့ သူငယ်ချင်းရာ"





သူ့သက်ပြင်းချမှုသည် ခိုင်ထွန်းဆီသို့ပါ အလိုလို ကူးစက်သွား၏။

အပူကူးစက်လွယ်သည်ဆိုတာ မှန်နေ၏။ သူ့အပူသည် ခိုင်ထွန်းဆီသို့ အလိုလို ကူးစက်လေပြီ။

▶▶

"မင်း ဒီတိုင်းနေလို့ကတော့ လုံးဝ မဖြစ်ဘူး၊ မင်း တစ်ခုခု လုပ်မြို့မှ ရမယ်"

"ငါက ဘာလုပ်ပြရမှာလဲ ခိုင်ထွန်း"

သူတို့နှစ်ယောက်စကားရှိန်ကောင်းနေစဉ်မှာပင် သန်းဝေ အခန်းထဲကို ဝင်လာ၏။ ပြောလက်စနှင့်မို့ ခိုင်ထွန်းက သန်းဝေကို လျှော့ထားပုံ ရသည်။ သန်းဝေကတော့ ဒီအကြောင်းတွေအားလုံး သိပြီးသူ ဖြစ်၏။

"မင်း လုပ်နေတာ အလုပ်ကြီး အကိုင်ကြီး၊ မင်း စိတ်မရှင်ရင် လုပ်ငန်းမှာ အနှောင့်အယှက် ဖြစ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုပဲကြည့် မင်းပုံစံက အဖိုးကြီးအိုလေး ကျနေတာပဲ၊ အိမ်မှာ စိတ်ညစ်ရင် ပျော်တဲ့နေရာကို မင်း ရှာရမယ်"

"ဒါကြောင့်ပဲ ငါ အလုပ်မှာပဲ အနေများတာ၊ ငါ တပည့် သန်းဝေ အသိဆုံးပဲ၊ အလုပ်တွေ လုပ်ရင်း ငါ့စိတ်ကို ငါ ဖြေနေတာပဲ ခိုင်ထွန်း"

"ဘယ်ဟုတ်မလဲ ဖိုးအောင်ရာ၊ အောင်မြင်ကြီးပွားတဲ့ လူတစ်ယောက်မှာ စိတ်ပျော်ရွှင်ဖို့ ဆိုတာလည်း လိုအပ်တာပဲ၊ ကြာရင် စိတ်ဖိစီးမှုတွေ များပြီး မင်းရူး သွားလိမ့်မယ်၊ မရူးရင်တောင်မှ မင်း ဆုံးဖြတ်တွေး တော်မှုတွေဟာ အချိန်ကြာလာတာနဲ့အမျှ အမှားတွေ ဖြစ်လာနိုင်တယ်"

ဒီစကားမျိုးကို သန်းဝေလည်း ပြောဆိုဖူး၏။

အခုဆိုရင် ခိုင်ထွန်းကလည်း ထပ်မံပြောဆိုနေသည်။

ခိုင်ထွန်း စကားအဆုံးမှာပင် သန်းဝေက ဝင်ပြီး ထောက်ခံ လိုက်၏။

"အစ်ကိုပြောတဲ့ စကားတွေက အရမ်း မှန်တာပဲ၊



အလုပ်မှာ ဆရာ အများတွေနဲ့ ကြုံနေရပြီ၊ ဆရာ့စိတ် က ရွှင်မှ မရွှင်တော့ပဲ၊ အလုပ်တွေကိုတောင် ဆရာ ရှောင်လွှဲချင်တဲ့စိတ် ဖြစ်နေပြီ အစ်ကို၊ ကျွန်တော် ဘယ်လိုစည်းရုံးစည်းရုံး မရတော့ဘူး၊ ဆရာက အရမ်း ကို ရိုး,အလွန်းတယ်၊ အပျော်အပါးလည်း မရှိဘူး၊ မိန်းမကိစ္စလည်း ကင်းတယ်၊ အသောက်အစားဆို လည်း ဝေးလာဝေးပဲ"

သန်းဝေကလည်း သူ့ကို ဝင်ပြီး ခေဖန်မှုပြု၏။ လူတွေကို ...ပြီးတော့ သူ အဖြေမပေးချင်ပေ။

"အဲဒါပဲ ဖိုးအောင်၊ မင်းရဲ့ နေထိုင်မှုစရိုက်အပေါ် လူတွေက နင်းပြီးလျှောက်ကြမှာပဲ၊ မင်းမိန်းမ ပွင့်ဖြူစိုး လုပ်နေကိုင်နေတာကလည်း ဒီသဘောပဲ၊ မင်း ဒီလိုပုံစံမျိုးနဲ့ တစ်သက်လုံး သွားလို့ မဖြစ်တော့ဘူး၊ ငါ မြန်မာပြည်မှာ နေရတုန်းမှာ မင်း အမူအကျင့်တွေ ကို ပြောင်းသွားအောင် လုပ်ရမယ်၊ ပတ်ဝန်းကျင်နဲ့ မင်း ကင်းကွာသွားလိမ့်မယ်၊ လူတွေက စိတ်ရော



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ပိုင်းဆိုင်ရာပါ ပြောင်းလဲကုန်ကြပြီ၊ ဘဝကို သက်တောင့်သက်သာစွာနဲ့ ဖြတ်သန်းမယ့် အသိတွေ ကင်းမဲ့နေကြပြီ၊ အောင်မြင်လို့မှ ဇောတွေ၊ တိုးတက်လို မှု ဇောတွေနဲ့ ရုပ်ဝတ္ထုပစ္စည်း တိုးတက်မှုနောက်ကို အာသာငမ်းငမ်း လိုက်နေကြပြီ၊ မင်း ဒီပုံစံနဲ့ ဆက်သွား နေမယ်ဆိုရင် မင်း နောက်ဆုံးကလူ ဖြစ်သွားလိမ့်မယ်"

"ငါ ဘာလုပ်ရမလဲ ခိုင်ထွန်း"

"ငါ့အစီအစဉ်ကို မင်းလက်ခံ၊ တစ်ချက်ခုတ် နှစ်ချက် ပြတ်ပေါ့ကွာ၊ မင်းနဲ့ ပွင့်ဖြူစိုး သမီးရည်းစားဖြစ်ဖို့ ငါပဲ ကြိုးစားပေးခဲ့တာ၊ ငါ့ပယောဂ မပါဘဲ နေမယ်ဆိုရင် မင်းမိဘ ပေးစားတဲ့ လူနဲ့ပဲ ဒီအချိန်မှာ မင်း ပေါင်း သင်းနေရမှာ သေချာ တယ်၊ ပွင့်ဖြူစိုးကိုလည်း ငါ့နည်း ငါ့ဟန်နဲ့ ပညာပေးပါ့မယ်၊ မင်း ငါနေသလို လိုက်နေ ရမယ်၊ ပျော်ပျော်နေစမ်းပါကွာ၊ ငါ့ကိုကြည့် ပျော်မယ် ပါးမယ် အလုပ်တွေလုပ်မယ်၊ စိတ်ညစ်စရာ မရှိဘူး၊ အပူ မရှိဘူး၊ မင်းကိုကြည့်ပြီး အိမ်ထောင်ပြုဖို့ကို ပိုပိုပြီး





တောင် လန့်လာမိတယ်"

ခိုင်ထွန်းကတော့ သူပျော်ဖို့ ကူညီမှုပေးမည် . . . ဟု ဆို သည်။ ခိုင်ထွန်းအကြောင်းကို သူ သိနေသည်။

"လုပ်စမ်းပါ အစ်ကိုရာ၊ တကယ်ဆို ဆရာ့အနေနဲ့ အပျော်ရှာမယ်ဆိုရင် ပြည့်နေတာပဲ၊ ဆရာကို တွဲချင် တဲ့သူတွေ အများကြီး ရှိတယ်၊ ဒါမှ ဆရာ့မိန်းမ အသည်း အူနူကျွဲခတ်မှာ"

"မင်းကပြည့် ပြောတာ ဟုတ်တယ်၊ မင်း ပျော်ရမယ်၊ မိန်းကလေးတွေနဲ့ ရင်းနှီးရမယ်၊ မင်း သာယာမှုကို မင်းဘာသာ ရှာရမယ်၊ ဒီအတွက် ငါ လုံးဝ အကူအညီ ပေးမယ်"

"မဖြစ်ပါဘူးကွာ၊ ငါ ပွင့်အပေါ် သစ္စာမမဲ့ချင်ဘူး"

"မင်းကို သစ္စာမဲ့ခိုင်းတာမှ မဟုတ်တာ၊ ဒီမှာ ဖိုးအောင် မိန်းမနဲ့နွား မသနားရဘူးတဲ့၊ အခုဟာက မင်းက ပွင့်ဖြူစိုးကို သနားနေတာ၊ ငါ ပြောသလို လိုက်လုပ်ပါ၊ ပွင့်ဖြူစိုး အချိုးတွေ လုံးဝ ပြောင်းလဲသွားစေရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း တစ်ခွန်းပြောတာနဲ့ လုံးဝငြိမ်းသွားစေရမယ့် ဖိုးအောင်"

ခိုင်ထွန်းက အတင်းအကျပ်ကြီး ပြောဆိုနေမှတော့ သူ ငြင်းနေလို့ မကောင်းပေ။

သူ့အနားမှာ ခိုင်ထွန်း ရှိနေခြင်းကိုကပင် သူ အားတက်မိသည်။

ပွင့်ရှင့်သူ ချစ်သူတွေဖြစ်ဖို့မှာ ခိုင်ထွန်းကပင် ကူညီပံ့ပိုးပေးခဲ့ဖူး၏။

ခိုင်ထွန်းကိုတော့ ပွင့်တစ်ယောက် ဘယ်လိုဆက်ဆံမည် မသိပေ။

အတိတ်တုန်းကတော့ ခိုင်ထွန်း တစ်ခွန်းပြောရင် ပွင့်က အမြဲလိုက်နာတတ်သည်ပဲ . . .။

အတိတ်ကို လွမ်းဆွတ်ရင်းကပင် ပွင့်၏ ချစ်စရာကောင်းသော အမူအကျင့်လေးများကို မြင်ယောင်ဖြစ်ပြန်သည်လေ . . .။

▶▶ ▶▶ ▶▶



(၂)

အမိတက္ကသိုလ်ရင်ခွင့်သည် သူ့အတွက်တော့ ငြိမ်းချမ်း[illegible]တွေးရသည်။ ရောင်စုံပန်းများ ခတ်နေသော ကျောင်းသူကျောင်း[illegible]များထဲ သူလည်း တစ်ယောက်ပါဝင်၏။ တက္ကသိုလ် ဒုတိယနှစ်[illegible] ရောက်လာသော်လည်း သူတစ်ယောက်တည်းပင်။ [illegible]တိုးတိုင်[illegible] ရင်းနှီးကျွမ်းဝင်သူဆို၍ သူ့သူငယ်ချင်း ခိုင်ထွန်း တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သာ ရှိသည်။

"ဖိုးအောင်"

ကံ့ကော်ပင်အောက်က ခုံတန်းလျားမှာ ထိုင်နေရင်းက

ခိုင်ထွန်းက သူ့ကို ခေါ်သည်။ ငေးမောနေသော သူ့မျက်လုံးများ

ပြန်ရုပ်သိမ်းပြီး ခိုင်ထွန်းကို ကြည့်သည်။

"ဘာလဲ ခိုင်ထွန်း"

"မင်းအကြောင်းကိုပါ ငါ တွေးကြည့်နေတာ"

"အာလဲ ငါ ပင်နီတိုက်ပုံ ဝတ်တဲ့ကိစ္စပဲလား ခိုင်ထွန်း"

အထက်တန်းကျောင်းသားဘဝကပင် ဒီပင်နီတိုက်ပုံကို

မက်မောခဲ့၏။ တစ်ခါတရံ အခမ်းအနားမျိုးမှာ သူ ဝတ်ဆင်လေ့

သည်။ တက္ကသိုလ် စတက်ဖြစ်တော့ သူ ပင်နီတိုက်ပုံကို မချွတ်တ

ဝတ်ခွင့်ရခဲ့သည်။

"အဲဒါလည်း ပါတယ်၊ မင်း စဉ်းစားကြည့်လေ၊ မင်းမိဘ

က ငါ့မိဘထက် ချမ်းသာတယ်၊ ကားတွေဆိုလည်း

မင်းအနေနဲ့ ထည်လဲစီးလို့ရတယ်၊ အချို့လူတွေက

မင်းလို အခြေအနေမျိုးမှာဆိုရင် ဝတ်ကောင်းစားလှနဲ့





ကားတဝီဝီ ဖြစ်နေမှာ၊ အခုဟာက ပင်နီတိုက်ပုံနဲ့

ပြီးတော့ ကျောင်းကို လာတော့ လိုင်းကားပဲ စီးတယ်၊

မသိတဲ့လူဆိုရင် မင်းကို သူလို ငါလိုပဲ ထင်မှာ သေချာ

တယ်"

"ဒါကတော့ ငါ့အကျင့်နဲ့ ငါပဲကွာ၊ ကားတစ်စီးကို

ကိုယ်တိုင် မောင်းရတာထက် လိုင်းကားစီးပြီး သွားရ

တာက ပိုလွတ်လပ်တယ်၊ ကားမောင်းရတာက တာဝန်

ကြီးတယ်၊ လိုက်နာရမယ့်စည်းကမ်းတွေက အများကြီး၊

သူများမောင်းတာကို စီးရတာပဲ ကောင်းပါတယ်"

"မင်း အတွေးအခေါ်တွေက တကယ့်ကို နောက်ပြန်

နေတာပဲ၊ ကားကိစ္စကတော့ ထားလိုက်ပါ၊ ဒီပင်နီ

တိုက်ပုံကို မင်း နေ့တိုင်း ဝတ်နေတာ စိတ်မကုန်ဘူး

လား၊ မင်းကိုကြည့်ပြီး ငါ စိတ်ပင်ပန်းရတာ အမှန်ပဲ"

ဘာတွေပဲ ဘယ်လို ပြောပြော နောက်ဆုံးမှာတော့ သူ

တိုက်ပုံဝတ်သည့်ကိစ္စကိုသာ ထိခိုက်လာတော့၏။

"ငါ ပြောပြမယ် နားထောင် ခိုင်ထွန်း၊ ဟိုတုန်းက



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားတွေဟာ မျိုးချစ်စိတ်နဲ့ ပင်နီတိုက်ပုံ ဝတ်ကြတာ များတယ်၊ ဒီခေတ်မှာတော့ အားလုံး ရောရောထွေးထွေး ဖြစ်ကုန်ကြပြီ၊ ကြည့်လိုက်တာနဲ့ ဒီလူဟာ ဘာလဲ၊ တက္ကသိုလ် ကျောင်းသား ဟုတ်မဟုတ် မကွဲပြားတော့ဘူး၊ ငါက ငါ့ကိုယ်ကိုယ် တက္ကသိုလ်ကျောင်းသားအဖြစ် ခံယူပြီး ဒီပင်နီတိုက်ပုံ ဝတ်တာ"

"ဆရာတွေ ဝတ်တာတော့ တစ်မျိုးပေါ့၊ မင်း ပြောသလို ဆိုရင် တက္ကသိုလ်ကျောင်းသူကျောင်းသားမှန်း မြင်တာနဲ့ သိသာအောင် ယောကျ်ားလေးတွေက ပင်နီတိုက်ပုံ ဝတ်၊ မိန်းကလေးတွေက ရင်ဖုံးတွေ ဆံထုံးတွေလုပ် ပုဝါလေးတွေခြုံပြီး တသင်မန်းသဲ ဝင်ရမလိုပဲ"

"လုပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ၊ ဒါမှ ကွဲကွဲပြားပြား ဖြစ်မှာ၊ အခုဟာက တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ မြင်ပြီး မြင်သလိုဝတ်၊ အလုပ်ပြိုင်ကြသလား အောက်မေ့ရတယ်၊ ငါတို့ တက္ကသိုလ်က အစဉ်





အလာကြီးတဲ့ ကျောင်းသား ခေတ်တစ်ခေတ်ကို ဒီတက္ကသိုလ်က လူတွေကပဲ ဦးဆောင်ပြီး မျက်စိဖွင့်ပေးကြတာ၊ ငါတို့တွေက အမြန်းကြားနေမှ တက္ကသိုလ်ဆိုတာ အသိပညာ အတတ်ပညာတွေ ပေါင်းစုထားတဲ့ နေရာဌာနကြီးပဲ"

"ဟုတ်ကဲ့ပါ အမိတက္ကသိုလ်ကျောင်းသားကြီး ခင်ဗျား၊ ငါတို့အနေနဲ့ကတော့ အဲဒီတိုက်ပုံကို မဝတ်နိုင်ပါဘူး"

"ဒါက မင်းသမိုင်းလေ၊ ငါလည်း ငါ့သမိုင်းနဲ့ ငါပဲ"

"အခုအချိန်မှာ ပင်နီတိုက်ပုံဝတ်ပြီး ရည်းစားစကား လိုက်ပြောရင်တော့ အလှောင်ခံရမှာ သေချာတယ် ကိုယ့်လူ၊ အမျိုးသားရေးတွေ အမျိုးသမီးရေးတွေက ခဏထားလိုက်ဦး၊ ဒါကြောင့်မို့ အခုထိ မင်းမှာ တွဲစရာ ကောင်မလေး မရှိတာ၊ မင်းကို ကြိုက်ချင်ကြပေမယ့် မင်း အနေအထိုင်နဲ့ မင်းပင်နီတိုက်ပုံကို ကြောက်နေကြတာ ဖြစ်ရမယ်၊ မင်းကိုယ်မင်း ဗိုလ်အောင်ကျော်လို လို ဘာလိုလို ဂိုက်ဖမ်းထားတော့ မင်းကို ရှောင်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတာ"

ခိုင်ထွန်းကတော့ သူ ပင်နီတိုက်ပုံဝတ်ခြင်းအား အမြဲတစေ ကြုံရင်ကြုံသလို တွယ်လေ့ရှိ၏။ သူကလည်း လူပြောသူပြောခံပြီး ပင်နီတိုက်ပုံကို မချွတ်တမ်း ဝတ်ဆင်၏။ သူ နှစ်သက်စွဲလန်းရာ အတွက် ဒီလောက်တော့ ပေးဆပ်ရမည် ဖြစ်၏။

"ဒီမှာ သူငယ်ချင်း။ နဖူးစာ ရွာလည်တယ်ဆိုတဲ့ စကား မင်း ကြားဖူးမှာပါ။ ဖူးစာမှန်ရင်တော့ အဲဒီတိုက်ပုံကိစ္စ က သေးသေးလေး ဖြစ်သွားမှာ၊ ဒီတိုက်ပုံ ဝတ်တာကိုပဲ ကြိုက်ပြီး ငါနဲ့ ဆုံရင် ဆုံဦးမှာ"

"စောင့်ကြည့်ရသေးတာပေါ့ ဖိုးအောင်ရာ၊ မင်းမိဘ ပေးစားတာပဲ ယူရမလား၊ မင်းကိုယ်တိုင်ပဲ မင်းမျက်စိနဲ့ ရှာပြီး မင်းစိတ်ကြိုက် ယူဖြစ်မလား ဆိုတာကို၊ ငါ့အ ထင်တော့ ဒီပင်နီတိုက်ပုံကို မင်း မချွတ်သရွေ့ B.Sc. တွေ M.Sc. တွေ Phd. တွေသာ မင်းအနေနဲ့ ဘွဲ့တွေ တသီတတန်းကြီး ရရင်ရမယ်၊ ချစ်သူရည်းစားဆိုလို့ မင်းအနားမှာ ဘယ်သူမှ ရှိလာမှာ မဟုတ်ဘူး"





ခိုင်ထွန်းကတော့ သာသာနှင့်နာနာ နှက်ငုလေ၏။ သူက တော့ အပြုံးမပျက်ပေ။ ခိုင်ထွန်း ပြောသလို စောင့်ကြည့်နေဖို့ပဲ ပြောချင်၏။

▶▶

မှတ်မှတ်ရရ ဆိုရပါလျှင် ခိုင်ထွန်းနှင့် စကားပြောဖြစ်ပြီး ဆင်ပတ်တိတိပြည့်သောနေ့မှာပင် ဖြစ်၏။

ကျောင်းလခများ အပြီးအပြတ် သွင်းရန်နှင့် စာမေးပွဲဖြေဖို့ လျှောက်လွှာတင်သောရက်မှာပင် ဖြစ်သည်။

သူ့အဖို့ကတော့ ကျောင်းလခများကို လစဉ်ပုံမှန်သွင်းခဲ့၍ ဆနာ မရှိပေ။ ခိုင်ထွန်းတစ်ယောက်ကတော့ နေ့ရွှေ ညရွှေဖြင့် ကျောင်းလခကျန်တွေ ရှိနေ၏။

"ဒီနေ့တော့ ကျောင်းသားရေးရာကို ငါနဲ့ အဖော်လိုက် ခဲ့ပါ ဖိုးအောင်ရာ၊ ကျောင်းလခ သွင်းပြီးမှ အတူတူ လျှောက်လွှာတင်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ သွင်းစရာ ပိုက်ဆံရော ရှိသေးလို့လား"

ခိုင်ထွန်း နောက်ဆက်တွဲပြဿနာကို သူ မေးလိုက်မိသည်။ ကျောင်းလခတွေ သွင်းဖို့ အဖေ ခေါ်ခြင်းမှာ အကြောင်းရှိမှန်း သူ သိသည်။

"ရှုံးသက်စနဲ့ ပိုက်ဆံပါ ခဏမေ့ကွာ၊ လက်ကုန်မှ မှန်းမိုး ရှာမှာကွ၊ မင်းပဲ ခဏစိုက်ပေးထား"

"မင်းမှာ ပိုက်ဆံ မရှိမှန်း ငါသိသားပဲ ခိုင်ထွန်း၊ တမင် မေးကြည့်တာ၊ ငါ့အဖြစ်ကတော့ ဆံထုံးလည်း ထုံးပေး ရသေး၊ ဆီလည်း စိုက်ရသေး ဆိုတာမျိုး ဖြစ်နေပြီ"

သူ့စကားကြောင့်ပင် ခိုင်ထွန်းမှာ တစ်ယောက် ပြုံးစိစိလုပ်နေ၏။

ကျောင်းသားရေးရာဌာနရောက်တော့ လူအုပ်ကြီးက နည်းနည်းနောနော မဟုတ်ပေ။ ဒီပုံစံနှင့် ဆိုရင်တော့ အတော်လေးကို အချိန်ယူရပေမည်။

"လူအုပ်ကတော့ မြင်တဲ့အတိုင်းပဲ၊ ခဏလေးကွာ ချလန်ယူပြီး ဖြည့်စရာရှိတာ ဖြည့်လိုက်မယ်"





ခိုင်ထွန်းကတော့ သူ့အပူနှင့်သူမို့ ပတ်ဝန်းကျင်ကို သိပ်ဂရု မထားပေ။

သူ့အနားသို့ ခိုင်ထွန်း ပြန်ရောက်လာပြီး စာရွက်စာတမ်း ဖြည့်နေချိန်မှာပင် သူတို့အနားသို့ တစ်ယောက်တည်း ရောက်လာသူ ကို ဂရုသားဖြစ်သည်။

တက္ကသိုလ်ကျောင်းသူတစ်ဦး ဖြစ်သော်လည်း ဝတ်စားဆင် ယင်ပုံမှာ ရိုးရိုးလေးပင် ဖြစ်၏။ ပတ်ဝန်းကျင်ကို ဂရုမပြုဘဲ ပိုက်ဆံ များကို ရေတွက်ကြည့်ပြီး ဘာတွေ အလုပ်ရှုပ်နေသည်မသိ။

ကျောလည်လောက်ရှိသော မထူမပါးဆံပင်များကို သပ်ရပ် စွာ စည်းနှောင်ထား၏။ ရုတ်တရက် မော့ကြည့်လိုက်သော မျက်ဝန်း နက်များဖြင့် အကြည့်ဆုံဖြစ်သည်။ မျက်ဝန်းနက်တို့၏ အကြည့်များ ဖြင့်ပင် သူ့အား လှုပ်ရှားသွားစေ၏။

သေချာကြည့်မိမှ ပါးပြင်ပေါ်မှ နုသာတို့သည် ချွေးစ အနည်းငယ် စွန်းနေ၏။

"ဖိုးအောင် ဘာငေးနေတာလဲ"

သူ့မျက်လုံးများကို စူးစမ်းနေရင်းကပင် ခိုင်ထွန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားပုံရ၏။

"သူ ဘာအခက်အခဲရှိလဲ မသိဘူး ခိုင်ထွန်း"

"မင်း စိတ်ဝင်စားလို့လား ဖိုးအောင်"

သူ့အရိပ်အကဲကို ကြည့်ပြီး ခိုင်ထွန်းက တည့်တည့်ကြီး မေးလိုက်၏။

သူ့ရင်ထဲမှာ လှုပ်ခတ်နိုင်စွမ်း ရှိစေတာတော့ အမှန်ပင်။ အမှန်အတိုင်းပင် ခိုင်ထွန်းအား ပြောလိုက်သည်။

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် ငါ့မှာ သတ္တိ မရှိတာ၊ သူ့ကို မြင်ပြီး ငါ တစ်မျိုးဖြစ်ရတာတော့ အမှန်ပဲ ခိုင်ထွန်း"

"လွယ်လွယ်လေးပါကွာ၊ မင်း အသာကြည့်နေ၊ ငါ ရောပြမယ်"

သူ့လက်ကို မသိမသာ ဆွဲခေါ်ရင်းက အနားသို့ ခိုင်ထွန်း တိုးကပ်သွား၏။

ဒီလိုနေရာမျိုးမှာ ကျောင်းသူကျောင်းသားအချင်းချင်း ရင်းနှီးဖို့ဆိုတာ အလွယ်လေးပင်။





ခိုင်ထွန်း၏ အရည်အချင်းကို သူ ယုံသည်မို့ လိုက်ခဲ့ရသည်။

"ပိုက်ဆံတွေ တစ်ထပ်ကြီးနဲ့ ဘာတွေ အလုပ်ရှုပ်နေရတာလဲ၊ လူတွေက မနည်းတိုးရမှာ၊ ငွေသွင်းတာ အခက်အခဲတော့ ရှိမှာပဲ၊ အဖေါ် မပါဘူးလား"

ခိုင်ထွန်းစကားကြောင့်ပင် မျက်ဝန်းနက်လေး ခေါင်းမော့လာသည်။

ဆိုးဆေးကင်းပြီး ပကတိ ဝင်းစိုသော နှုတ်ခမ်းအစုံလေး အသံမြည်လာ၏။

"ငွေလက်ခံခါနီးမှ ပိုက်ဆံပေါ်မှာ ခုံနံပါတ်ရေးရမယ် ဆိုလို့လေ၊ ပိုက်ဆံတွေက အကြွေမျိုးစုံဆိုတော့ ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတာ"

မျက်ဝန်းနက်လေးက ပွင့်လင်းစွာ ပြောပြီး ညည်းညူ၏။

ဟုတ်ပါရဲ့၊ မျက်ဝန်းနက်လေး လက်ထဲမှ ငွေစက္ကူတွေသာ အတန်ငယ်တွေ ဖြစ်နေ၏။

သူ့အနေနှင့် ဘာလုပ်ရကောင်းမှန်းမသိ ဖြစ်၏။ ခိုင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ဇာတော့ တာကယ့်ကို တရင်းတနှီးဖြင့် မျက်ဝန်းနက်လေးကို ပြောလိုက်၏။

"ဒီလိုလုပ်ပါလား။ ဒီက အထန်သေးတွေကို လဲပေးမယ်၊ ပိုက်ဆံတွေပေါ်မှာ ခုံနံပါတ်ရေးရတာလည်း သက်သာသွားမယ်၊ ငွေသွင်းရတာလည်း ပိုမြန်တာပေါ့၊ ဖိုးအောင် မင်းဆီမှာ လဲစရာပါတယ် မဟုတ်လား"

မျက်ဝန်းနက်လေးက သူ့ကို ကဲကြည့်၏။

လှုပ်ခတ်သွားသော ရင်ကို အမြန်ထိန်းပြီး သူ ဖြေလိုက်သည်။

"ပါတယ်"

မျက်ဝန်းနက်လေး၏ လက်ထဲမှ ပိုက်ဆံများကို ယူပြီး ခိုင်ထွန်း ပေးလာသည်။

သူ့ပိုက်ဆံအိတ်ထဲမှ ငွေစက္ကူသုံးရွက်ကို ထုတ်ပေးလိုက်၏။

"ကျေးဇူးတင်ပါတယ်၊ သူတို့သာ မကူညီရင်တော့ လက်ညောင်းရုံမကဘူး ကောင်တာက အဘွားကြီးရဲ့





မူညံမူညံလုပ်သံကို ခံရဦးမှာ သေချာတယ်၊ နောက်ဆုံးရက်ဆိုတော့ ရှိသမျှကို စုဆောင်းပြီး ယူလာခဲ့ရတာ"

"ဒီလိုပဲပေါ့ဗျာ၊ ကျွန်တော်လည်း အနှုန်း ငွေသွင်းရမှာ၊ ဒီလိုလုပ်၊ ဖိုးအောင်နဲ့ ဒီမှာ ခဏကျန်နေခဲ့ ခင်ဗျား အတွက်ပါ ကျွန်တော် တစ်ခါတည်း ငွေသွင်းလိုက်မယ်၊ လူတွေ အတိုးခံရ သက်သာတာပေါ့"

မျက်ဝန်းနက်ခဲလေးက သဘောတူ ခေါင်းညိတ်၏။

ခိုင်ထွန်း ပြောဖူးသလို သူ့တိုက်ပုံကိုကြည့်ပြီး အနားမကပ်ရင်တော့ ခက်ရချေပြီ။ ခိုင်ထွန်းကတော့ မျက်စိမှိတ်ပြီး လူအုပ်ကြီးထဲ တိုးဝင်သွား၏။

"နှစ်ယောက်စလုံးကို ကျေးဇူးတင်တယ်၊ စောစောက လူရဲ့ နာမည်က ဘယ်သူတုန်း"

သူ့ရှက်တွေ ဆွံ့အလွန်းမှန်း နောက်ကျမှ သိရသည်။ ဘာတယ်ဆို ခိုင်ထွန်းကို ပြောရင်း သူ့အမည်ကိုပါ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနက်လေးက တစ်ချက်ပြုံးပြီးမှ သူ့ကို ထပ်မေး

"သူ့နာမည်ကရော"

"ဟို . . . ကျွန်တော်နာမည်လား"

"ဟုတ်တယ်"

"အောင်မြင့်လွင်"

နာမည်ပြောရင်းက သူပါ ပြုံးပြဖြစ်သည်။

စောစောကထက်စာရင်တော့ မျက်ဝန်းနက်လေးနှင့် ပို ရင်းနှီးလာ၏။

နာမည်ကို သိချင်ပေမယ့် မမေးရဲ။ ဒီလောက်ဆိုရင်ထော ငွေသွင်းစာရွက်ပေါ်က မျက်ဝန်းနက်လေး၏နာမည်ကို ခိုင်ထွ သိနေရော့မည်။

"ကျွန်မနာမည် ပွင့်ဖြူစိုးပါ"

"ဟုတ်ကဲ့"

ရင်းနှီးသည်ဆိုသော်လည်း ရှိနေမိသေး၏။ ပွင့်ဖြ ဆိုသော အမည်နာမလေးကိုတော့ အမြဲတစေ အမှတ်ရစေရန် သားထားလိုက်ရ၏။





▶▶

"မရင်ဖုံးနဲ့ ကိုပင်နီတိုက်ပုံတို့တော့ တည့်တည့်တိုး ပါပြီ"

မျက်ဝန်းနက်လေးနှင့် လမ်းခွဲသည်နှင့် ခိုင်ထွန်းက ဟား ဆိုတ်ကာ ရယ်၏။

"မင်းကတော့ လုပ်ပြီ"

"ငါလုပ်တာ မဟုတ်ဘူး ဖိုးအောင်၊ မင်းလုပ်တာ၊ ဒီလောက် အချိန်အကြာကြီး နှစ်ယောက်တည်းနေပြီး ဝစီပိတ်ကျင့်နေရတယ်လို့ကွာ"

"ဒါတော့ မတတ်နိုင်ဘူးကွာ၊ ငါအကျင့်နဲ့ငါပဲ၊ အဲဒီ တစ်ချိန်လုံးမှာ သူ့မျက်ဝန်းနက်လေးကို တစ်သက်လုံး မှတ်မိသွားအောင်တော့ အချိန်ပြည့် ငါ ကြည့်ဖြစ်ပါ တယ်"

"ကောင်းလိုက်တဲ့ ဒိုင်ယာလော့ကွာ၊ မင်း ဘာဆက် လုပ်မလဲ၊ ပွင့်ဖြူစိုးနဲ့ ရင်းနှီးအောင် ဒီလိုနဲ့တော့ မပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ငါမှ လုပ်မယ့်တတ်တာ၊ မင်းကိုပဲ အားကိုးရမယ်"

"မင်း အတည်ပြောတာနော်၊ တစ်ထိုင်တည်းနဲ့ ဆုံးဖြတ်ချက်တော့ မချနဲ့"

မျက်နှာသေ မျက်နှာထားဖြင့် နိုင်ထွန်း ပြောသည်။

နိုင်ထွန်း၏ ဆိုလိုရင်းကို သူ့အဖို့ မသဲမကွဲ။

"မင်းက ဘာပြောချင်တာလဲ နိုင်ထွန်း၊ ဘာသဘောလဲ"

"ဒီလိုလေ၊ ပွင့်ဖြူစိုးက မင်းရဲ့ အနေအထိုင် အပြောအဆိုကိုကြည့်ပြီး သူဌေးသားလို့ လုံးဝ ထင်မှာမဟုတ်ဘူး၊ ပွင့်ဖြူစိုးကလည်း တကယ့်ကို သာမန်မိန်းကလေးပဲ၊ ရိုးရိုးလေး ဝတ်တယ်၊ လှလည်း လှတယ်၊ သူများတွေလို ဝတ်နိုင်စားနိုင် မယ်ဆိုရင်တော့ အခုချိန်ထိ တစ်ယောက်တည်း ငွေလာသွင်းစရာ အကြောင်းမရှိဘူး၊ မင်းကြည့်လေ ငွေလာသွင်းတာတောင်မှ အကြွေတန် သေးသေးလေးတွေနဲ့၊ ပွင့်ဖြူစိုးရဲ့ ခနအင်အားနဲ့ သူ့မိသားစုအခြေအနေကို သိနေပြီ၊ မင်းနဲ့ ဖြစ်ပါ့





မလား ဖိုးအောင်ကို ပြီးတော့ တခြားသူတွေလို အပျော်အပျက် မထားဘူးဆိုတာ ငါ သိတယ်၊ ပွင့်ဖြူစိုးနဲ့ကျမှ မင်း နှလုံးသားက ကမန်းကတန်း တစ်ရေးနိုးပြီး တောင်းဆိုတော့တာ၊ မင်းအခြေအနေနဲ့ သူ့အခြေအနေက ငါ့အမြင် ပြောရရင်တော့ အတော်ကွာမှာပဲ၊ ပွင့်ဖြူစိုး အနေအထားက တမင်ရှိလျက်နဲ့ မင်းလို ရူးကြောင် မူးကြောင်လုပ်ပြီး စတန့်ထွင်တာတော့ မဖြစ်နိုင်ဘူး၊ ငါတို့ မြင်ရတွေ့ရတာ တကယ့်လက်တွေ့ပဲ"

"ဘာ မဖြစ်စရာရှိလဲ၊ သူနဲ့ငါ နီးစပ်ဖို့ ချစ်သူတွေဘာတွေ ဖြစ်ဖို့ မင်းပဲ နည်းဗျူဟာတွေ ဆွဲပေးတော့၊ အချစ်မှာ ဆင်းရဲတာ ချမ်းသာတာက အဓိက မကျဘူး၊ သစ္စာရှိခြင်းနဲ့ ချစ်ခင်စုံမက်ဖို့ပဲ အဓိကကျတာ"

တစ်ခဏလေး တွေ့ဆုံ စကားပြောရပေမယ့် သူ့ရင်ထဲမှာ ကျန်ခဲ့တာတွေက အများကြီး ဖြစ်၏။

"ကောင်းပြီလေ၊ မင်းစိတ်ကို ချီးကျူးတဲ့အနေနဲ့ ပွင့်ဖြူစိုးနဲ့ မင်း နီးစပ်အောင် ငါ ကြိုးစားပေးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ ဖြစ်စေရမယ်လို့လည်း အာမခံတယ်"

ခိုင်ထွန်းကတော့ ရာခိုင်နှုန်းပြည့် ထောက်ခံပြီး အကူအညီ ပေးဖို့ ကတိပြု၏။

သူ့ခေါင်းထဲမှာဝင်လာသော အတွေးကြောင့်ပင် ခိုင်ထွန်း အား ပြောလိုက်၏။

"တစ်ခုတော့ ရှိတယ် ခိုင်ထွန်း၊ အခုအချိန်မှာ ငါ့အခြေ အနေကို သူ မသိစေချင်ဘူး၊ နောက်ကွယ်က ကိစ္စတွေ မပါဘဲ သူနဲ့ငါ ရိုးသားစွာ မေတ္တာဆုံချင်တယ်၊ ချစ်သူ ရည်းစား ဖြစ်ကြပြီး သိတာတော့ တစ်ပိုင်းပေါ့၊ ငါ့ကို သူချစ်တာ တကယ့်ပကတိ ရိုးသားတာပဲ ငါ လိုချင် တယ်"

"ကြိုက်သွားပြန်ပြီကွာ၊ အခုကိစ္စမှာတော့ မင်း အတွေး အခေါ်တွေက ကောင်းလွန်းနေတယ်၊ ဒီအခြေအနေ လေးအတိုင်းမှာပဲ မင်းတို့ချင်း ချစ်သူတွေ ဖြစ်သွားကြ၊ နားလည်မှုတွေ ကိုယ်စီ ရှိကြဖို့ပဲ လိုတယ်"

ခိုင်ထွန်းကလည်း သူ့သဘောထားကို အတည်ပြု၏။





သူ့အတွေးနှင့် သူကတော့ အတော်လေး ပျော်ရွှင်နေမိ သည်။

"နေဦး ဖိုးအောင်၊ သူနဲ့ပြန်ဆုံရင် မင်းက ငါ့ ခေါ်သလို ပွင့်ဖြူစိုးလို့ ခေါ်လို့တော့ မရဘူး"

ခိုင်ထွန်းစကားက စဉ်းစားရမည့်ကိစ္စ ဖြစ်နေ၏။

သူ့စိတ်ထဲက ဘိုက်တနိုးအမည်ပေးထားသော မျက်ဝန်း နက်လေးကိုတော့ ထုတ်ပြလို့ မရတာ သေချာသည်။

"ငါ ဘယ်လို ခေါ်ရမလဲ"

"မင်းကလဲကွာ၊ ပွင့်ဖြစ်ဖြစ် ဖြူဖြစ်ဖြစ် စိုးဖြစ်ဖြစ် နံတစ်ခုခုကို တယုတယဖြစ်အောင် ခေါ်မှပေါ့၊ ဒါ ကြိုပြီး လမ်းခင်းပြတဲ့ သဘောလည်း ရောက်တယ်"

"ဖြူဆိုတာလည်း မကြိုက်ဘူး စိုးဆိုတာလည်း မခေါ် ချင်ဘူး၊ ဒီတော့ ငါ့အနေနဲ့ သူ့ကို ပွင့်လို့ ခေါ်မယ်"

"မင်း မဆိုးပါဘူး၊ အချစ်ကို တွေ့လာတော့ မင်း အတွေးတွေ မင်းအပြုအမူတွေ အရင်ကထက် စာရင် တိုးတက်ပြောင်းလဲလာပြီ၊ တစ်ခုပဲ ကျန်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဘာတစ်ခုကျန်တာလဲ"

ခိုင်ထွန်းစကားကြောင့်ပင် သူ မေးဖြစ်၏။

ခိုင်ထွန်းမျက်နှာသည် ရယ်ကျဲကျဲ မဟုတ်ဘဲ အတည်ပေါက်ကြီးဖြင့် ပြောချလိုက်သည်။

"အဲဒီ ကျန်တဲ့တစ်ခုက တခြားမဟုတ်ဘူး ဖိုးအောင်၊ မင်း အမြဲဝတ်နေကျ ဒီတိုက်ပုံကို ချွတ်ပစ်ရမယ့်ကိစ္စပဲ"

"မင်းကတော့ ဒါကိုပဲ ခလုတ်တိုက်ဖို့ သတိရ တယ်"

ခိုင်ထွန်း ပခုံးကို လက်သီးဆုပ်ဖြင့် လှမ်းထိုးလိုက်သည်။

သူ ထိုးမှန်း သိလျက်နှင့်ပင် ခိုင်ထွန်းက မရှောင်ရှား။

အားမပါသော လက်သီးသည် ခိုင်ထွန်း ပခုံးနှင့် မိတ်ဆက်သွားတော့၏။

▶▶ ▶▶ ▶▶



(၃)

ခိုင်ထွန်းနှင့် စကားပြောဖြစ်သည်မှာ အိမ်ပြန်ချိန်အထိပင်ဖြစ်၏။ သူ အိမ်ပြန်ရန် ပြင်တော့ ခိုင်ထွန်းက သူပါ လိုက်မည်ဟုပြောသည်။ ပွင့်ကို ခိုင်ထွန်း လိုက်တွေ့မည်ဆိုသောအခါ ကြားထဲက နေပြီး သူ ဘာလုပ်ရမည်မသိ ဖြစ်ရသည်။

နောက်ဆုံးမှာတော့ သူ့ကားနှင့်အတူ စီးရင်း ခိုင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာ၏။

အိမ်ရောက်ခါနီးမှာပင် ခိုင်ထွန်းအား တောင်းပန်စကား ဆိုရသည်။

"မင်းကို တစ်ခုတော့ ကြိုပြီး တောင်းပန်ထားချင်တယ် ခိုင်ထွန်း"

"ဘာများလဲ ဖိုးအောင်"

"ပွင့်နဲ့ ပတ်သက်ပြီးတော့ပါ၊ ငါတို့နဲ့ ရင်းနှီးခဲ့ဖူးတဲ့ လူတွေကတော့ ပွင့်အပြောအဆို အပြုအမူကြောင့်ပဲ တဖြည်းဖြည်း နည်းပါးသွားကြပြီ၊ ပွင့်ကြောင့်ပဲ မင်း ခဏတာ ရောက်တုန်းရောက်ခိုက်မှာ ငါနဲ့ နောက်ထပ် မတွေ့ချင်လောက်အောင် စိတ်ဓါတ်ကျသွားမှာ စိုးလို့ပါ၊ မင်း ဒီမှာရှိနေတုန်း ငါ မင်းနဲ့ အမြဲတွေ့ချင်၊ စကား ပြောချင်တယ်ကွာ"

တောင်းပန်သည်ထက် ကျော်လွန်ကာ ခိုင်ထွန်းအား ခယ နေဖြစ်သည်။

ကိုယ်ချင်းစာသော အကြည့်များဖြင့် သူ့ကို ခိုင်ထွန်း ကြည့် သည်။

"ငါ နားလည်ပါတယ်၊ ပွင့်ဖြူစိုး ဘာပြောပြော ငါ သည်းခံဖို့ ဆုံးဖြတ်ပြီးသားပါ၊ တခြားလူတွေ က ငါမှ မဟုတ်ပဲကွာ၊ မင်းနဲ့ငါက ဒီပြင်လူ ‌ေတွထက် ပိုရင်းခဲ့ တာပဲ၊ ငါ ဘယ်တော့မှ မင်းကို တစ်ယောက်တည်း ထားမသွားဘူး ဖိုးအောင်"

"မင်းစကားကြားရတော့ ဝမ်းနည်းဝမ်းသာ ငါ ခံစားရ တာ အမှန်ပဲ ခိုင်ထွန်း၊ ပွင့်နဲ့ မဆုံဖြစ်ကြရင် ဒီစကား တွေကို ငါတို့ ပြောနေဖို့ မလိုဘူးနော်"

"ကုသိုလ်ကံအကြောင်းပေါ့ကွာ၊ မင်းတို့ နှီးစပ်သွားတဲ့ နေရာမှာ ငါ့ပယောဂလည်း ပါခဲ့တာပဲ၊ ဒီအတွက် ငါ့မှာလည်း တာဝန်ရှိတယ်၊ ပွင့်ဖြူစိုး ဒဏ်ကို မင်းလောက် မဟုတ်တောင်မှ ငါ ခံနိုင်ရမှာပေါ့ကွာ"

ပြောပြောဆိုဆိုနှင့် သူတို့နေထိုင်ရာ ခြံဝင်းအတွင်းသို့ [illegible]တ်ခဲ့ကြသည်။ ကြားထဲကနေပြီး သူက စိုးရိမ်နေသော်လည်း [illegible]ထွန်းကတော့ သွေးအေးနေ၏။







www.burmeseclassic.com

www.burmeseclassic.com



ပွင့်နှင့်ဆုံသည့်အခါ ခိုင်ထွန်းတစ်ယောက် မည်သည့်ဒွန္ဒဟာတွေကို အသုံးချမည် မသိပေ။

ပွင့်နှင့်ခိုင်ထွန်းတို့ ဆုံမည့်ပွဲကိုတော့ သူ တော်တော်လေး စိတ်ဝင်စားမိသည်။

✿

▶▶

ကားပေါ်မှဆင်းပြီး အိမ်သို့ ဝင်ဖြစ်သည်။ သူ့အဖို့ကတော့ နွေးထွေးလှိုက်လှဲမှု မရှိသော တံတိုင်းကြီးတစ်ခုထဲသို့ ဝင်ရောက်ရ သည်ဟု အမြဲ မှတ်ယူခဲ့ရသည်။

သူနှင့် ခိုင်ထွန်းတို့ ဓင်လာခိုက်မှာ သားနှင့် သမီးက ဧည့် ခန်းမှာ ကာတွန်း ထိုင်ဖတ်နေကြသည်။

သူတို့နှစ်ယောက်ကို တစ်ချက် မော်ကြည့်ပြီး ဘာမှ မဖြစ် သလိုနှင့် နေ၏။

ခိုင်ထွန်းကတော့ သားနှင့်သမီး ရှိရာသို့သွားပြီး နှုတ်ဆက် စကားဆိုသည်။



"မင်းသားနဲ့သမီးက အချောလေးတွေပဲ၊ အမေ တူလို့ ပိုချောတာ ဖြစ်ရမယ်၊ ဟုတ်လား သားနဲ့ သမီး"

ခိုင်ထွန်း၏ စည်းရုံးရေးသည် သားနှင့်သမီးအပေါ် အောင် မြင်မှုရသည်ဟု ဆိုရပေမည်။

သူ့ဧည့်သည်များနှင့် အမြဲလိုလို ကင်းကင်းနေတတ်သော သားနှင့်သမီးက စကားပြန်ပြောသည်ကို တွေ့ရ၏။

"ဒါပေါ့ ဦးရဲ့၊ ဖေဖေနဲ့တူရင် ဒီလောက်ချောမှာ လှမှာ မဟုတ်ဘူး"

"ဟုတ်တယ် ဦး၊ ဖေဖေ့လို ထုံအအနဲ့ ရိုးရိုးကြီးပဲဖြစ်မှာ၊ သားတို့က မေမေနဲ့စိတ်ရောလူပါ တစ်ထေရာတည်းပဲ"

ခိုင်ထွန်းက မျက်နှာပျက်ချင်ချင် ဖြစ်သွားသော်လည်း သူ ကတော့ ပြုံးလိုက်မိသည်။ ဒီစကားတွေကို ပွင့် သင်မထားရင် ကလေးတွေက ဒီလို ပြောကြမှာ မဟုတ်ပေ။

ပွင့်ကြောင့်ပင် သူနှင့်ကလေးတွေသည် သူစိမ်းဆန်သလို ဖြစ်နေ၏။

"ဒါနဲ့ သမီး မေမေ ပွင့်ဖြူစိုးတစ်ယောက်ရော"

www.burmeseclassic.com



သမီးက ချက်ချင်း မဖြေဘဲ ခိုင်ထွန်းကို စေ့စပ်စွာ ကြည့်သည်။ ပြီးမှ . . .

"နေပါဦး ဦးရဲ့ . . . ဦးက ဖေဖေ့ အသိလား၊ မေမေ့ အသိလား"

ခိုင်ထွန်းကို သားဖြစ်သူကပါ မေးခွန်းထုတ်၏။

"ဖေဖေနဲ့ မေမေနဲ့ပါ သိတာပေါ့"

"ဦးကို ဒီတစ်ခါပဲ မြင်ဖူးပါတယ်"

"ဟုတ်တယ် သား၊ ဦးက ဟိုးအဝေးကြီးမှာ သားတို့ မမွေးခင်ကတည်းက သွားနေတာ"

"အဝေးကြီးဆိုတာ နိုင်ငံခြားကို ပြောတာလား"

"သိပ်ဟုတ်တာပေါ့၊ ကဲပါ . . . နိုင်ငံခြားက ဦးခိုင်ထွန်း ရောက်နေတယ်လို့ သားမေမေကို သွားပြောလိုက်ပါ။ ပွင့်ဖြူစိုးကို တွေ့ချင်လို့ သားဖေဖေနဲ့ လိုက်လာခဲ့တာ"

"သွားခေါ်လိုက်လေ မောင်လေး၊ ဦးပြောသလို ပြောပြလိုက်"

အစ်မ စကားကြောင့်ပင် သားငယ်က အိမ်ပေါ်ထပ်





ပြေးထက်သွား၏။

သူကတော့ သူ့အခန်းရှိရာသို့ သွားရန် ပြင်သည်။

သူ့နောက်သို့ လိုက်လာပြီး ခိုင်ထွန်းက မေး၏။

"နေပါဦး ဖိုးအောင်၊ ဒါက မင်း ဘယ်သွားမလို့တုန်း"

"ငါ့အခန်းကို သွားမှာလေ၊ ပထမတော့ ငါ့စာကြည့်ခန်းနဲ့ စာအုပ်တွေ ထားတဲ့အခန်းပေါ့၊ အခုတော့ လူပါ နေတယ်"

"မင်းနဲ့ ပွင့်ဖြူစိုးက အခန်းခွဲနေကြတာလား အတူတူ မအိပ်ကြဘူးဆိုတဲ့သဘောပေါ့"

"*အရင်တုန်းကတော့ ငါ အပေါ်ထပ်မှာ ပွင့်နဲ့ အတူတူ* အိပ်တယ်၊ ငါ ဒီအခန်းကို ပြောင်းနေတာ လေးလ ငါးလလောက်တော့ ရှိသွားပြီ ခိုင်ထွန်း"

သူ့စကားကြောင့်ပင် ခိုင်ထွန်း ခေါင်းခါ၏။

သွေးအေးလာသောသူနှင့် ပွင့်တို့၏ဆက်ဆံရေးကို သူသာ အသိဆုံးဖြစ်၏။

"မင်းတို့ကိစ္စက ငါ ထင်ထားတာထက်တောင် ဆိုးနေ



www.burmeseclassic.com

www.burmeseclassic.com



သေးတာပဲ၊ ဒီလောက်ထိတော့ မဖြစ်သင့်ဘူး ထင်တာပဲ"

"ကဲပါကွာ၊ ပွင့်အလာကို မင်းစောင့်နေပါ။ ငါ အဝတ်အစား လဲပြီးတာနဲ့ ပြန်ထွက်လာမှာပါ"

ဧည့်ခန်းဆီမှာ ခိုင်ထွန်းကို ဒီအတိုင်း ထားခဲ့မိသည်။ ပွင့်သဘောထားကို သိထားသဖြင့် အဆင်ပြေအောင် ခိုင်ထွန်း ဆက်ဆံနိုင်မှာ သေချာ၏။

အခန်းဆီသို့ လာရင်းကပင် သူ့အသုံးမကျမှုတွေကို သူမြင်လာသည်။ တကယ်ဆို ခိုင်ထွန်းက သူ့ဧည့်သည်။ ဒီအိမ်မှာက သူ အိမ်ထောင်ဦးစီး ဖြစ်သည်။ သူ့မျက်နှာထက် ပွင့်မျက်နှာကို ကြည့်ပြီး နေရထိုင်ရတာ သူ့ညံ့ဖျင်းမှုကြောင့်ဆိုတာ အရမ်းထင်ရှားနေသည်ပဲ။

▶▶

သူအဝတ်အစားလဲပြီး ပြန်ထွက်လာတော့ ဧည့်ခန်းထဲမှာ





မြင့်နှင့်ခိုင်ထွန်းတို့ စကားကောင်းနေကြ၏။

သူ့အနားရောက်လာသည်နှင့် ခိုင်ထွန်းက လှမ်းခေါ်၏။

"ဖိုးအောင် လာလေကွာ၊ ငါတို့ သုံးယောက်ဆုံပြီး စကားမပြောဖြစ်တာ နှစ်တွေမှ မနည်းတော့ပဲ"

ခိုင်ထွန်းအနားတွင် သူ ဝင်ထိုင်လိုက်၏။ သားနှင့်သမီးကိုတော့ အရိပ်ယောင်မျှပင် မမြင်ရပေ။ ခိုင်ထွန်း စားဖို့သောက်ဖို့အတွက် အဒေါ်ကြီးက လာချပေးပြီး ပြန်ထွက်သွား၏။

"ကိုခိုင်ထွန်းသာ အများကြီး ပြောင်းလဲသွားတာ၊ ကိုအောင်တို့များကတော့ အရင်အတိုင်းပါပဲ၊ မိဘကသာ ချမ်းချမ်းသာသာ မဖြစ်ခဲ့ဘူးဆိုရင် အခုချိန်လောက်ဆိုရင် ကျွန်မတော့ ဒုက္ခတွေ့မှာ သေချာတယ်"

"ပွင့်ကလည်းကွာ မဖြစ်တဲ့ကိစ္စကို ဘာလို့များ ရေကြီးခွင်ကျယ် လုပ်ပြီး ပြောရတာတုန်း၊ အခုလည်း ကိုအောင်ပဲ အလုပ်တွေ လုပ်နေရ တာပဲ မဟုတ်လား"

"ရေကန်အသင့် ကြာအသင့် ရှိပြီးသားကို ဦးစီး ရတာ



www.burmeseclassic.com

www.burmeseclassic.com



များ၊ ဒီလောက်မှ မလုပ်ချင်ရင်လည်း ပွင့်နဲ့ နေရာ လဲလိုက်ရုံပဲ ကိုအောင်"

"ကိုအောင်က လူညံ့လုံးလုံး ဖြစ်နေသလိုပဲ၊ ပွင့်စကား တွေက တရားလွန်လွန်းတယ်"

သူ့မာနကို ထိပါးသည့်စကားမို့ ဝင်ပြောဖြစ်သည်။ ပြော လိုက်မိပြီးမှ မှားသွားမှန်း ချက်ချင်း သိလိုက်ရသည်။

"ဒီလို ရန်စကားကိုတော့ မသင်ရဘဲ တတ်မြောက် တယ် ကိုခိုင်ထွန်းရေ၊ ပင်နီတိုက်ပုံကို အခုထိ မချွတ် ဘူး၊ တကယ့်ကို တောသားကြီး ကျနေတာပဲ၊ သူနဲ့ ပွဲထုတ်ဖို့ အမြဲရှက်ရဘာယ်၊ ဘယ်နေရာဖြစ်ဖြစ် ဒီတိုက် ပုံကို ချွတ်ချင်တာ မဟုတ်ဘူး၊ နေတာထိုင်တာက လည်း ကုမ္ပဏီ အကြီးအကဲရုပ် မပေါက်ဘူး"

ပွင့်က ဒလစပ် မာနကိုထိပါးလာသော်လည်း သူ နှုတ်ပိတ် ထားလိုက်ရသည်။

ခိုင်ထွန်းကတော့ ကြားဝင်ဖျန်ဖြေရေးကို ဝင်လုပ်တော့ "ဒီလိုပေါ့ ပွင့်ဖြူစိုးရယ်၊ ဖိုးအောင် အနေအထိုင်နဲ့





စိတ်ဓါတ်ကို ငါတို့ အသိဆုံးပဲဟာ၊ စိတ်တိုင်းမကျ ဖြစ်နေလည်း ပြဿနာတွေပဲ ဖြစ်လာမယ်၊ ငါ ရှိနေ တုန်းမှာ ဖိုးအောင်ကို ကြည့်ပြောပါ့မယ်"

"ကိုခိုင်ထွန်း သူငယ်ချင်းကတော့ တကယ့်ကို စံနမူနာ ပဲ၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် မာနမရှိဘူး၊ မတိုက်တဲ့ကိစ္စ ဆိုရင်တော့ ထားလိုက်တဲ့မာန၊ သူ့တစ်ယောက်ကည်း အလိုဆိုရင် ဝေသန္တာရာလို ဇနီးတွေ သားသမီးတွေ တောင် လှူချင်လှူနေဦးမှာ"

"ကဲ . . . ဖိုးအောင် ပွင့်ဖြူစိုးကတော့ မင်းရဲ့ ဂုဏ်ပုဒ်တွေကို ချီးမွမ်းနေပြီ"

"ဟုတ်တယ် ခိုင်ထွန်း၊ သူနဲ့ငါ ညားပြီးမှ ငါ့ဘဝက လူရာမဝင်တော့တာပဲ"

"ဘာပြောတယ် ကိုအောင်"

"ရှင်းပါတယ် ပွင့်၊ ကိုအောင်ဟာ အရင်ကတည်းက နေတတ်သလို နေလာခဲ့တောင်ပဲ၊ ဒါတွေကို ပွင့် သိနေတာပဲ၊ ကိုအောင်နဲ့ ပွင့်ကြားမှာ ချစ်ခြင်းမေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



သာ မရှိခဲ့ဘူးဆိုရင် ကိုအောင်ဒီအိမ်ပေါ်မှာ မရှိတော့ဘူး မှတ်ထားပါ"

"တွေ့လား ကိုခိုင်ထွန်း၊ ဒီစကားပဲ အမြဲပြောတာ၊ သူ့ကိုတော့ ဘယ်တော့မှ အောက်ကျို့မခံဘူး၊ တလေးနှစ်ယောက်ရဲ့ ရှေ့ရေးရှေ့ရာကိုလည်း သူ စဉ်းစားတာ မဟုတ်ဘူး၊ သူ ရှိနေလည်း ယောကျ်ားတစ်ယောက်လို့ အမည်ခံပေးရုံက လွဲပြီး ဘာမှ ထူးလာတာ မဟုတ်ဘူး"

"စော်ပါတော့ ပွင့်ဖြူစိုးရယ်၊ နင်တို့နှစ်ယောက် ဆုံခဲ့ကြတုန်းက ငါ့ပါ ဒီကိစ္စမှာ ပါဝင်ခဲ့တယ်၊ ငါ စေ့စပ်ပေးချင်တယ် ပွင့်ဖြူစိုး၊ ကလေးတွေလည်း ရှိနေကြသေးတယ်၊ နင် သူ့အပေါ် စိတ်တိုင်းမကျတာကလွဲလို့ ပြတ်နိုင်မှာလည်း မဟုတ် ဘူး၊ နင်တို့ နှစ်ယောက်ကြားမှာ နားလည်ပေးနိုင်မယ့်တစ်ယောက်မှ မရှိလို့ ဒီအခြေအနေတွေ ရောက်ကုန်ကြတာ၊ ဒီမှာရှိတုန်း အဲဒီတာဝန်ကို ငါ ယူမယ်၊ နင်ရော ဖိုးအောင်ပါ ငါ့ကို





အသိအမှတ်ပြုသေးတယ် ဆိုရင်ပေါ့"

ခိုင်ထွန်းကတော့ ပွင့်ကို အကဲခတ်၍ စိန်ခေါ် လိုက်၏။

ခိုင်ထွန်းအပေါ် ထားသော ပွင့်သဘောထားကို သိလို၍ သူ နားထောင်မိသည်။

ပွင့်ကို လှမ်းကြည့်ဖြစ်သည်။ တစ်ချိန်တုန်းကတော့ ပွင့်ပါးပြင်မှာ သနပ်ခါးနံ့သင်းသင်းတွေ ရှိခဲ့သည်။

အခုတော့ ရောင်စုံအချယ်အသမှုန်းက နေရာယူနေ၏။

ပွင့်၏မျက်ဝန်းနက်လေးမှာလည်း ပြုပြင်မှုများကြောင့် ဆေးသိမ်နေ၏။

ထိုအချိန်က ပကတိ ဝင်းစို၍ သူ မြတ်နိုးရသော နှုတ်ခမ်းထက်မှာ ဆေးသားတို့က အထင်းသား နေရာယူနေ၏။

ပွင့်ဆံကေသာတို့သည်လည်း အတွန့်အလိမ်များဖြင့် မွမ်းမံသား၏။

တစ်ချိန်က ခိုင်ထွန်း စကားနှင့် ပြောရပါလျှင် ပွင့်တစ်ယောက်က သူများတွေလို ဝတ်ကောင်းစားလှ အဖြင်အဆင် အနှယ်အသများဖြင့် လှပနေသည်ပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



"အသိအမှတ်ပြုပါတယ် ကိုနိုင်ထွန်း၊ ကိုနိုင်ထွန်းပဲ သူ့ကို ပြောပါ။ ကျွန်မကတော့ သူ့ကို အားမရတာ သေချာတယ်"

"ဟုတ်ပါပြီလေ၊ ဒီမှာ ငါရှိတုန်း ဒီကောင်ကြီးကို ငါနဲ့ တွဲခွင့် နိုင် ပေးလား"

"ပေးပါတယ်"

"ကြားတယ်နော် ဖိုးဓောင်၊ ဒီနေ့တော့ မင်းကို ငါ မခေါ်တော့ဘူး၊ နောက်နေ့ ညဘက်တွေဆိုရင် ငါ လာခေါ်မယ်၊ မင်းကို ဘဝပြောင်းအောင် ငါ လုပ်ပေးမယ်"

နိုင်ထွန်း စကားကြောင့်ပင် သူ မဲ့ပြုံးပြုံးမိသည်။

ပွင့်ကတော့ ဘာစကားမှ မမှာပေ . . .။

▸▸

နိုင်ထွန်း ပြန်သွားပြီးနောက် အခန်းထဲဝင်ကာ နိုင်ငံခြား





ဓွှဇင်းတစ်အုပ်ကို ဖတ်နေခဲ့သည်။

သူ့တံခါးကို အသိပေး ခေါက်သံကြောင့်ပင် လှမ်းအသံပြုလိုက်၏။

"ဘယ်သူလဲ ဝင်ခဲ့လေ၊ တံခါးစေ့ထားတယ်"

"မဝင်တော့ပါဘူး၊ ဆရာ့ကို ခေါ်ခိုင်းလိုက်လို့ပါ"

အိမ်မှာ အလုပ်လုပ် နေသော အဒေါ်ကြီးအသံကို သဲကွဲစွာ ကြားရ၏။

ပွင့်အခေါ်ရှိသည်ကို သိလျက်နှင့်ပင် မေးလိုက်သည်။

"ဘယ်သူ အခေါ်ခိုင်းတာလဲ အဒေါ်ကြီး"

"ဆရာ့အမျိုးသမီး ပွင့် ခေါ်ခိုင်းတာပါ"

မဂ္ဂဇင်းစာအုပ်ကို အသာချပြီး ပွင့်ရှိရာသို့ ထွက်လာခဲ့သည်။

စောစောက နိုင်ထွန်းရှေ့မှာ ပြောခဲ့သော စကားများအတွက် သူ့ကို အပြစ်တင်ဖို့ပဲဖြစ်မှာ သေချာ၏။

သူ့အနားသို့ရောက်တော့ တီဗွီခလုတ်ကို ပိတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ရင်းကပင် ပွင့် ပြော၏။

"နောက်တစ်ခါ ကိုခိုင်ထွန်းရှေ့မှာ ပွင့်နဲ့ကိုအောင်တို့ ရန်ဖြစ်ပြဖို့ မကောင်းဘူးထင်တယ်၊ ပွင့်နဲ့ ကိုအောင် အဖို့က ဒီလိုတကျက်ကျက်ဖြစ်တာ ရိုးအီးနေပေမယ့် ကိုခိုင်ထွန်းအနေနဲ့ဆိုရင် အနေစားကျပ်မှာ သေချာတယ်"

ခိုင်ထွန်းရှေ့ကျရင် ရန်မဖြစ်ဖို့ ပွင့်ကပင် စတင်ပြီး ငြိမ်းချမ်းရေး ယူလေသည်။

"ကောင်းတာပေါ့ ပွင့်ရယ်"

သူ့ဖက်ကလည်း လက်ခံကြောင်းကို ပြသလိုက်၏။

စစ်ပြေငြိမ်းအေးခြင်း အရိပ်လက္ခဏာကို ပြသနေပုံကို ထောက်ရှုခြင်းဖြင့် ပွင့်မှာ ပြောစရာ ရှိနေတာ သေချာနေ၏။

"ကိုအောင့်ကို တိုင်ပင်စရာ ရှိတယ်"

တကယ့်တော့ တိုင်ပင်သည်ဆိုသည်ထက် လုပ်ပြီးသား ဆုံးဖြတ်ပြီးသားကိစ္စတစ်ခုကို သူ့အား အသိပေးလိုက်ခြင်းသာ ဖြစ်ကြောင်းကို သူ သိနေ၏။





"ပွင့်က ဘာအသိပေးချင်လို့လဲ"

တကယ်တမ်းမှာတော့ သူနှင့်ပွင့်တို့၏ စကားလုံးများသည် တစ်ဦးနှင့်တစ်ဦး အချိတ်လေးတွေ ဖြစ်နေကြ၏။ ဒါတို့ သူရော ပွင့်ပါ စိတ်ထဲက သိနေကြပြန်၏။

"ဒီလိုပါ ကိုအောင် . . . သမီးမြတ်မွင့်ဝေရဲ့ကိစ္စပါ။ သမီးက ဒီနှစ် ရှစ်တန်းအောင်ပြီးသားဆိုတော့ အပျိုဖြစ်ပြီလို့ ပြောလို့ရတယ်၊ သူ့သူငယ်ချင်းတွေ တော်တော်များများကလည်း ဒီနေ့ ခေတ်စားနေတဲ့ မော်ဒယ်သင်တန်းတွေ တက်နေကြတယ်၊ သမီးက လည်း တက်ချင်နေတော့ ပွင့်လည်း ခွင့်ပြုလိုက်တယ်"

"ကိုအောင်တော့ သဘောမကျချင်ဘူး ပွင့်"

"ဘာဖြစ်လို့လဲ ကိုအောင်"

"ပွင့် စဉ်းစားကြည့်လေ၊ သမီးလေးက ငယ်သေးတယ်၊ ပညာရေးကို အားလျော့မှာ စိုးရတယ်၊ ကိုအောင်တို့က သမီးမိန်းကလေး မွေးထားတာ၊ မျက်စိပွင့် နားပွင့်တယ် ဆိုပေမယ့် အဲလိုနည်းလမ်းမျိုးနဲ့တော့ မဖြစ်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကိုအောင့်ကို ဘာမှ အသိမပေးချင်တာ၊ ဒါ ခေတ်ရေစီး၊ ခေတ်ရဲ့တောင်းဆိုမှုပဲ၊ ဒီသင်တန်းတက်ပြီး အနုပညာလောကမှာ သမီးအာနေနဲ့ အများကြီး ခြေချလို့ ရနေတာပဲ၊ ပွင့်တို့ကလည်း သမီး ဖြစ်ချင်တာကို ပံ့ပိုးပေးနိုင်တာပဲ"

ပွင့်ကို ကြည့်ရင်ကပင် သမီးလေး မြတ်ပွင့်ဝေအတွက် ရင်လေးမိရပြန်သည်။

မိခင်ဖြစ်သူက ကဲပြနေမှတော့ ခြေလှမ်းတွေ ကွဲကုန်တော့မှာ သေချာနေ၏။

"မဟုတ်သေးဘူး ပွင့်၊ ဝါသနာ တကယ်ပါတာနဲ့ ခေတ်စားလို့ လူသိသူသိဖြစ်အောင် လိုက်လုပ်တာနဲ့က အများကြီး ကွာပါတယ်၊ မြတ်ပွင့်ဝေဟာ ကိုယ့်သွေး ကိုယ့်သမီးပါ၊ သူ့ဝါသနာရဲ့ ထက်သန်မှုကို ကိုအောင် အသိဆုံးပဲ၊ ကိုအောင့် သဘောကတော့ သမီးလေး လမ်းလွဲသွားမှာကို စိုးတယ်"

"ဒါကြောင့် သမီးမြတ်ပွင့်ဝေက ပြောတာ ဖေဖေ့ကို





အသိပေးရင် ဖျက်မှာပဲတဲ့၊ မရဘူး ကိုအောင်၊ သမီးလေး ဖြစ်ချင်ရာကို မရရအောင် လုပ်ပေးမှာပဲ၊ ပွင့်အနေနဲ့ကတော့ အဲဒီကိစ္စအတွက် ကိုယ်ဖို ရင်ဖို လိုက်လုပ်ပေးမှာပဲ"

ပွင့်စကားကြောင့်ပင် သူ ဒေါသထွက်သွားမိသည်။

ပွင့်နှင့် စကားဖြတ်ဖို့ ပြင်ဆင်လိုက်၏။

"ဒါဆိုလဲ ပြီးတာပဲ၊ နောက်တစ်ခါ သားကိစ္စပဲဖြစ်ဖြစ် သမီးကိစ္စပဲဖြစ်ဖြစ် ကိုအောင့်ကို ဘာမှလာ အသိမပေးနဲ့၊ ပွင့်သဘောနဲ့ ပွင့်ပဲလုပ်၊ ကိုအောင် တစ်ခုတော့ ပြောထားချင်တယ်၊ ပွင့်ကိုလည်း လစ်လျူရှုထားတယ်၊ အခု သားနဲ့သမီးကိုပါ ကိုအောင် လစ်လျူရှုရတော့မယ်၊ ဒီလိုသဘောထားရတဲ့ တရားခံဟာ ပွင့်ပဲ"

စကားဆုံးသည်နှင့် သူ ထိုင်ရာမှ ထထွက်လာခဲ့သည်။

ပွင့်တစ်ယောက်ကတော့ မရေမရာစကားတွေဖြင့် ပြန်လည်ထိုးနှက်ရင်းက နေရာမှာကျန်ရစ်ခဲ့၏။

ဒီမိသားစု၊ ဒီအသိုင်းအဝိုင်းမှာ ဘယ်သူကမှ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အလေးထားနေရာ မပေးကြတော့ပေ။

မိသားစုမှာ ဦးစီးဦးဆောင် ဖြစ်နေပါလျက် သူ့အဖို့ကတော့ ရေငုံနှုတ်ပိတ်ဘဝဖြင့် သက်ရှိရုပ်ထု ဖြစ်နေရသည်။

အတိတ်တကာလတုန်းက သူ့အပေါ် နားလည်လွန်းခဲ့သော ပွင့်သည် လူ့စိတ်ပျောက်ပြီး စိတ်ထင်ရာတွေကို လျှောက်လုပ်နေ၏။

သူမြတ်နိုးရသော ပွင့်သည် သူ့ရှေ့မှာ ရှိနေပါလျက် သူ့တို့ စိတ်ဒုက္ခမျိုးစုံပေးနေ၏။

ပွင့်၏ဟန်ဆောင်ခြင်းများ၊ အတ္တများသည် ဟိုတစ်ခိုန် တုန်းကတော့ ငုပ်လျှိုးနေခဲ့သည်လား မသိ။

အတိတ်က ပွင့်ကိုပင် သူ့အဖို့ အမြဲတစေ တမ်းတနေမြ ပြန်သည်။

အတိတ်မှာတုန်းကတော့ ပွင့်သည် ရိုးသားအေးဆေး အလွန်ချစ်စရာကောင်းသော ချစ်သူတစ်ဦး ဖြစ်ခဲ့သည်ပဲ . . .။

▶▶ ▶▶ ▶▶



(၄)

မြတ်နိုးဖွယ်ရာ မျက်ဝန်းနက်လေးကို "ပွင့်" ဟု ယုယစွာ ...ဖြစ်သည်။

နဖူးစာရွာလည်ပြီး သူနှင့်ပွင့်တို့ ကံ့ကော်တောမှာ ဆုံဖြစ် ...သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူခင်သူတို့၏ ဆုံဆည်ရာ ဒီနယ်မြေမှာပင် သူနှင့်ပွင့်တို့၏ အချစ်ဇာတ်လမ်းတို့ ဖြည့်စွက်လိုက်ချင်၏။

သူနှင့်ခိုင်ထွန်းက အိုကိုမှဖြစ်ပြီး ပွင့်ကတော့ မါတုဗေဒကျောင်းသူဖြစ်၏။

ကျောင်းသားရေးရာမှာ ဆုံပြီး ငါနောက်နေ့မှာပင် ပွင့်ရှိရာသို့ သူနှင့်ခိုင်ထွန်းတို့ သွားဖြစ်ကြသည်။

"ဟိုရောက်လို့ စကားပြောတာနဲ့ ပွင့်ဖြူစိုးကို ပွင့်လို့ ရဲရဲတင်းတင်း ခေါ်နော်၊ မင်းတို့နှစ်ယောက် မြန်မြန်နီးစပ်အောင် အခြေအနေကြည့်ပြီး ငါ လုပ်ပေးမယ်"

ပွင့်ကို လူပျိုလှည့်ဖို့ တမင်လာခဲ့ခြင်း ဖြစ်၏။ ခိုင်ထွန်းက သူ့ပင်နီတိုက်ပုံကို ပြဿနာရှာသော်လည်း မချွတ်ပဲ ဝတ်လာခဲ့သည်။

"အေးပါကွာ၊ ငါ အဲဒီလောက် သတ္တိရှိအောင်တော့ ကြိုးစားထားပါတယ်"

ပွင့်တို့ စာသင်ခန်းရှေ့ကိုရောက်တော့ အတန်းထဲမှာ ဆရာဝင်နေ၏။





ပြတင်းပေါက်များမှနေပြီး ပွင့်ကို ရှာကြရသည်။

မျက်လုံးကို သိပ်မကစားလိုက်ရပေ။ စတုတ္ထမြောက်ခုံတန်း၏ ဘယ်အစွန်မှာ ထိုင်နေသော ပွင့်ကို သူ ပထမဆုံး မြင်၏။

"ဟိုမှာ ခိုင်ထွန်း"

"မင်းက အဓော်လေးကို ဓာတ်ကြွနေတယ်၊ မင်းပြမှ ငါ တွေ့တာ၊ နေဦးကွာ၊ ငါတို့ ရောက်နေတာကို ပွင့်ဖြူစိုး သိအောင် လုပ်ရမယ်၊ ရှေ့ပြတင်းပေါက်နားကနေပြီး မင်း လှုလှုံးပြလိုက်၊ သူ လှည့်ကြည့်ရင် ပြုံးပြလိုက်"

ခိုင်ထွန်း၏ ညွှန်ကြားချက်အတိုင်းပင် သူ ပြုမူလိုက်သည်။

စာသင်ရာကို အာရုံစိုက်နေရာမှပင် အပြင်ဆီသို့ ပွင့် ငေးစိုက်ငေးကြည့်၏။

ပွင့်မျက်လုံးများက သူ့ကို မြင်တွေ့သွား၏။

ပွင့်မြင်သာအောင်ပင် သူ ပြုံးပြလိုက်၏။

သူ့အပြုံးနှင့်သူ့ကို တွေ့တော့ ချက်ချင်းပင် ပွင့် မှတ်မိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ပွင့်တို့ မျက်လုံးချင်းဆုံပြီး ရင်ခုန်နေစဉ်မှာပင် နိုင်ထွန်းက အတန်းပြီးသည်အထိ စောင့်နေမည်ဖြစ်ကြောင်း လက်ဟန်ပြဖြင့် လှမ်းပြ၏။

ပွင့် ခေါင်းညိတ်ပြသည်ကို မြင်၏။

▶▶

ဆရာ ထွက်သွားသည်နှင့် စာအုပ်များကို သိမ်းဆည်းပြီး ပွင့် ထွက်လာသည်။

သူ တစ်ယောက်တည်းသာ ဆိုပါလျှင် ပွဲက စည်မှာ မဟုတ်ပေ။

အာသွက်လျှာသွက်သော နိုင်ထွန်းကိုပင် ကျေးဇူးတင်ရမည်လေ။

"ကျွန်တော်တို့ တစ်နေရာရာမှာ တစ်ခုခု သွားစားရင်း စကားပြောကြရအောင်"

"ဒါဆိုရင်တော့ အတော်ပဲ၊ ကျွန်မလည်း ဆာနေတာ"





"ဒကာတော်ရဲ့ အလိုပြည့်သွားတာပေါ့ဗျာ၊ ကျွန်တော်တို့တွေ ခင်တဲ့မင်တဲ့ အထိမ်းအမှတ်အနေနဲ့ ဖိုးအောင်က ကျွေးမှာမွေးမှာ"

နိုင်ထွန်းကတော့ တည့်တည့်ကြီးကြီးပင် ဖြတ်ချလိုက်၏။

ပါးချိုင့်လေး ပေါ်အောင်ပြုံးရင်းကပင် ပွင့် ပြော၏။

"တစ်ယောက်တည်းတော့ အကုန်အကျမခံပါနဲ့ ခင်မင်မှုကို ကြိုဆိုတဲ့အနေနဲ့ သုံးယောက်စလုံး မျှဝေခံကြတာပေါ့"

"ရပါတယ် ပွင့်ရယ် ဒီနေ့တော့ ကျွန်တော့် တာဝန်ထား လိုက်ပါ"

အခွင့်ကိုစောင့်ရင်းက "ပွင့်" ဆိုသော ဝေါဟာရကို စတင်သုံးစွဲလိုက်၏။ တစ်ခွန်းပြောပြီးမှတော့ စိတ်ထဲမှာ ပို၍ရဲရင့်သွားမိသည်။

"ဒီကောင်ကြီးက တိုက်ပုံတွေ ဝတ်ပေမယ့် လူကရော၊ နှလုံးသားကပါ ကဗျာဆန်နေတာ၊ ပွင့်ဖြူစိုးကို ပွင့်လို့ ခေါ်လိုက်တာ ကြည့်ပါလား၊ ကျွန်တော်တောင် အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးတည်း ကွက်ခေါ်ဖို့ မစဉ်းစားဖြစ်ဘူး"

"ကျွန်တော် ပွင့်လို့ ခေါ်တာကို ကြိုက်ရောကြိုက်ရဲ့လားဟင်"

"ခေါ်လို့ရပါတယ်၊ ကျွန်မလည်း စဉ်းစားနေတာ"

"ဘာများလဲ ပွင့်ဖြူစိုး"

သူ့ကို ငဲ့ကြည့်ရင်းကပင် ပွင့် ပြောသည်။

ပွင့်စကားကြောင့်ပင် သူ့ရင် ချမ်းမြေ့ရပြန်၏။

"ကိုခိုင်ထွန်းကို ခိုင်ထွန်းလို့ပဲ ခေါ်တယ်၊ ကိုအောင်မြင့်လွင်ကိုကျတော့ ကိုခိုင်ထွန်းက ဖိုးအောင်လို့ ခေါ်တယ်၊ ကျွန်မလည်း ကိုအောင်မြင့်လွင်ကို နာမည်သုံးလုံးစလုံး မခေါ်ဘဲ ဘယ်လိုခေါ်ရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

သူ့အနေနှင့် သူကြည်နူးမှုနှင့်သူ ဖြစ်နေသော်လည်း ခိုင်ထွန်းက ဝင်ပြီးထောက်ပေး၏။

"ဒါ ခေါ်သလို ဖိုးအောင်လို့ပဲ ခေါ်ပေါ့ ပွင့်ဖြူစိုးရာ"

"အဲဒီလိုကြီးတော့ မခေါ်ချင်ပါဘူး၊ ကိုခိုင်ထွန်း





ခေါ်တာက နားမရိုင်းပေမယ့် ကျွန်မအနေနဲ့ကျတော့ ကြားရသူတွေအဖို့ နားရိုင်းသလို ဖြစ်နေမှာပေါ့"

ပွင့်၏စကားတိုင်းသည် သူ့ရင်ကို ကြည်နူးချမ်းမြေ့စေ၏။ သူ့အပေါ် တလေးတစား ဆက်ဆံလိုသော အသိလေးကိုပင် ကျေးဇူးတင်မဆုံး ဖြစ်ရသည်။

"ဖိုးအောင်လို့ မခေါ်ချင်လည်း ကိုအောင်လို့ ခေါ်လိုက်ပေါ့၊ ဘယ်သူကြားကြား နားမရိုင်းတော့ဘူးပေါ့၊ မဟုတ်ဘူးလား ပွင့်ဖြူစိုး"

"ကောင်းတယ်၊ ကောင်းတယ်၊ ကျွန်မကတော့ ကိုအောင်လို့ပဲ ခေါ်မယ်"

ကာလတိုလေးမှာ မထင်မှတ်လောက်အောင် ရင်းနှီးမှုဖြစ်နေပြန်၏။

ခိုင်ထွန်းကတော့ ကြားထဲကနေပြီး ရသမျှအခွင့်အရေးတွေဖြင့် အကျိုးဆောင်ပေးသည်။

ဒီလိုသာ နှစ်ရှည်လများ နေထိုင်သွားပါလျှင် အတော်လေးပျော်စရာ ကောင်းနေမည်။



www.burmeseclassic.com

www.burmeseclassic.com



မဝေးတော့သည့်ကာလများမှာ သူနှင့်ပွင့်တို့ ချစ်သူတွေ ဖြစ်ကြတော့မှာ သေချာနေ၏။

▸▸

ပွင့်အပေါ် မြတ်နိုးသောစိတ်သည် တစ်နေ့ထက်တစ်နေ့ ပိုပိုလာခဲ့သည်။

နှစ်ကိုယ်ချင်းရင်းနှီးကြပါသော်လည်း လက်တွေ့မှာတော့ နှုတ်က ဖွင့်မပြောဖြစ်ခဲ့ပေ။

သူ့အဖြစ်အပျက်ကို ကြည့်ပြီး ခိုင်ထွန်းကလည်း အားမလို အားမရ ဖြစ်နေခဲ့၏။

တစ်နေ့မှာတော့ ခိုင်ထွန်း၏ အစီအစဉ်ဖြင့်ပင် ပွင့်တို့အိမ်သို့ သူတို့နှစ်ဦး အလည်လိုက်သွားဖြစ်၏။

"ကျောင်းမှာ သူလိုငါလို တွေ့ကြခင်ကြပေမယ့် ပွင့်တို့က ဆင်းရဲတယ် ကိုအောင်၊ ဒါကြောင့်မို့ အိမ်အလည် ခေါ်ဖို့ ပွင့်က စ,မပြောခဲ့တာပေါ့၊ ကိုအောင်တို့က





လိုလိုချင်ချင် လိုက်မယ်ဆိုတော့ ပွင့် မခေါ်လို့မှ မဖြစ်တော့ပဲ"

ပွင့်တို့အိမ်သို့ သွားရာလမ်းခရီး လိုင်းကားပေါ်မှာပင် တီးတိုးဆိုလေ၏။

သူ့အနေနှင့်ကတော့ ပွင့်ကို အလိုက်သင့် ပြန်ပြောလိုက်သည်။

"ဘာဖြစ်လဲ ပွင့်ရယ်၊ ဆင်းရဲခြင်း ချမ်းသာခြင်းဆိုတာ ဒီလူ့လောကမှာ နှစ်ခုစလုံး ရှိနေကြတာပဲ၊ အဲဒီနှစ်မျိုးစလုံးကို မြင်နေ ကြားနေရတာပဲ ပွင့်ရယ်၊ ကိုအောင်တို့ ပွင့်တို့ရဲ့ ခင်မင်မှုကြားမှာ ဒီဝေါဟာရတွေက အတားအဆီး မဖြစ်ပါဘူးကွယ်"

သူ့စကားကို နင်းလိုက်ပြီး ခိုင်ထွန်းကလည်း အတည်ပြု ပြောဆို၏။

"ဟုတ်တယ် ပွင့်ဖြူစိုး၊ ငါတို့ ခင်ခဲ့မင်ခဲ့တာဟာ အဲဒါတွေမှ မပါဘဲ၊ မိုးကောင်းကင်တစ်ခုအောက်မှာ အတူတူနေထိုင်ကြတဲ့ လူတွေပဲဟာ၊ အားလုံးအတူတူပဲ"

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ထွန်းက သူတို့လောက် မချမ်းသာသော်လည်း ပွင့်တို့လောက်တော့ မဆင်းရဲပေ။

သူနှင့်ခိုင်ထွန်းတို့ တက်ကြွနေသလောက် ပွင့်အမူအရာကတော့ လေးလံထိုင်းမှိုင်းနေ၏။

ကားပေါ်မှဆင်းပြီး ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်းသို့ အဝင်လမ်းမှာတော့ ဖြစ်ရပ်တွေက စောစောကနှင့် ဆန့်ကျင်ဖက်ဖြစ်သွား၏။

မိုးရိပ်မကင်းသောကာလကြောင့်ပင် လမ်းလျှောက်ရတာ အတော်လေး ကသိကအောက်နိုင်လွန်းလှ၏။

ပွင့်ကတော့ သွားနေကျ လာနေကျလမ်းမို့ ခြေလှမ်းတွေသွက်နေသော်လည်း သူနှင့်ခိုင်ထွန်းတို့က ရွှံ့ဗွက်တွေကို မနည်းသတိထားနေရ၏။

သူနှင့်ခိုင်ထွန်းတို့ နှုတ်ဆိတ်နေသော်လည်း ပွင့်ကတော့ စကားတွေသွက်နေ၏။

"ဒီလမ်းကို ပြင်မယ်ပြင်မယ်နဲ့ တာစူနေတာကြာပြီ၊ ငွေတွေလည်းစုထားကြတယ်၊ ဒီနေ့အထိ မဖြစ်သေးပါ၊





ဘူး၊ ဒီရပ်ကွက်က လက်လုပ်လက်စားများတော့ လမ်းတော်တော်ဆိုးတာ"

ဝင်လာရင်းကပင် လမ်းလေးက တဖြည်းဖြည်းကျဉ်းလာသည်ဟု ထင်မိသည်။ အိမ်တွေကလည်း တစ်အိမ်နှင့်တစ်အိမ် အလွန်ကပ်ပြီး ဆူသံညံသံတွေက အဆက်မပြတ် ထွက်ပေါ်နေသည်။

သူက ဘာမှ မပြောသော်လည်း ခိုင်ထွန်းကတော့ ပွင့်ကို မေးလိုက်သည်။

"ရောက်ခါနီးပြီးလား ပွင့်ဖြူစိုး"

"ရှေ့အချိုးဆိုရင် ရောက်ပါပြီ ကိုခိုင်ထွန်းရဲ့"

ပွင့်ညွှန်းသော ရှေ့အချိုးကို လှမ်းမျှော်ရင်းကပင် ခိုင်ထွန်းပြော၏။

"ဒီလိုမှန်း ဝေးမယ်သိရင် လမ်းထိပ်ကတည်းက ဆိုက်ကား စီးလာပါတယ်ဟာ"

"ကျွန်မလည်း သတိရသေးတယ်၊ ဒါပေမယ့် ဆိုက်ကားစီးရင် ပိုပြီး ဒုက္ခရောက်မှာစိုးလို့ တမင်လမ်းလျှောက်တာ၊ လမ်းလျှောက်တာက ခြေထောက်ညောင်းရုံပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ၊ ဆိုက်ကားက ဒီလမ်းနဲ့ဆို ကိုယ်တွေလက်တွေ နာမှာ သေချာတယ်"

ပွင့်ပြောတာက သဘာဝကျ၏။ ဒီလောက် ချိုင့်တွေခွ တွေ ရှိနေသော မညီမညာလမ်းပေါ်မှာ ဆိုက်ကားစီးရင်တေ အတော်လေးရုပ်ပျက်မှာ သေချာ၏။

▸▸

ပွင့်တို့အိမ်မှ ပြန်ထွက်ခဲ့ပြီး လမ်းတစ်လျှောက်လုံး ခိုင်ထွ နှုတ်စောင့်စည်းရလွန်း၏ ထင်၏။

အအေးဆိုင်သို့ ဝင်ထိုင်မိသည်နှင့် ကြုံခဲ့ဆုံခဲ့သမျှတွေ ခိုင်ထွန်း မနားတမ်းပြောတော့သည်။

"ငါဖြင့်ကွာ အသက်ရှူတာရော စကားပြောတာရေ မနည်းအောင့်အီးထားရတာ၊ ဒီကြားထဲ ဘေးအိမ်က ရန်ထဖြစ်တော့ နားပါ မခံသာအောင် ဖြစ်ရတာ"

ခိုင်ထွန်းကတော့ ပွင့်တို့အိမ်ကို လိုက်လည်မိသည့်အ





မသက်မသာဖြစ်နေပုံပင်။

ခိုင်ထွန်းနေရာမှာ သူဆိုရင်လည်း ဒီလိုပဲ ပြောမိသည်သာ ပင်။

ပွင့်မျက်နှာကြောင့်ပင် ပွင့်နှင့်ပတ်သက်သောသူ ဖြစ်ခြင်း ကြောင့်ပင် ကြုံခဲ့ဆုံခဲ့ရသမျှတွေကို လစ်လျူရှုထားမိသည်။

"မင်းပဲ လိုက်လည်ချင်တယ်ဆို ခိုင်ထွန်း"

"ဟုတ်တယ်လေ ပွင့်မိသားစု အခြေအနေကို သိချင်လို့ ငါပဲ စီစဉ်ခဲ့တာ"

"အခုသိရပြီပဲ ခိုင်ထွန်းရာ"

ပွင့်တို့၏ အနေအထိုင်ကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ် မိသည်။

ဒီအခြေအနေမှ ကင်းလွတ်အောင် သူ့အပေါ်မှာ တာဝန် တွေ ရှိနေပြန်၏။

"မင်း အဖြေမကောင်းမိတာ မဆိုးဘူး၊ ဆုတ်တာ တက်သာတာပေါ့၊ မင်း စိတ်ပျက်သွားပြီ မဟုတ်လား မိုးအောင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုထင်ထဲ ခိုင်ထွန်း"

"ဒီနေ့ကြုံခဲ့ဆုံခဲ့တဲ့အရာတွေကို ခြုံကြည့်ပြီး မင်းစိတ်ပျက်သွားပြီလို့ ငါထင်တာပဲ ဖိုးအောင်"

"စိတ်မကောင်း ဖြစ်မိတာပါ။ ငါ ပိုပြီး ကိုယ်ချင်းစာသနားမိတယ်၊ ငါ ပွင့်ကို ဖွင့်ပြောတော့မယ်၊ ဒီနေ့ဒီကိုသာ လိုက်မလာဖြစ်ရင် ငါ တော်တော်နဲ့ ပြောဖြစ်ဦးမှာမဟုတ်ဘူး"

"တစ်ဘဝလုံးကိစ္စအတွက် စဉ်းစားပြီးမှ ပြောတာလား ဖိုးအောင်"

"ဟုတ်တယ် ခိုင်ထွန်း၊ ပွင့်တာဝန်တွေကို ငါ ယူချင်တယ်၊ ဒီအနေအထားကနေ ပွင့်ကို ဆွဲထုတ်ပေးချင်တယ်"

"ပွင့်အခြေအနေကိုသာ အမှန်အတိုင်း သိရရင် မင်းမိဘတွေက သဘောတူပါ့မလား"

"တူရမှာပေါ့ ခိုင်ထွန်းရာ၊ သူတို့မှာ ဒီသားတစ်ယောက်ပဲ ရှိတာ၊ ပွင့်မှာက ဆင်းရဲတာတစ်ခုပဲ ရှိတာ၊





ကျန်တာတွေနဲ့ ပြည့်စုံနေတာပဲ၊ ငါနဲ့ လက်ထပ်ဖြစ်ရင် အဲဒီဆင်းရဲခြင်းက အလိုလို ပပျောက်သွားမှာပဲဥစ္စာ"

"မင်းကိုတော့ ငါ တကယ်လေးစားသွားပြီ ဖိုးအောင်၊ မင်းတို့ကိစ္စ အဆင်ပြေပါစေလို့ ငါ တကယ် ဆုတောင်းတယ်"

ခိုင်ထွန်းကတော့ သူ့ကိုချီးကျူးနေပြန်၏။ သူ့နေရာမှာ ခိုင်ထွန်းသာဆိုရင် ဒီလို စဉ်းစားမှာ မဟုတ်ဘူး . . . ဟု ခိုင်ထွန်းပြောသည်။

ပွင့်ကို ချစ်မြတ်နိုးမိခြင်းသည် မည်သည့်အကြောင်းကြောင့်မျှ ပျက်ပြယ်သွားနိုင်စရာ အကြောင်းမရှိပေ။

သူ့ရင်ထဲက ချစ်ခြင်းများဖြင့် ပွင့်အတွက် အိပ်မက်လှလှလေးတွေကို သူအစဉ် ဖန်တီးပေးချင်သည်ပဲ။

▶▶

ပွင့်အား သေတပန်သက်တဆုံး ပေါင်းဖော်ဖို့ သူ့ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဖွင့်ပြောဖို့ကြပြန်တော့ အရင်အတိုင်း နှုတ်လေးနေပြ၏။

သူ့သံယောဇဉ်ကို မွှင့်က သိနေသလို မွှင့်၏မေတ္တာတရားကိုလည်း သူ့စိတ်ထဲမှာ အလိုလို သိနေ၏။

သူတို့ ဒုတိယနှစ်စာမေးပွဲ ဖြေခါနီးသောအခါ ခိုင်ထွန်းတစ်ယောက် မိဘတွေနှင့် နိုင်ငံခြားလိုက်သွားဖို့ ကြုံလာ၏။ ခိုင်ထွန်းကတော့ နိုင်ငံခြား မသွားခင် သူနှင့်မွှင့်တို့အား ချစ်သူအဖြစ် မြင်ချင်သည်ဟု ဆို၏။

ဖြစ်ရစေမည် . . . ဟုလည်း ခိုင်ထွန်းအား ကတိပေးဖြေပြန်သည်။

ဖြစ်မည်ဖြစ်တော့လည်း ချစ်သူဘဝစာင်မကပဲ တစ်ဆင့်တက်ကာ လက်ထပ်မှီအထိပင် သူ မွှင့်ပြောဖြစ်သည်ပဲ . . .။

"ဒီနှစ်စာမေးပွဲပြီးလို့ နောက်နှစ်တက်ရင် ခိုင်ထွန်းတစ်ယောက်ကတော့ လျှော့သွားမှာ သေချာနေပြီ မွှင့်"

"ဟုတ်တယ်နော်၊ စာမေးပွဲပြီးတာနဲ့ သူ့မိဘတွေနောက်ကို ခိုင်ထွန်း လိုက်သွားတော့မှာပဲ"





ကံ့ကော်ရိပ်မှာ နှစ်ယောက်သား ထိုင်ရင်းက ခိုင်ထွန်းအကြောင်းကို ပြောဖြစ်ကြသည်။

သူ့အနေနှင့် မွှင့်အား တရားဝင် ချစ်ရေးဆိုချင်နေပြီ။ တစ်နေ့တစ်နေ့ ဒီအခွင့်အရေးကို ရအောင် သူအမြဲတမ်း ကြိုးပမ်းခဲ့သော်လည်း အထမြောက်ခြင်း မရှိခဲ့ပေ။

"ကိုအောင့်ကို မွှင့် ပြောစရာတစ်ခု ရှိတယ်"

"ပြောလေ မွှင့်"

"ဒီလို ကိုအောင်၊ ဒီစာမေးပွဲပြီးလို့ရှိရင် မွှင့်လည်း ခုနကျောင်းဆက်တက်ဖြစ်မယ် မထင်ဘူး။ မွှင့်တို့ မိသားစုအခြေအနေကြောင့်ပဲ မွှင့် အလုပ် ထွက်လုပ်ရလိမ့်မယ်"

မွှင့်စကားကြောင့်ပင် သူ ထူပူသွားသည်။ မွှင့်ကိုတော့ သူနှင့်ဝေးဝေးမှာ မလာနိုင်။ မွှင့်ကို စိုက်ကြည့်ရင်းကပင် သူ့နှလုံးသားက အလိုလို တောင်းဆိုတော့၏။

"မွှင့် ကျောင်းမထွက်ရဘူး၊ ကိုအောင်နဲ့ ဝေးသွားလို့ လုံးဝ မဖြစ်ဘူး မွှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်လည်း ဒီကျောင်းနဲ့ ဘယ်ခွဲချင်ပါ့မလဲ၊ အခြေအနေကြောင့်သာပါ"

"အဲဒီအခြေအနေကို ကိုအောင် ရအောင် ပြောင်းလဲပေးမယ်၊ ပွင့်နဲ့ ဝေးရမှာကို ဘာကြောင့် ကိုအောင်မလိုလားတာလဲ သိလား ပွင့်"

ပွင့် မဖြေ။

ပွင့် သိနေခဲ့သော်လည်း အပြောရခက်နေသည် ထင်၏။ ငုံ့သွားသော ခေါင်းလေးကို ပြန်မော့စေပြီးမှ တီးတိုးဖွ သူ ပြောလိုက်သည်။

"ကိုအောင် ပွင့်ကို ချစ်နေလို့ပဲ။ ကိုအောင်က ချစ်တာတစ်ခုတည်းနဲ့ ပွင့်အနားမှာ နေမှာ မဟုတ်ပါဘူး၊ ပွင့်ဘဝကိုပါ ကိုအောင် ပြောင်းပေးချင်တယ်၊ ကိုအောင်ပွင့်ကို လက်ထပ်မယ်"

သူ့စကားကြောင့်ပင် ပွင့်ကိုယ်လေး ဆတ်ခနဲ လှုပ်ရှားသွားတာကို သတိထားမိလိုက်သည်။

"ကိုအောင် ပွင့်ကို ချစ်တယ်ဆိုတဲ့အထိ ပွင့် နားထောင်





လို့ ရသလို အဲဒီအခြေအနေကိုလည်း ပြန်ဖြေလို့ရတယ်၊ ဒါပေမယ့် လက်ထပ်မယ်ဆိုတဲ့ စကားကိုတော့ ပွင့် ငြင်းရလိမ့်မယ် ကိုအောင်"

"ဘာလို့ ငြင်းရမှာလဲ ပွင့်"

"အခုနေ လက်ထပ်ဖြစ်ရင် ကိုအောင်ရော ပွင့်ရော ဒုက္ခရောက်ကုန်မှာပေါ့၊ လက်ထပ်ဖို့ဆိုတာ နှစ်တွေ အများကြီး စောင့်ရဦးမယ် ကိုအောင်၊ ပွင့်တို့ ဘဝကို ပွင့်တို့ ရုန်းကန်ရဦးမယ်၊ ကိုအောင်က ဘွဲ့ရအောင် ကျောင်းဆက်တက်၊ ကိုအောင် ဘွဲ့ရတာနဲ့ အဲဒီကိစ္စကို စဉ်းစားကြတာပေါ့၊ ဒီကြားထဲမှာတော့ အလုပ်လုပ်ရင်းနဲ့ အိမ်က အခက်ခဲကို ပြေလည်အောင် ကြိုးစားဖို့ ပွင့်မှာ တာဝန်ရှိနေတယ် ကိုအောင်ရယ်"

သူ့ဆုံးဖြတ်ချက်၊ သူ့စကားများကို ပွင့်နားလည်အောင် သူ ပြောပြမိသည်။

"ဒီမှာ ပွင့်၊ ပွင့် ကျောင်းထွက်စရာ မလိုဘူး၊ ပွင့် အိမ်ကလူတွေအတွက်လည်း စိုးရိမ်စရာ မလိုဘူး၊ တစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုတယ်၊ ကိုအောင့်ကို ပွင့် လက်ထပ်မှ ဖြစ်မယ်"

"နှစ်ယောက်စလုံး ဒုက္ခရောက်မယ်လေ ကိုအောင်"

"ဒုက္ခရောက်စရာ မလိုဘူး ပွင့်၊ ကိုအောင့် နေပုံ ထိုင်ပုံ ပြောပုံဆိုပုံကြောင့်ပဲ ပွင့်က ရိုးရိုးထင်နေတာ၊ အဲဒါတွေ အားလုံးကို ပြောင်းလဲပစ်ဖို့ ကိုအောင် စွမ်းဆောင်နိုင်တယ်၊ ကိုအောင့်မိဘတွေက ပိုပြီး တတ်နိုင်ကြတယ်"

"ကိုအောင် ပြောတာကို ပွင့် နားမလည်ဘူး"

"နားလည်ရမှာပေါ့ ပွင့်၊ ဒီနေ့ပဲ ကိုအောင့်အိမ်ကို ပွင့် လိုက်ခဲ့၊ ဟိုရောက်ရင် ပွင့် ရှင်းသွားလိမ့်မယ်၊ စာမေးပွဲ ပြီးတာနဲ့ ပွင့်နဲ့ လက်ထပ်ဖို့ကိစ္စကို စီစဉ်မယ်၊ မေမေတို့ ဖေဖေတို့က ကိုအောင့် သဘောတစ်ခုတည်းပါပဲ"

ပွင့်ကတော့ မျက်စိသူငယ် နားသူငယ် ဖြစ်နေရှာ၏။ သူ့အခြေအနေကို သိရအောင်က လွယ်လွယ်လေးပင် ဖြစ်သည်။

ဝ

ပွင့်ကို အိမ်ခေါ်သွားပြီး မေမေတို့နှင့် မိတ်ဆက်ပေးရမည်။ အလွန်ချစ်စရာ ကောင်းပြီး ရိုးသားသော သမီးလေးတစ်





ယောက်ကို မေမေတို့ ကောက်ရသလို ဖြစ်နေမှာ သေချာသည်ပဲ လေ . . . ။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ခိုင်ထွန်း အတင်းခေါ် လို့သာ သူ လိုက်ခဲ့ရသည်။ ဒီပွဲလမ်းမျိုးကို သူ စိတ်မဝင်စားပေ။ အိမ်မှာနေတော့လည်း သူနှင့်ပွင့်တသိပ်ပြီး အစေးကပ်တာ မဟုတ်ပေ။ အလုပ်ချိန်ကုန်သည်အထိ အလုပ်မှာပင် သူနေတာ များသည်။ အိမ်ပြန်ရောက်အနားယူတော့လည်း ပွင့်နှင့် မျက်နှာချင်းဆိုင်ရပြီး အမြင်မတော်တာတွေ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ သမီးလေးကိစ္စနှင့် ပတ်သက်ပြီး သူနှင့်ပွင့်တို့ ပို၍ပင် သဘောထား တင်းမာမှု ဖြစ်ခဲ့ရ၏။

"ဒီတစ်ခေါက်တော့ မင်းတိုက်ပုံကြီးကို ချွတ်ပြီး ကားပေါ်မှာ ထားခဲ့ရင် တောင်းမယ် ထင်တယ် ဖိုးအောင်"

ခိုင်ထွန်း ခေါ်ရာနောက်သို့ အပျင်းပြေလိုက်ခဲ့ခြင်းမှာ ဒီနေ့ဆို နှစ်ရက်မြောက်ရှိသွားပြီ။ ပထမနေ့က ဒီတိုက်ပုံကြီးကြောင့်ပင် သူ့အနားသို့ ကောင်မလေးတွေ သိပ်မကပ်ကြကြောင်းကို သူ သိသည်။

"တိုက်ပုံ ဝတ်လို့ ငါ မလိုက်ရဘူးဆိုရင် ဒီနေရာကပဲ လှည့်ပြန်သွားရုံပဲ ခိုင်ထွန်း၊ မင်းကို အားနာလွန်းတာရယ်၊ အိမ်မှာ မနေချင်တာရယ်ကြောင့် ငါ လိုက်လိုက်နေတာ"

"အေးပါကွာ၊ ဝတ်ရင်လည်း ဝတ်ခဲ့၊ မင်းကြောင်နေမှာစိုးလို့ ငါ ပြောရတာပါ"

"မင်းတို့ဆီက အဲယားကွန်းက အရမ်းလွတ်တာ၊ ဒီတိုက်ပုံ ဝတ်မထားရင် အချိန်ကုန်အောင် ငါ ထိုင်နိုင်





မှာမဟုတ်ဘူး၊ မင်းက သောက်စားထားတော့ ပြဿနာ မရှိဘူး၊ ပြီးတော့ မင်းက ကောင်မလေးတွေနဲ့ အဖွဲ့ကျနေတာဆိုတော့ ချမ်းတာ အေးတာတွေကို ဘယ်ဂရုထားနိုင်တော့မလဲ ခိုင်ထွန်း၊ ငါ့ဘာသာငါ ကြည့်ပြီးနေတတ်အောင် နေပါ့မယ်ကွာ"

ကားပေါ်မှ ဆင်းရင်းပင် သူ ပြောလိုက်သည်။

သူတို့သွားသည့်နေရာက ရန်ကုန်မြို့လည်ခေါင်မှ ကြားဖူးနားဝထားသော နေရာမဟုတ်။

ဝင်ကြေးနှင့် အပြင်အဆင်က သိပ်မြင့်လွန်းနေတော့ တော်ရုံလူငယ်တွေလာပြီး သောင်းကျန်းလို့ မရပေ။

နိုင်ငံခြားသားတွေနှင့် သူတို့လို လူမျိုးတွေအတွက် တမင်ရည်ရွယ်ပြီး ညအပန်းဖြေဖို့ ဖွင့်လှစ်ထားဟန် တူသည်။

မါတ်လှေခါး အစောင့်ဝန်ထမ်းက ခိုင်ထွန်းနှင့် ရင်းနှီးနေပြီ။ ခိုင်ထွန်းကို မြင်သည်နှင့် စကားစ၏။

"ဒီနေ့တော့ စောတယ်နော် ဆရာ"

"အေးကွာ၊ မနေ့က နောက်ကျတော့ ကိုယ်မကြိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တားပွဲမှာ ထိုင်ရတယ်၊ ချာတိတ်မလေးတွေနဲ့ သိပ်ပြီး တော့တောင် ဖွဲ့လိုက်ရပါဘူး"

"ဟုတ်တယ် ဆရာ၊ ကိုယ်က စောတာက ပိုမြတ်တယ်၊ သူတို့မော်ဒယ်မလျှောက်ခင် အကြာကြီး ပြောရဆိုရတာပေါ့"

ဓါတ်ရေလှခါး အစောင့်ဝန်ထမ်းက ခိုင်ထွန်းနှင့် စကားပြောရတာ အကျိုးမယုတ်ပေ။

ခိုင်ထွန်းအိတ်ထဲမှ ငွေစက္ကူတစ်ရွက်က အလိုလို ပေးကမ်းစွန့်ကြဲမှု ရလိုက်သည်ပဲ။

ခန်းမထဲသို့ ဝင်ခါနီးမှာ မီးအလင်းရောင်က မှိန်ပျပျလေး အလိုလို ဖြစ်သွား၏။

မှိန်ပျပျမီးရောင်အောက်မှာ ချယ်သထားသော အရုပ်မျက်နှာလေးများက ခိုင်ထွန်းနှင့် သူ့ကို ခေါင်းညိတ်ကြိုကြ၏။

သူ့အနားမှာ ဘယ်သူမှ ရှိမနေပေမယ့် ခိုင်ထွန်းအနားမှာတော့ မနေ့ညတုန်းက မော်ဒယ်လျှောက်သည့် ကောင်မလေးနှစ်ယောက်က လက်မောင်းကို တွဲထား၏။





"ဦးတို့ ဘယ်တေဘယ်မှာ ထိုင်မှာလဲ"

"နင်ကလည်း အဝိုလုပ်ပြီး မေးနေရပြန်ပြီ မနေ့ကတုန်းက လူများလို့ ရရာတေဘယ်မှာ ထိုင်ရတာ၊ ဒီနေ့တော့ ရည်မွန်ဦးရဲ့ တေဘယ်မှာပဲ ထိုင်မှာပေါ့"

"သူပြောတာ ဟုတ်တယ် သမီး၊ ဦးတို့ကို ရည်မွန်ဦးတို့တဲ့ တေဘယ်ကို ပို့ပေး"

မနေ့ကတော့ ရည်မွန်ဦး ဆိုသော နာမည်ကို သူ မကြားခဲ့ပေ။ ရည်မွန်ဦး ဆိုသော ကောင်မလေးမှာ ခိုင်ထွန်းနှင့် တစ်ခုခု ပတ်သက်မှု ရှိလိမ့်မည် . . . ဟုပင် သူ တွေးလိုက်မိသည်။

▶▶

"ကဲ . . . သမီး ရည်မွန်ဦး၊ မနေ့ကတော့ နောက်ကျလို့ သမီးတေဘယ်မှာ မထိုင်ဖြစ်လိုက်ဘူး"

"ဟုတ်တယ် ဦး၊ မနေ့က ဦးတို့ နောက်ကျတာရယ်၊ ဧည့်သည်တွေ စုကျလာတာနဲ့ တိုးသွားတယ်၊ ဦးတို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာမြင်ပေမယ့် သမီးတော့ဘယ်က နိုင်ငံခြားသားတွေဆိုတော့ လာပြီးတော့တောင် နှုတ်မဆက်အားပါဘူး ဦးရယ်"

"ရပါတယ်၊ ဒီနေ့ကျတော့လည်း လူသိပ်မရှိသလိုပဲနော်"

"ဟုတ်တယ်နော် ဦး"

ရည်မွန်ဦးဆိုသော ချာတိတ်မလေးက အလွန်ဆုံးရှိလှမှ ဆယ့်ကိုးနှစ်လောက်ပဲ ရှိမည်ထင်၏။ ဒီချာတိတ်မလေးမှ မဟုတ်ပါဘူးလေ။ ဒီမှာ သူ့နည်းသူ့ဟန်ဖြင့် တာဝန်ယူစည့်ခံနေရသော မိန်းကလေးများက အသက်နှစ်ဆယ်ကျော်ကြမည် မထင်ပေ။

ရည်မွန်ဦးက သူတို့စားဖို့ သောက်ဖို့ သွားယူရန် ပြင်၏။ ခိုင်ထွန်းကပင် ရည်မွန်ဦးကို သတိပေး စကားပြောလိုက်၏။

"သမီး ဦးဖို့ကတော့ ထုံးစံအတိုင်းပဲ၊ ဦးသူငယ်ချင်းအတွက်ကတော့ အအေးဗူးပဲ ယူခဲ့နော်"

"ဟုတ်တဲ့ပါ ဦး"

ခိုင်ထွန်းစကားကြောင့်ပင် ထူးဆန်းသလိုဖြင့် ရည်မွန်ဦး





ကြည့်သည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ဒီလိုနေရာမျိုးမှာ ပင်နီ တိုက်ပုံဝတ်ပြီး တာမှ မသောက်မစားတော့ အတော်လေး ထူးဆန်းမှု ဖြစ်နေမှာ သေချာသည်ပဲ။

"ဒီနေ့တော့ မင်း မပျင်းရအောင် အဲဒီချာတိတ်နဲ့ စကားပြောပေတော့၊ ကောင်မလေးက ဒီအဝန်းဝိုင်းထဲမှာရှိတဲ့ လူတွေထက်စာရင် ရိုးသားတယ်လို့ ပြောရမယ်၊ မင်းနဲ့တော့ အစေးကပ်မှာပါ"

"ငါမှ မင်းလို ကန့်ကလျ စကားတွေမှ မပြောတတ်ပဲ ဖြစ်မယ် မထင်ပါဘူး ခိုင်ထွန်းရာ"

"ဒါကြောင့် သူ့ကို ရိုးတယ်လို့ ပြောတာ၊ သူ ပြောတာတွေကို နားထောင်းရင်းက သူနဲ့မင်း စကားပြောချင်စိတ်တွေ ဖြစ်လာလိမ့်မယ်၊ ငါကတော့ ငါ့အတွက် စိတ်ပျော်စေမယ့် ချာတိတ်မလေးတွေနဲ့ပဲ တစ်ယောက်ပြီး တစ်ယောက် အဖွဲ့ကျမှာ ဖိုးအောင့်"

ခိုင်ထွန်းအကြောင်းကိုတော့ သူသိသည်။ မော်ဒယ်ကောင်းလေးတွေကို တစ်ယောက်ပြီး တစ်ယောက် ခေါ်ပြီး သမီးရည်းစား



www.burmeseclassic.com

www.burmeseclassic.com



လို စကားတွတ်ထိုးတော့မည်။

သူ့အဖို့ကတော့ နှုတ်မရဲသလို၊ အဲဒီလို ပွတ်သီးပွတ်သပ် လည်နေချင်စိတ် မရှိပေ။

စင်မြင့်ထက်မှာတော့ တေးဂီတဝိုင်း၏ နိုင်ငံခြားတေးသွား ဖြေဖျော်မှုက မြူးကြွလို့နေသည်ပဲလေ . . .။

▸▸

"စပ်စုတယ် မထင်နဲ့နော် ဦး"

နိုင်ထွန်းကတော့ သူ့ကောင်မလေးတွေနှင့် အဖွဲ့ကျနေ၏။ သူ့နားမှာ ဆောင့်ကြောင့်ဝေးထိုင်ရင်းက ရည်မွန်ဦး မေးလာ၏။

"ပြောလေ"

"ဒီလိုပါ ဦး၊ မမနဲ့ကတည်းက ဦးနိုင်ထွန်းနဲ့ ပတ်သက်ပြီး ဦးကို သတိထားဖြစ်နေတာ၊ သမီးတင် မဟုတ်ဘူး နှီပြင်လူတွေလဲ ဒီလိုပဲ"

"ဘာလဲ ဒီလိုနေရာမျိုးမှာ ပင်နီတိုက်ပုံ ဝတ်လာတာ





ရယ် မသောက်မစား ဘယ်သူနဲ့မှ အရောတဝင် မရှိတာကို ပြောချင်တာလား"

ဖိုးရောင်ပျပျအောက်မှာပင် ရည်မွန်ဦး ပြုံးရင်းက ခေါင်းညိတ်ပြ၏။

"ဒီနေရာက ညတစ်ညအတွက် အပန်းဖြေရာ နေရာပဲ၊ တန်ရာတန်ကြေးပေးရင် ဘယ်သူမဆို လာလို့ရတယ်လေ၊ ဦးရဲ့ စိတ်ကို ဦးနည်းဦးဟန်နဲ့ အပန်းဖြေတာပေါ့"

"ဦးကလည်း ပျင်းစရာကြီး၊ ဦးနိုင်ထွန်းကိုကြည့်၊ ဘယ်လောက် အားကျဖို့ကောင်းလဲ၊ ဦး စကားပြောချင်ရင် နှီပြင်တစ်ယောက်ယောက်ကို ခေါ်ပေးမယ်လေ၊ သူတို့တွေအားလုံးက သမီးထက်တော့ လူတစ်ယောက်ကို ပျော်သွားအောင် လုပ်ပေးနိုင်ကြတယ်၊ ဒီထဲက ဘယ်သူ့ကို ဦး သဘောကျလဲ၊ သမီး ခေါ်ပေးမယ်"

ရည်မွန်ဦးကတော့ သူ့တာဝန်အရ သူ ပြောနေ၏။

"ရပါတယ် သမီးရယ်၊ ဦး နေတတ်ပါတယ်"

"ထူးဆန်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မှာတ်မယ်၊ ဒီလိုပဲ ပြောမလို့ပဲ"

သူ့ကို စကားပြောပြီး ရည်မွန်ဦး ငြိမ်သွား၏။

သူနှင့် စကားပြောရတာကို ရည်မွန်ဦး ငြီးငွေ့သွားပုံရသည် ထင်၏။

"သမီး သွားစရာရှိတာ သွားလေ၊ လုပ်စရာရှိတာ လုပ်"

"ဒို့ပြင်ကိစ္စ မရှိပါဘူး၊ သမီးက ဒီတောဘယ်ကို တာဝန်ယူထားတာလေ၊ ဒီနားမှာပဲ နေရတယ် ဦးရဲ့၊ ဦးတို့လိုရာကို သမီး လုပ်ပေးရမယ့် တာဝန်ပဲ ရှိတယ်"

ရည်မွန်ဦး စကားကြောင့်ပင် သူ စပ်စုလိုစိတ် ဖြစ်သွားမိသည်။

"နေပါဦး သမီးရဲ့၊ သမီးက တခြားသူတွေလို မော်ဒယ် ဝင်မလျှောက်ရဘူးလား"

"လျှောက်လို့တော့ ရတယ်၊ ဒါပေမယ့် မော်ဒယ်က သမီးတို့ထက် တစ်ဆင့် ပိုမြင့်သလို ပိုက်ဆံလည်း ပိုရတယ်၊ ပန်းကုံးတို့ သရဖူတို့ စလွယ်တို့ပေါ့ ဦး၊ ပြီးတော့လည်း သဘောကျတဲ့ ဧည့်သည်တွေက စကားခေါ်





ပြောတာတို့ ဘာတို့ဆိုရင်လည်း မုန့်ဖိုးရသေးတယ်"

"သမီးတို့ကရော မရဘူးလား"

"ဦးခိုင်ထွန်းလို လူမျိုးကပဲ သမီးကို သနားပြီးပေးတာ၊ ဒီပြင် လူတွေဆို သိပ်ပေးချင်ကြတာ မဟုတ်ဘူး၊ သမီးက ဆက်ဆံရေးညံ့တယ် ဦးရဲ့"

ရည်မွန်ဦးနှင့် စကားပြောရင်းကဝင် ပွင့်လင်းရိုးသားမှုကို စ်ခနဲ့ တွေ့လိုက်ရသည်။

စပ်စုလက်စနှင့်မို့ သူ မေးကြည့်လိုက်၏။

"သမီးလည်း မော်ဒယ် ဝင်လျှောက်မှပေါ့၊ သမီးရုပ်ရည်နဲ့ ဖြစ်တာပဲဥစ္စာ"

"မလုပ်ပါနဲ့ ဦးရယ်၊ ဒီအလုပ်ကိုတောင် လုပ်လက်စနဲ့မို့ ပြီးတော့ ဒီပြင်အလုပ်ရှာမရသေးလို့ ဝင်လုပ်နေရတာ၊ ဒီပတ်ဝန်းကျင်နဲ့ သမီး မဖြစ်ဘူး၊ ဒါကြောင့် ဦးကို ခင်သွားတာ၊ သမီးနဲ့ဦးက ဘဝတူတယ်၊ တကယ်ပြောတာ"

စိတ်ဝင်တစားဖြင့် ရည်မွန်ဦးဘဝကို ရင်းနှီးကြည့်မိပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရည်မွန်ဦးကို ကြည့်ရင်းက သမီးလေးမျက်နှာကို ပြေးမြင်မိ
သည်။ ဒီလိုနေရာမျိုးမှာ မော်ဒယ် လျှောက်မပြရသော်လည်း
ကုန်စည်ပြပွဲတွေ ရှိုးပွဲတွေမှာတော့ လူရှေ့သူရှေ့မှာ သမီးလေး လမ်း
လျှောက်ပြရမှာ သေချာနေ၏။

▶▶ ▶▶ ▶▶



# (၂)

တတိယမြောက်ညမှာတော့ ရည်မွန်ဦးရှိရာ နေရာသို့ သူ
ညီတိုင်ကပင် လိုလိုချင်ချင် သွားချင်စိတ် ဖြစ်နေ၏။

ရည်မွန်ဦးနှင့် စကားပြောဖြစ်ခြင်းကပင် သူ့စိတ်တွေ ကျေ
နပ်မှုကို ပြေလျော့စေသည်။ အခြားချာတိတ်မလေးတွေကို ကန့်
သူစကား မဆို။ ပွတ်သီးပွတ်သပ် မနေတတ်သောကြောင့် ခင်

www.burmeseclassic.com

www.burmeseclassic.com



သွားတာလည်း ပါ၏။

"ငါ မပြောဘူးလား၊ ဒီချာတိတ်မလေးက တကယ့်ကို သဘာဝလေးပဲ၊ ဒီလိုနေရာမျိုးမှာ မရှိသင့်ဘူး၊ သူကိုယ်တိုင်ကလည်း ဒီ့ပြင်လူတွေလို ချူစားကပ်စားဖို့ လုံးဝ စိတ်မရှိဘူး၊ ဒါကြောင့်ပဲ ဒီချာတိတ်မလေး ပိုက်ဆံရအောင် သူကျတဲ့ တေဘယ်မှာပဲ ငါ အမြဲထိုင်ခဲ့တာ ဖိုးအောင်"

"ဒီချာတိတ်နဲ့ ပတ်သက်ပြီး မင်းမှာ ဘာမှ အကြံအစည် မရှိဘူးပေါ့"

"တကယ်ပြောတာပါကွာ၊ ဒီ့ပြင်လူတွေအပေါ်မှာတော့ အခွင့်ရေးရရင် ရသလိုယူဖို့ ငါလက်နှေးမှာ မဟုတ်ဘူး၊ ရည်မွန်ဦးကိုတော့ သူရဲ့ရိုးသားမှုကြောင့်ပဲ ငါ ဘေးမဲ့ပေးထားတယ် ဖိုးအောင်"

"ငါ သာဓုခေါ်ပါတယ် ခိုင်ထွန်း"

"မင်းနဲ့ကတော့ လိုက်လည်းလိုက်တယ်၊ ညီလည်း ညီတယ်၊ ငါ့စကား မှန်နေတယ် မဟုတ်လား"





"သူက ဒီအလုပ်ကို စိတ်မပါဘူး၊ ဒီ့ပြင်အလုပ် လုပ်ချင်နေတဲ့ပုံစံမျိုးပဲ ခိုင်ထွန်း"

"အဲဒါကတော့ သေချာတယ်၊ သူ ငါ့ကို အကူအညီတောင်းဖူးတယ်၊ ငါကလည်း ငါ့ကိစ္စနဲ့ငါဆိုတော့ ထိထိရောက်ရောက် အကူအညီ မပေးနိုင်ဘူး၊ တကယ်လို့ မင်းကို အကူအညီတောင်းလာရင်တော့ မင်း ကူညီလိုက်ပါ ဖိုးအောင်ရာ"

"ငါ နည်းနည်းတော့ စောင့်ကြည့်ချင်သေးတယ်၊ သူ တကယ် လိုအပ်တယ်ဆိုရင်တော့ ငါကူညီဖို့ ဝန်မလေးပါဘူး၊ ငါ့ အလုပ်တွေ ရှိနေတာပဲ ခိုင်ထွန်း၊ ဒါပေမယ့် ဒီစကားကို မင်း လုံးဝ မပြောထားနဲ့ဦးနော်"

"အေးပါကွာ၊ ရည်မွန်ဦးလို မိန်းကလေးမျိုးကို မင်း ကူညီသင့်တာ အမှန်ပဲ၊ ငါ ဘာဆိုဘာမှ စကားရိပ် မသန်းထားပါဘူးကွာ"

"သူ့ဘဝကိုလည်း ငါ သိနေသေးလို့ပါ"

"မင်း မေးကြည့်လေ၊ ဒီချာတိတ်မလေးက အမှန်အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ပြောပြမှာပါ"

ပွင့်မျက်နှာ၊ သမီးမျက်နှာကို မြင်ယောင်မိသည်။

သူတို့တွေကိုတော့ သူ့အနေဖြင့် ဘာမှမတတ်နိုင်ခဲ့ပေ။ သမီးလေးအလိုကို မလိုက်ချင်သည့်စိတ်ကြောင့်ပင် မိသားစုနှင့် အခေါ်အပြော မလုပ်ခဲ့ပေ။ နဂိုကတည်းကမှ ခပ်ဖယ်ဖယ်ဖြစ်ချင်နေသောသူများမှာ တဖြည်းဖြည်းနှင့် အခြေအနေတွေ ဆိုးသွား၏။ ရည်မွန်ဦး၏ မိဘနေရာမှာ ဝင်ပြီး သူ ခံစားနေမိပြန်သည်။

▶▶

"ဦးက စီးကရက်တောင် မသောက်ဘူးနော်"

"ဟုတ်တယ် ရည်မွန်ဦး၊ ဒါနဲ့ ဒီတိုက်ပုံ ဝတ်တဲ့ကိစ္စကို ကျတော့ ဘာလို့ အရေးတယူလုပ်ပြီး မမေးတာလဲ ဟင်"

ဒီအချက်ကို သူ အရမ်းသိချင်၏။

လူတော်တော်များများက သူနှင့်မရင်းနှီးလေနှင့်။ ရင်းနှီးပြီး စကားပြောခွင့်ရသည်နှင့် ဒီတိုက်ပုံဇာတ်လမ်းကို အဦးဆုံး စပြီး နှိုက်နှိုက်ချွတ်ချွတ် မေး...





စကားပြောခွင့်ရသည်နှင့် ဒီတိုက်ပုံဇာတ်လမ်းကို အဦးဆုံး စပြီး နှိုက်နှိုက်ချွတ်ချွတ် မေး...

နိဒါန်းပျိုးတော့၏။

"ဘာဖြစ်လို့လဲ ဦး"

"ဒီလိုလေ၊ ဒီလိုဟာမျိုးကို ဒီတိုက်ပုံနဲ့ လာတယ်လို့ တွေ့စတုန်းက ပြောတဲ့စကားမှာ ပါသေးတယ်၊ အခု ရင်းနှီးနေကြပြီ၊ ဒီ အကြောင်းကို ဘာလို့ မမေးတော့ တာလဲ"

"စတွေ့စကတော့ မျက်စိဆန်းသလို ဖြစ်တာပေါ့၊ ဒါပေမယ့် တစ်ရက်နှစ်ရက်မက ဝတ်တော့ ဦးက အမြဲ ဝတ်တဲ့သူလို့ ထင်တယ်လေ၊ ဦး ကြိုက်လို့ ဦးဝတ်တာပဲ၊ ဦးက တိုက်ပုံကို နေရာရွေးပြီး ဝတ်တဲ့အမျိုးအစားထဲ မှာ မပါတာ သေချာနေပြီလေ"

ရည်မွန်ဦးစကားကို အတော်လေး သဘောတကျနှစ်ခြိုက် သွားမိသည်။

"ဟုတ်တယ် ရည်မွန်ဦး၊ ဟိုးငယ်ငယ်ကတည်းက ဒီပင်နီတိုက်ပုံ ဝတ်တာကို အားကျခဲ့တာ ဦးတစ်ယောက်လ်



www.burmeseclassic.com

www.burmeseclassic.com



စတက်ချိန်ကစပြီး ဒီနေ့အထိ ဒီပင်နီတိုက်ပုံကို စွဲစွဲလန်းလန်း ဝတ်လာခဲ့တာ၊ သူများတွေ အမြင်မှာတော့ ဦးကို မျက်စိဆံပင်မွေးစူးစရာ ဖြစ်နေလို့လေ"

"ဦးက ပင်နီတိုက်ပုံနဲ့ အတော်ကြည့်ကောင်းတာပဲ၊ ဦးသာ ပင်နီတိုက်ပုံ မဝတ်ရင် လူဘုံလယ်မှာ ထင်ပေါ်မှာ မဟုတ်ဘူး၊ ဦးပုံစံက တကယ့်ကို ကြည့်ကောင်းနေတာ"

ရည်မွန်ဦးစကားက မြှောက်ပင့်ပြောနေသော အရိပ်လက္ခဏာတွေနှင့် ကင်းနေပြန်၏။

သူမြင်မိတာ သူတွေးမိရာကို အမှန်အတိုင်းပင် ဟန်ဆောင်ခြင်း ကင်းစွာဖြင့် လွတ်လပ်စွာ ပြောဆိုနေ၏။

"ဦး နည်းနည်း စပ်စုချင်တယ်၊ ရည်မွန်ဦး ခွင့်ပြုမလား"

"ပြုပါတယ်၊ ဘာသိချင်လို့လဲ"

"ရည်မွန်ဦးက ဒီရန်ကုန်ကပဲလား"

"မဟုတ်ပါဘူး နယ်ကပါ၊ သမီး ဆယ်တန်းလည်း အောင်ပြီးပါပြီ၊ မိဘတွေကတော့ ခြံလုပ်ကြပါတယ်၊





ကြားဖူးနားဝရှိထားတာနဲ့ အမြင်ကျယ်အောင်ဆိုပြီး အဖော်ကောင်းတာနဲ့ ဒီကိုတက်လာခဲ့တာ၊ ဒီမှာ အလုပ်လုပ်ရင်း သင်တန်းတွေ ဘာတွေ တက်မယ်စိတ်ကူးနဲ့ပါ၊ လိုက်လာမိတာကိုက အမှားပါ ဦးရယ်၊ အလုပ်ကောင်းဆိုလို့ စကားနားယောင်ပြီး ဝိုက်ဆံတွေ ဘာတွေယူဖြစ်လိုက်တယ်၊ ပြီးမှ ဒီအလုပ်ဆိုတာ သိရတာ၊ ယူထားတာရယ်ကြောင့် လုပ်လိုက်ရတာ၊ အခုဆိုရင် ထွက်ချင်ထွက်လို့ရပြီ၊ ဒါပေမယ့် အိမ်မပြန်သေးပဲ ဒီ့ပြင် အလုပ်များ ရမလားဆိုပြီး မေးလုပ်နေပါဦး"

"ရည်မွန်ဦးက တကယ် အလုပ်လုပ်ချင်တာလား"

"ဒီအလုပ်မျိုးက လွဲရင် ပြီးတာပဲ၊ ကောင်းရောင်းကောင်း ဝယ် အလုပ်မျိုး၊ သူများတွေ အပြောလွှတ်တဲ့ အလုပ်မျိုးပေါ့၊ ဒီမှာတ နည်းနည်းရှုပ်တယ်၊ တစ်ခါတစ်ခါ သူများတွေနဲ့ ရောထွေးပြီး ပြောခံ ဆိုခံရရင် မျက်နှာကို ဘယ်လိုထားရမှန်းတောင် မသိပါဘူး ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီအလုပ်တွေ ဘာတွေဆိုရင်ရော လုပ်မလား"

ရည်မွန်ဦး ပြောပုံဆိုပုံကို သနားသွားပြီး သူလမ်းကြောင်းဖွင့်ပေးလိုက်မိသည်။ ဝမ်းသာအားရပင် ရည်မွန်ဦး ပြော၏။

"ရရင်တော့ အတိုင်းထက် အလွန်ပေါ့ ဦးရယ်"

"ဒါဆိုရင်တော့ သိပ်မကြာခင်မှာ သမီး အလုပ်ရတော့မယ်လို့ပဲ အောက်မေ့ထားလိုက်၊ သေချာပြီဆိုတာနဲ့ ဦး ပြောမယ်၊ ဒီက အလွယ်တကူထွက်လို့ ရပါတယ်နော်၊ အနှောင်အဖွဲ့တွေ ဘာတွေ ရှိသေးလား"

"မရှိပါဘူး ဦးရယ်၊ အခုထွက်ဆို အခုချက်ချင်းတောင် ထွက်လို့ရတယ်၊ သမီးလို ဆက်ဆံရေးညံ့တဲ့လူမျိုးကို သူတို့က ထွက်စေချင်ကြမှာ သေချာတယ်၊ ဒီအလုပ်မှာ ဝိုက်ဆံဝင်ငွေ အနည်းဆုံးနဲ့ ဧည့်သည်တွေကို ပြုစုတဲ့ နေရာမှာ အညံ့ဆုံးဆုကိုပေးရင် သမီးတစ်ယောက်က လွဲပြီး ဘယ်သူမှရမှာ မဟုတ်ဘူး"

ရည်မွန်ဦးကို ကူညီဖို့ သူ ဆုံးဖြတ်လိုက်သည်။ သူ့ကုမ္ပဏီမှာ အချိန်မရွေးဆိုသလို နေရာတစ်နေရာ ပေးလို့ရသည်။ ရည်မွန်ဦး





နှင့် ပတ်သက်ပြီး သန်းဝေကို ပြောသတိရမိ၏။ ရည်မွန်ဦးကိစ္စနှင့် ပတ်သက်ပြီး သန်းဝေကိုတော့ သူတိုင်ပင်မှ ဖြစ်ပေမည်။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com

## (၃)

နောက်နေ့ရုံးခန်းထဲကို ရောက်သည်နှင့် သန်းဝေအား အတိုချုံးအကြောင်း ပြောပြလိုက်သည်။ ခိုင်ထွန်းနှင့် ပတ်သက်ပြီး ရည်မွန်ဦးရှိရာသို့ ရောက်သွားပုံနှင့် ရည်မွန်ဦးနှင့် ရင်းနှီးခဲ့ပုံများကို ပြောပြဖြစ်သည်။ ရည်မွန်ဦးအား အလုပ်ခန့်မည့်အကြောင်းကိုတော့ ခဏချန်ထားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတွေကို တအံ့တသြဖြင့် သန်းဝေ နားထောင်၏။

သူ့စကားတွေ ရပ်လိုက်သည်နှင့် သန်းဝေ ပြောသည်။

"ကျွန်တော်တို့ဆရာက တကယ့်ကို တိုးတက်နေပုံပါလား၊ လိုက်မမီအောင်ကို တိုးတက်နေတာ၊ အဲဒီလိုမျိုး ကျွန်တော်လည်း ကြံချင်တယ် ဆရာရာ"

"ဒါဆို ဒီည မင်းလိုက်ခဲ့လေ"

"ဆရာ့သူငယ်ချင်းက ကျွန်တော်ပါတာကို ကြည်ဖြူပါ့မလား"

"ဘာမကြည်ဖြူစရာရှိလဲ၊ မင်းနဲ့ငါက ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဆိုတာ ခိုင်ထွန်း သိပြီးသားပဲဥစ္စာ၊ မင်းက သောက်တတ်စားတတ်တော့ အဖော်ကောင်း ရသေးတယ်"

"ဆရာ ခေါ်ရင်တော့ အရမ်းကောင်းတာပေါ့"

"ဟိုရောက်ရင် သိပ်တော့ မကဲနဲ့နော်၊ လူကြီးလူကောင်းတွေ များတယ်၊ လူငယ်တွေ သိပ်ရှိတာ မဟုတ်ဘူး"





"စိတ်ချစမ်းပါကွာ၊ ဆရာပြောတဲ့ ရည်မွန်ဦးကိုတော့ အကြည့်နဲ့တောင် မပြစ်မှားဘူး"

သန်းဝေကို စည်းရုံးလို့ ရပြီဆိုတော့ ရည်မွန်ဦးအား အလုပ်ပေးလိုသည့်ကိစ္စကို သွေးတိုးစမ်းကြည့်လိုက်သည်။

"မင်းကို ပြောစရာ ကျန်သေးတယ် သန်းဝေ"

"ဘာများလဲ ဆရာ"

"မင်း ပြောပြောနေတာလေ၊ ကျွန်တော်တို့ အခန်းထဲမှာ အတွင်းရေးမှူးမလေးတစ်ယောက် ထားချင်တယ့် ဆိုတဲ့ကိစ္စလေ၊ မင်း ထားချင်ရင် ထားလေ"

ပြောသာ ပြောလိုက်ရသည်။ သန်းဝေ စိတ်ကြိုက်အလုပ်ထဲမှ ကောင်မလေးတစ်ယောက်ကို ခေါ်ထားမှာစိုးရသေး၏။

"ကောင်းတာပေါ့ ဆရာရယ်၊ ဆရာ့အတွက်ရော ကျွန်တော့်အတွက်ပါ အဆင်ပြေတယ်၊ အလုပ်တွေ လုပ်ရတာ တစ်မျိုး၊ ဆရာ့ကို ပြုစုရတာ တစ်မျိုးဆိုတော့ ကျွန်တော်လည်း မင်ပန်းလှပြီ၊ ဆရာ ဘယ်သူ့ကို ခေါ်မယ် စိတ်ကူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ၊ ငါတို့ရှိပြီးသားထဲကတော့ မခေါ်ဘူး။ အသစ် ခန့်ချင်တယ်၊ အဲဒါဖြစ်ပါ့မလား၊ အခုမှ ကောက်ခါ ငင်ခါ ခန့်ရင် အများပြောစရာ ဖြစ်မှာလည်း စိုးရသေး တယ် သန်းဝေ"

"ဘာမှ ပူမနေနဲ့ ဆရာ၊ ဆရာ ဘယ်သူ့ကို ခန့်ချင် သလဲ သာ ပြောပါ၊ ကျန်တဲ့အပိုင်းအားလုံး ငြိမ်အောင် ကျွန်တော် ရှင်းမယ်"

ဒီလိုကိစ္စတွေမှာ သန်းဝေ အားကိုးရတာကို သူ သိသည်။ သူအဖို့ မိန်းကလေးတွေနှင့် ပတ်ပတ်သက်သက် မရှိချင်သော အခန်းထဲကို မခေါ်ထားခြင်း ဖြစ်၏။

"ငါ ရည်မွန်ဦးကို အလုပ်ခန့်ချင်တယ်၊ မင်းပြောတဲ့ အတွင်းရေးမှူးမလေးလိုနေရာမျိုး မဟုတ်တောင် ငါတို့ အလုပ်ထဲက တစ်နေရာရာမှာ ခန့်ထားချင်တယ်"

"ဆရာ သူ့ကို ငြိနေပြီလား"

ရုတ်ခြည်းပြောင်းလဲသွားသော သူ့အခြေအနေကြောင့် သန်းဝေက ပြောင်ဖွင့်မေး၏။ သန်းဝေ မေးလည်း မေးထိုက်သည်





သ . . .။

"မင်းကို အေးအေးဆေးဆေး ပြောပြမယ်၊ ရည်မွန်ဦး ကို ငါ နှမသားချင်းစာနာပြီး ကူညီတဲ့သဘောပဲ၊ ဒီကလေးမလေးက အဲဒီဝန်းကျင်ကို ဖျက်စီးလည်ပြီး ရောက်လာခဲ့တာ၊ ဒီနေ့အထိ ဘာ အစွန်းအထင်းမှ သူ မလုပ်မိသေးဘူး၊ ဆယ်တန်းလည်း အောင်ထား တယ်၊ နယ်မှာနေတာ သန်းဝေ၊ ဒီ့ပြင်အလုပ်တစ်ခု ကိုလည်း သူ အရမ်းလိုချင်နေတယ်၊ ဒါကြောင့် ငါ ကူညီလိုက်တာ၊ အဲဒီဝန်းကျင်မှာ သူ ဆက်နေရင် စာရိတ္တအစွန်းအထင်း ဖြစ်သွားနိုင်တယ်၊ ငါနဲ့ သူနဲ့ ဘာဆိုဘာမှ မဖြစ်ဘူး သန်းဝေ၊ ဒီနေ့ည မင်းကို ခေါ်သွားရတာက သူနဲ့ တွေ့ပေးဖို့ပဲ"

"ဆရာ့ကို စော်ကားမိသလို ဖြစ်သွားတာ တောင်းပန်ပါ တယ် ဆရာ၊ ကူညီကောင်းတဲ့ အလုပ်ပါပဲ ဆရာ၊ ကျွန်တော် အားပေးပါတယ်၊ ခန့်သာခန့်လိုက်ပါ၊ ကျွန်တော်တို့ အခန်းထဲမှာပဲ ခေါ်ထားပေါ့ ဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေကိုတော့ ကျွန်တော် တွဲလုပ်ရင်း သင်ပေးသွားတာပေါ့"

"အခုကတည်းက ပြောထားဦးမယ်နော်၊ ရည်မွန်ဦးက မင်း ညီမအရွယ်၊ မင်းတို့နှစ်ယောက်စလုံး လူလွတ်တွေချည်းပဲ၊ မင်းတို့ချင်း မေတ္တာရှိကြတဲ့ကိစ္စမျိုး ကလွဲပြီး အာပြဿနာမှ ဖြစ်တာ ငါ မကြားချင်ဘူး"

"စိတ်ချစမ်းပါ ဆရာရယ်၊ ဆရာနဲ့ ပတ်သက်တဲ့လူကို ကျွန်တော်စိတ်နဲ့တောင် မပြစ်မှားပါဘူးလို့ ပြောထားပြီးပြီပဲ၊ ဒီအကြောင်းတွေကို ဆရာ့မိန်းမသာ သိရင်တော့ အတော်ခံပြင်းမှာပဲ၊ ကျွန်တော်တော့ ဆရာ့ အစီအစဉ်ကို အကြွင်းမဲ့ထောက်ခံတယ်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး လက်ဝါးချင်းရိုက်ထားရဦးမယ်၊ ပွင့်မှတင် မဟုတ်ဘူး၊ ဘယ်သူမေးမေး ရည်မွန်ဦးဟာ မင်းနဲ့ ပတ်သက်တယ်လို့ သတင်းလွှင့်ထားနော်"

သန်းဝေက ပြုံးပြီး ခေါင်းညိတ်၏။

ဒီနေ့ညမှာတော့ ရည်မွန်ဦးကို သန်းဝေ တွေ့ရဝေ





မည်။

"ရည်မွန်ဦးကို အလုပ်ခန့်ဖို့ မင်း ဆုံးဖြတ်လိုက်ပြီပေါ့"

"ဟုတ်တယ် ခိုင်ထွန်း၊ သန်းဝေကို ငါ ခေါ်ခဲ့တာ၊ ရည်မွန်ဦးနဲ့ တွေ့ပေးဖို့ပဲ"

"ကျွန်တော့် ဆရာကတော့ အစ်ကိုကြောင့် အများကြီး ပြောင်းလဲနေပြီ"

သန်းဝေက ခိုင်ထွန်းအား ချီးကျူးစကား ပြော၏။

ကားမောင်းရင်းကပင် ခိုင်ထွန်း ပြန်ပြော၏။

"မင်းဆရာက ပြဿနာတွေနဲ့ ရောရောထွေးထွေး ဖြစ်နေတာလေ၊ ဒီတိုင်းဆက်နေရင် တစ်နေ့ထက် တစ်နေ့ ပိုဒိုးစာသွားမှာပေါ့၊ ရည်မွန်ဦးကို မင်းတို့ဆီမှာ အလုပ်ခန့်ဖြစ်တာ အကောင်းဆုံး အစီအစဉ်ပဲ၊ ငါ့ဖက်ကတော့ တာဝန်ကျေသလောက် ရှိသွားပြီ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားတဲ့နောက်ပိုင်းမှာ မင်း တာဝန်ပဲ သန်းဝေ၊ ရှည်မွန်ဦးလည်း အနားကို ရောက်လာပြီဆိုတော့ မင်း ဆရာ စိတ်အပန်းပြေမှာပါ၊ သူတို့ချင်းက အတော်လေး အစေးကပ်နေတာကွ၊ ကောင်မလေးက အချောလေး ပါ"

"ငါက သူ့ကို နှောင်ကြိုးကင်းကင်းနဲ့ အကူအညီပေးတဲ့ သဘောပါ ခိုင်ထွန်းရာ"

"အေးပါကွာ၊ မင်းက ကင်းပေမယ့် ဟိုက ကင်းချင်မှ ကင်းမှာလေ၊ မင်းက သူ့ရဲ့ ကျေးဇူးရှင် ဖြစ်သွားပြီ၊ သူက ကိုယ်ဖိရင်ဖိ ပြုစုချင်တယ်ဆိုရင် မင်း ဘာလုပ်မလဲ"

"မင်းကလဲကွာ၊ ငါ့မှာ သားနဲ့မယားနဲ့ပါ၊ ဒီအလုပ်မျိုးတွေကို ငါ ရှောင်မှာပေါ့၊ မင်းစကားက အလကားနေရင်း ကောင်မလေး ရဲ့ သိက္ခာကို ထိပါးနေပြီ"

"ငါက နောက်တာပါကွာ၊ ဖြစ်ချင်မှလည်း ဖြစ်လာမှာပါ၊ ငါ သိနေတာတစ်ခုတော့ ရှိတယ်၊ မင်း မသိ





မသာ သနားရာက သံယောဇဉ်ဖြစ်ပြီး ဒီကောင်မလေး ကို ကူညီတယ်ဆိုတာပဲ၊ မင်းစိတ်ကို ငါ သိနေတာပဲ၊ ဖြစ်သွားခဲ့ရင်လည်း မင်းကို အပြစ်ပြောမှာ မဟုတ်ပါ ဘူး၊ ဟုတ်တယ် မဟုတ်လား သန်းဝေ"

"ဟုတ်တယ် အစ်ကို၊ ဆရာက အရမ်းကို ရိုးသားနေ လွန်းတော့ မမပွင့်ရဲ့ အနိုင်လိုမှုတွေကို ခေါင်းငုံ့ခံနေ ရတာ၊ ဒီကောင်မလေး ဆရာ့ဘဝထဲ ရောက်လာတာ ကျွန်တော်ဖြင့် ဝမ်းသာအားရ ကြိုဆိုလိုက်ချင်တာ"

သန်းဝေနှင့် ခိုင်ထွန်းစကားတွေနှင့် ပတ်သက်ပြီး အတိုက် အခံ မပြောချင်တော့ပေ။

အားလုံးသောစကားတွေထဲမှ သံယောဇဉ် ဖြစ်နေမိတယ် ဆိုသော စကားကိုတော့ သူ ပြန်ဆန်းစစ်မိသည်။

သူကိုယ်၌ကပင် သံယောဇဉ်စိတ်ဖြင့် ရှည်မွန်ဦးအား ကူညီ ခဲ့ခြင်းပေပဲလား . . .။

သူ့အတွေးထဲမှာတော့ ဝေဝေဝါးဝါးနိုင်နေသည်ပဲလေ . . .။



www.burmeseclassic.com

www.burmeseclassic.com



▶▶

“ကဲ . . . ရည်မွန်ဦး၊ သူက သန်းဝေတဲ့၊ ဦးရဲ့ တပည့်ရင်းပဲ”

“တွေ့ရခင်ရတာ ဝမ်းသာပါတယ်ရှင်”

“ညီမလေးလို့ပဲ ချစ်စနိုး ကိုယ် ခေါ်ပါ့မယ်”

သန်းဝေကလည်း ခိုင်ထွန်းနီးပါး စကားသွက်၏။

သန်းဝေနှင့် ခိုင်ထွန်းက သူနှင့်ရည်မွန်ဦးကို ထားခဲ့ပြီး သူတို့ကိစ္စသူတို့ လုံးပန်းလို့နေကြောင်း သူ သိနေ၏။

သူ ဘာမှ မပြောရသေးခင်မှာပင် ရည်မွန်ဦးအား ခိုင်ထွန်း ပြောသည်။

“ညည်းအတွက် မင်္ဂလာသတင်းတစ်ခု ငါ ပြောမယ်၊ ညည်း လုပ်ချင်တဲ့အလုပ်ကို ပေးဖို့ ဖိုးအောင်က ဆုံးဖြတ်ထားတယ်၊ သူ့ကုမ္ပဏီမှာ ညည်းကို အလုပ် ခန့်မယ်တဲ့”

ခိုင်ထွန်းပြောလိုက်တာ တစ်မျိုးတော့ ကောင်းနေသေး





သည်။ သူသာဆိုရင် လိုရင်း တိုက်ရိုက်မရောက်ဘဲ တွေ့ဝိုက်နေဦးမှာ သေချာ၏။

“ဦးခိုင်ထွန်း သမီးတို့ နောက်နေတာ မဟုတ်ပါဘူးနော်”

“တကယ်ပြောနေတာ ညီမလေး၊ ကိုယ်တို့ ဆရာတို့ ကုမ္ပဏီမှာ ညီမလေးကို တကယ် အလုပ်ခန့်နေတာ”

ရည်မွန်ဦးက တအံ့တသြဖြင့် ခဏငြိမ်းပြီးမှ သူ့မျက်နှာကို ကြည့်ကာ မေးလိုက်၏။

“သူတို့ပြောတာ ဟုတ်ရဲ့လား ဦး”

“ဟုတ်တယ် ရည်မွန်ဦး၊ တကယ်အလုပ်ခန့်လိုက်တာ၊ ရည်မွန်ဦး စဆင်းချင်တဲ့ရက်ကို အလုပ်ဆင်းလို့ ရပြီ”

“ဝမ်းသာလိုက်တာ ဦးရယ်၊ ဘာပြောရမှန်းတောင် မသိတော့ပါဘူး”

“ကဲ . . . ဝမ်းသာရင်းကပဲ အလုပ်ရှင်နဲ့ စကားဆက်ပြောတော့၊ ငါနဲ့ သန်းဝေကတော့ ငါတို့ကိစ္စ ငါတို့ လုပ်တော့မယ်၊ ငါတို့ ကောင်မလေးတွေလည်း လာနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ညည်း အလုပ်ရတာကို ဒီကလူတွေ လုံးဝမသိစေနဲ့ဦးနော်”

“စိတ်ချပါ ဦးရယ်၊ ဘယ်သူ့ကိုမှ သမီး မပြောပါဘူး”

မီးရောင်မှိန်မှိန်အောက်မှာပင် အပျော်လွှန်နေသော ရည်မွန်ဦး မျက်နှာအား သူ မြင်နေရသည်။

ရည်မွန်ဦး၏ ဝမ်းသာမှုအဟုန်သည် သူ့ရင်သို့ ကူးစက်လာ၏။

သူ့ဘဝထဲသို့ တကယ်ပင် ရည်မွန်ဦး ဝင်ရောက်ခဲ့ခြင်းလား မသိ။ ရည်မွန်ဦး၏ မျက်နှာလေးကိုက သံယောဇဉ်ဖြစ်ဖို့ ကောင်းနေသည်လားလေ . . .။

မတွေးကောင်းသော အတွေးမို့ပင် ခေါင်းထဲမှနေပြီး ချက်ချင်း ဖယ်ထုတ်လိုက်ရပြန်သည်။

▶▶ ▶▶ ▶▶



(၄)

သူ့နှုတ်တတိကို ရပြီးသည်နှင့် နောက်နေ့မှာပင် ရည်မွန်ဦး တစ်ယောက် အလုပ်ထွက်ဖို့ ပြင်ဆင်၏။ ရည်မွန်ဦး၏ နောက်ဆုံးနေ့ အလုပ်ဆင်းခြင်းကိုတော့ ခိုင်ထွန်းတို့နှင့်အတူ သူ ရောက်ဖြစ်သေးသည်။ ဒီနောက်ပိုင်းရက်တွေမှာတော့ သူ မရောက်ဖြစ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ထွန်းနှင့် သန်းဝေတို့ အတွဲမိသွားသဖြင့် သူ့အား ခိုင်ထွန်းက အရေးတယူ မခေါ်တော့ပေ။

ရည်မွန်ဦးနှင့် သန်းဝေကတော့ အဆက်အသွယ် မပြတ်ခဲ့ပေ။

အဆောင်အပြောင်းအရွှေ့နှင့် ရှင်းစရာကိစ္စအချို့ကြောင့်သာ သူတို့ဆီမှာ ရည်မွန်ဦး အလုပ် တန်းမဝင်ဖြစ်သေးပေ။

အလုပ်ကိစ္စများနှင့် ဆက်တိုက်မနားရသောကြောင့် ရည်မွန်ဦးအကြောင်းကို သန်းဝေနှင့် စကားမစပ်မိပဲ နေ၏။

"မင်း ပြန်လာမယ်ဆိုလို့ ငါ စောင့်နေတာ နာရီဝက်လောက် ရှိသွားပြီ ဖိုးအောင်"

"အေးကွာ၊ အစည်းအဝေးကလည်း မတက်လို့ မဖြစ်ဘူး၊ ဒီရက်ပိုင်းမှာ အလုပ်ရှုပ်နေတယ်"

"သန်းဝေ ပြောလို့ ငါ သိပြီးပါပြီ၊ ကိစ္စတစ်ခု ရှိတယ် ပြောပြီး ဒီကောင်တော့ အမြင်ပွက်သွားတယ်"

"မင်း ဘယ်ကနေ လှည့်လာတာလဲ ခိုင်ထွန်း"

"မင်းဆီ တမင်လာခဲ့တာပဲ၊ ရွှေ့အပတ်ထဲမှာ ငါ





ပြန်ဖြစ်မယ် ထင်တယ်"

"မင်းကလည်းကွာ၊ ရောက်တာ နှစ်လတောင် မပြည့်သေးဘူး"

"ငါ့အလုပ်က ဟိုမှာလေကွာ၊ ငါ ဒီမှာ နေချင်တာပေါ့၊ နေလို့ မဖြစ်လို့သာ"

"မြန်မာပြည် လာနိုင်အောင် လုပ်စမ်းကွာ၊ ငါတို့က အသက်ကြီးပိုင်းထဲ ဝင်လာပြီ၊ အရေးအကြောင်းဆို တစ်ယောက်နဲ့ တစ်ယောက် ဝေးခြားခြေခြားဖြစ်တာ မကောင်းဘူး၊ မင်း ဘာဖြစ်ဖြစ် ငါ ဘာဖြစ်ဖြစ် အခုချက်ချင်း သွားလို့ လာလို့ ရတာ မဟုတ်ဘူး"

"မင်း ပြောမှ ငါတောင် လန့်လာသလိုပဲ ဖိုးအောင်ရာ၊ မင်းက အိမ်ထောင်ကျတာ စောလို့ ကိုယ့်ကိုကိုယ် အသက်ကြီးလှပြီ ထင်နေတာ၊ ငါက အခုမှ လူပျို လူလွတ်ပဲ ရှိသေးတာ"

အစည်းအဝေးတက်ပြီး ငြီးစီစီကြီး ဖြစ်လာခဲ့သမျှ ခိုင်ထွန်းနှင့် စကားစမြည်ပြောတော့ ပြောပျောက်သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်ခါနီးကျရင် ပွင့်ကိုတော့ နှုတ်ဆက်လိုက်ပါဦး"

"အေးပါကွာ၊ ဒါနဲ့ ရည်မွန်ဦးက မင်းတို့ဆီမှာ အလုပ် မဝင်သေးဘူးလား"

"ရည်မွန်ဦးနဲ့ သန်းဝေတို့ စီစဉ်နေကြတာပဲကွာ၊ ငါ လည်း အလုပ်ရှုပ်နေတာနဲ့ ဒီအကြောင်းကို မမေးဖြစ် သေးဘူး"

"ရည်မွန်ဦးကတော့ မင်းကို အတော်လေး အားကိုးပြီး လေးစားတာကွ၊ မင်းအနားကို သူရောက်လာတာ မင်းအတွက်တော့ အစစအရာရာ အဆင်ပြေမှာပါ"

ခိုင်ထွန်း ဘာကို ရည်ညွှန်းချင်သည်ကို သူ သိလိုက်သည်။ စကားနည်းရန်စဲသဘောဖြင့် သူ ပြောလိုက်၏။

"လိုအပ်နေလို့ လူတစ်ယောက်ကို တတ်နိုင်တဲ့ဖက်က ကူညီတဲ့သဘောပါ ခိုင်ထွန်းရာ၊ ငါ့စိတ်ကို မင်း အသိဆုံးပါ၊ ငါက အကူအညီပေးရတယ်ဆိုပြီး သူ့ အပေါ်မှာ ဘာအခွင့်အရေးမျိုးမှ ယူမှာ မဟုတ်ဘူး"

"မင်း သိက္ခာပိုင်ရော သမာဓိပိုင်းကိုပါ ငါ သိနေတာပဲ၊





ကောင်မလေးက မင်းအကြောင်းတွေကို သိလာရင် ပိုပြီး စေတနာထား တရုဏာဖြစ်မှာ သေချာတယ်၊ ကြိုးချင်းထား ကြိုးချင်းငြိ ဖိုးချင်းထား ဖိုးချင်းထိဆိုတဲ့ စကားပုံ ရှိနေသားပဲ၊ မင်းကလည်း ပွင့်ဖြူစိုးနဲ့ ပတ်သက်ပြီး သွေးအေးလို့ စိတ်ဓါတ်ကျနေတဲ့အချိန်၊ မင်းအနားကို သူ့အလိုလို ဒီကောင်မလေး ရောက်လာ တာ၊ လောကကြီးမှာ မထင်မှတ်တဲ့ သံယောဇဉ် ငြိတွယ်မှုဆိုတာ ဖြစ်လေ့ဖြစ်ထ ရှိတယ် သူငယ်ချင်း"

ခိုင်ထွန်းစကားတွေကပဲ ဆွဲဆောင်မှု ရှိသည်လား၊ သူ့စိတ် ကပဲ ယိုင်ချင်၍လား မသိ။ သံယောဇဉ်ဆိုသောစကားကို ကြားရုံမျှ ဖြင့် သူ တုန်လှုပ်မိသွားသည်။

"မင်း ပြောသလို ဖြစ်ခဲ့ရင်လည်း အဲဒီသံယောဇဉ်ဟာ သူ့ကိုရော ငါ့ကိုပါ နှောင်ဖွဲ့မယ့် အခြေအနေမျိုး ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူး ခိုင်ထွန်း၊ ဒါက အဆုံးစွန်ဆုံးအထိ ငါ ပြောလိုက်တဲ့စကားပဲ"

ဒီစကားကို ပြောရုံနှင့်ပင် သူ့ရင်ထဲမှာ ပေါ့ပါးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် သူငယ်ချင်း၊ တကယ့်လို့ မင်း ရှင်ဆိုင် လာခဲ့ရင် မင်း မဖော်တာ မလုပ်ဘူးဆိုတာ ငါ သိနေ တာပဲ၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ အဲဒီအခြေအနေ ပေါ်မှာ မူတည်ပြီး မင်းအတွက် အကောင်းဆုံး ဖြစ်အောင်တော့ လုပ်ယူပေါ့ကွာ"

ခိုင်ထွန်းကတော့ ပြောချင်ရာတွေပြောပြီး ထပြန်သွား၏။ ရည်မွန်ဦးနှင့် ပတ်သက်ပြီး သူ့ကို အတွေးတွေ ပေးသွားခဲ့၏။

ရည်မွန်ဦးနှင့် နီးစပ်အောင် လုပ်မိခြင်းအတွက် သူ နောင်တတော့ မရချင်။

ဒီအတွက် ပြဿနာဖြစ်လာခဲ့ရင်လည်း သူ ရင်ဆိုင်ဖြေရှင်း ရဲသာ ရှိတော့သည်မဲ . . . ။

▶▶

စိတ်ပင်ပန်းပြီး သူ ခဏမှေးခနဲ အိပ်ပျော်သွားခဲ့သည်။





သူ လန့်နိုးတော့ အခန်းထဲကို သန်းဝေ ရောက်နေ၏။ သူ့ လှုပ်ရှားမှုကြောင့် စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေရင်း နေရာမှ သန်းဝေ ထလာ၏။

"ဆရာ ထမင်းရော စားပြီးပြီလား၊ ကျွန်တော် စီစဉ် ပေးရမလား"

"ရတယ် သန်းဝေ၊ ငါ စားခဲ့ပြီးပြီ"

"ဆိပ်ကမ်းကို ပစ္စည်းတွေ ရောက်တာတယ် ဆရာ၊ အတော်ပဲ ရည်မွန်ဦး ရောက်လာမှာနဲ့ အလုပ်များတာ နဲ့ အံကိုက်ပဲ၊ ဆရာ့အနားမှာ ကျွန်တော် မရှိလည်း ရည်မွန်ဦး ရှိနေတော့ ကျွန်တော် စိတ်ချရတယ်"

"နေဦး သန်းဝေ၊ သူက ဘယ်တော့ အလုပ်စဆင်းမှာ လဲ"

"လာမယ့် တနင်္လာနေ့လေ ဆရာ"

"သူ့ကိစ္စတွေ အဆင်ပြေရဲ့လား"

"အားလုံးအဆင်ပြေပါတယ် ဆရာ၊ သူနဲ့ဆရာ တွေ့ဖို့ တောင် မနက်ဖြန် စနေနေ့ကို ချိန်ထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သန်းဝေ စကားကို နားမရှင်းလိုက်သောကြောင့်ပင် သူ ထပ်မေးလိုက်၏။

ရည်မွန်ဦးနှင့် သူ မနက်ဖြန်ကို ဘာကြောင့် ဆိုရမည် မသိပေ။

"နေပါဦး သန်းဝေ၊ မနက်ဖြန် ငါနဲ့တွေ့ရအောင် မင်းကို ဘယ်သူက ချိန်းခိုင်းလို့လဲ၊ သူ့ဘာသာသူ တနင်္လာနေ့ကို အလုပ် ဆင်းရင် ပြီးနေတာပဲဥစ္စာ"

"ဟုတ်တော့ ဟုတ်တယ် ဆရာ၊ သူက ဆရာ့ကို ကျေးဇူးဆပ်ချင်တာရယ်၊ ကျွေးချင်မွေးချင်တာရယ်ကြောင့် မနက်ဖြန် သူနဲ့ ဆုံဖို့ တမင်ချိန်းခိုင်းလိုက်တာပါ"

"နားရက်ကြီးမှ ကွာ၊ ဒီရက်ပိုင်း အလုပ်တွေ ရှုပ်လွန်းလို့ အေးအေးဆေးဆေး နားချင်တယ်ဆိုမှ ကွာ"

"ဆရာကလည်း ရည်မွန်ဦးနဲ့ နှစ်ယောက်ချင်းတွေ့မယ့် ကိစ္စက ဘာပင်ပန်းစရာ ရှိလို့လဲ၊ မနက်ဖြန်ကို ဆရာတို့





နှစ်ယောက် သွားချင်ရာ သွားလို့ရတယ်၊ ဆရာ့အတွက် စိတ်အပန်းဖြေရာတောင် ရောက်သေးတယ်"

"ငါနဲ့ သူနဲ့နှစ်ယောက်တည်း တွေ့ရမယ်၊ မင်းက မလိုက်ဘူးလား သန်းဝေ"

"ကျွန်တော် မလိုက်ဖြစ်ဘူး ဆရာ၊ မနက်ဖြန်ကို ရွှေတိဂုံဘုရား မြောက်ဘက်မုခ်နားက စောင့်မယ် ပြောတယ် ဆရာ၊ အဲဒီကနေမှ တစ်နေရာရာကို သွားမယ် ပြောတယ်"

"ဘယ်နှစ်နာရီလဲ"

"မနက်ကိုးနာရီ ဆရာ"

"အေးလေ မင်းက အတိအကျကြီး အချိန်းအချက် လုပ်ပြီးမှတော့ ငါ သွားရတော့မှာပေါ့၊ မဟုတ်ရင် ငါ မလာမချင်း သူ့ခမျာ စောင့်နေရမှာ"

"ဆရာ သွားမှ ဖြစ်မှာပေါ့၊ သူက ဆရာ့ကို ကျေးဇူး ဆပ်ချင်လို့ ကျွေးချင်မွေးချင်လို့ တမင်ချိန်းတာပဲ"

ရည်မွန်ဦးနှင့် ပတ်သက်ပြီး လူတွေကို အတိုက်အခံ ပြော



www.burmeseclassic.com

www.burmeseclassic.com



မနေချင်တော့ပေ။ ကိုယ်က လုပ်ခဲ့ပြီးမှတော့ ဒီလိုအပြောအဆို အထေ့အငေါ့လေးတွေကို သည်းခံစိတ်ရှည်ရပေတော့မည်ပဲ . . .။

မနက်ဖြန် ကိုးနာရီကို သူ ရောက်အောင် သွားရမည် . . .။

စကားပြောဆိုပြီးသည်နှင့် ကွေ့ဝိုက်ကာ သိပ်ပြီးအချိန်ဖြုန်းလို့ မဖြစ်ပေ . . .။

▶▶ ▶▶ ▶▶



(၅)

သူ့ထုံးစံအတိုင်းပင် မနက်ခြောက်နာရီထိုးသည်နှင့် ဆက်အိပ်လို့ မရဘဲ အိပ်ရာမှ နိုး၏။ မည်မျှပင် ညဘက်မှာ အိပ်ရေးပျက်ပျက် အလင်းရောင်မျက်နှာသို့ ကျသည်နှင့် သူ အိပ်ရာမှနိုးနေတတ်၏။

ကိုယ်လက်သန့်စင်ရင်းကပင် ရည်မှန်ဦးနှင့် ချိန်းဆိုထား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သတိရသည်။ သူလုပ်နေကျထုံးစံအတိုင်းပင် လမ်းလျှောက်ထွက်ဖို့ ပြင်၏။

သူ အိမ်မှ ထွက်ခါနီးတွင် စောစီးစွာ အိပ်ရာနိုးနေသော ပွင့်နှင့် ဆုံ၏။

"လမ်းလျှောက်ထွက်မလို့လား ကိုအောင်"

"ဟုတ်တယ် ပွင့်"

တစ်အိမ်တည်းနေ လင်မယားနှစ်ယောက်၏ ဆက်ဆံရေးမှာ သာမန်မျှသာ ဖြစ်၏။

ပွင့်ဖက်က သွေးအေးလွန်းနေသလို သူ့အနေနှင့်လည်း ဘာကိုမျှ မတောင်းဆိုဖြစ်ပေ။

သူ လျှောက်နေကျ လမ်းအတိုင်းပင် ကိုယ်လက်လှုပ်ရှားရင်းက လျှောက်ဖြစ်သည်။

အရင်ရက်တွေကဆို လမ်းလျှောက်ခြင်း ပြီးဆုံးသွားပါက သူ လက်ဖက်ရည် ဝင်သောက်နေကျဖြစ်၏။

ဒီနေ့အဖို့တော့ လက်ဖက်ရည် မသောက်တော့ပဲ အိမ်တန်းပြန်ဖြစ်သည်။





သူ အိမ်ပြန်ရောက်တော့ ခုနစ်နာရီခွဲ ရှိနေပြီ။

အိမ်အဝင်ဝမှာ သူစိမ်းတစ်ရံ၏ဖိနပ်များကို မြင်တွေ့သဖြင့် ဧည့်သည်တွေ ရောက်နေမှန်း သူ သိလိုက်သည်။

ဒီလိုပုံစံအရ ဆိုရင်တော့ ပွင့်တို့ သားအမိတွေမှာ တစ်ခုခု အစီအစဉ် ရှိနေတာ သေချာ၏။

ဧည့်ခန်းကို လှမ်းကြည့်မနေပဲ သူ့အခန်းရှိရာသို့ ဦးတည်လာခဲ့သည်။ သူ့အခန်းထဲကို ရောက်ပြီး မကြာခင်မှာပင် ပွင့် ဝင်လာ၏။

"ကိုအောင်"

အသံပေးရင်း ဝင်လာသော ပွင့်ကို သူ ကြည့်လိုက်သည်။ ပွဲနေပွဲထိုင်အလှအပတို့ကို ပွင့်ဆီမှာ တွေ့ရ၏။

"ပြောစရာရှိလို့လား ပွင့်"

"ရှိတယ် ကိုအောင်၊ သမီးလေးကိစ္စပါပဲ"

သမီးလေးကိစ္စဆိုသောကြောင့်ပင် သူစိတ်မဝင်စားချင် ဖြစ်သွား၏။

တာဝန်အရတော့ ပွင့်ကို ပြောခွင့်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ပွင့်"

"သင်တန်းမှာ သမီးလေးက ငယ်သလောက် သွက်လက်တယ်၊ တော်လည်း တော်တယ်၊ ဒါကြောင့်ပဲ V.C.D သီးချင်းခွေ သရုပ်ဆောင်ဖို့ ကမ်းလှမ်းကြတယ်၊ ဒီနေ့ သမီးရဲ့ ရိုက်ကွင်းရှိတယ် ကိုအောင်၊ ကိုအောင့်ကို လိုက်ခဲ့စေချင်တယ်"

ဒီခေတ်မှာက ဝိုက်ဆံရှိရင် ဘာပဲလုပ်လုပ် ဖြစ်နေ၏။ ဗွီဒီယို သရုပ်ဆောင် ဖြစ်နိုင်သည်။ ဒါရိုက်တာတွေကလည်း ပေါ၏ ပေါ၊ V.C.D ကာရာအိုကေ သီချင်းတွေ ပေါ်လာတော့ ပိုတောင်ဆိုး သေး၏။

"ပွင့်ကို ကိုအောင် ပြောခဲ့ပြီးပြီပဲ၊ ဒီကိစ္စကို သဘောမကျချင်လို့ ကိုအောင် ဘာမှ မပတ်သက်ခဲ့ဘူး၊ သမီးရဲ့ ပညာရေး အောင်မြင်မှုပွဲမျိုးဆိုရင်တော့ ကိုအောင် လိုက်ချင်တယ်၊ သမီးက ဆယ်တန်းတောင် မအောင်သေးဘူး ပွင့်၊ သမီးလေး ဘာမှ ဖြစ်မလာပဲ စိတ်လည်သွားမယ့်ကိစ္စမျိုးကို အားမပေးချင်ဘူး"





"ဒါကြောင့်မို့ မခေါ်ဖို့ သမီးက ပြောတာ၊ ကိုယ့်သားသမီးရဲ့ အောင်မြင်မှုကို ဘာမှ အားမပေးချင်ဘူး"

"ပွင့်ရော သမီးရော စိတ်ဆိုးလည်း ကိုအောင် ခံရရုံပဲ၊ တစ်ခုပဲ ပွင့်ကို သတိပေးချင်တယ်၊ သမီးက ငယ်သေးတော့ ပွင့် ရင်အုပ်မကွာစောင့်ရှောက်ပါ၊ သမီးတင် မဟုတ်ဘူး ပွင့် သားကိုလည်း ဒီတိုင်းပဲ၊ ကားတစ်စီး ပေးပြီး ထင်တိုင်း မကြွစေနဲ့ဦး အခု ကိုအောင်တို့ သားသမီးနှစ်ယောက်စလုံးက ပညာရေးမှာ ဘာဟုတ်တိပတ်တိမှ ထူးချွန်ကြတဲ့ပုံ မပေါ်ဘူး၊ ကလေးတွေကလည်း ပွင့် စကားမှ နားထောင်ချင်ကြတာ"

"တော်ပြီ ကိုအောင်ရာ၊ ကိုအောင်နဲ့ ဆက်ပြောနေရင် စိတ်အနှောင့်အယှက် ဖြစ်စရာတွေပဲ ဖြစ်လာမှာ၊ ကိုအောင် မလိုက်ချင်နေ ပွင့်တို့တော့ သမီး မိတ်ကပ်လိမ်းပြီးတာနဲ့ သွားတော့မယ်"

ပွင့်ကတော့ ရှုံ့ကာမဲ့ကာဖြင့် အခန်းထဲမှ ပြန်ထွက်သွား၏။ ပွင့် ထွက်သွားပြီး မကြာခင်မှာ မိတ်ကပ်ဆရာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



၏ အသံကို ခပ်ကျယ်ကျယ်ကြားရ၏။

အါဆိုရင်တော့ ပွင့်တို့ သွားကြတော့မည် ထင်၏။ နာရီကို သူ လှမ်းကြည့်လိုက်သည်။ မနက်ရှစ်နာရီဆယ့်မိနစ် ရှိနေပြီ။

ကိုးနာရီဘုရားသို့ အရောက်သွားရန် သူ ပြင်ဆင်ရတော့သည်။ ပွင့်တို့ ထွက်ပြီးသည်နှင့် နောက်မှလိုက်ထွက်မည် . . . ဟု စိတ်ကူးလိုက်၏။

▶▶

မြောက်ဘက်မုဒ်စောင်းတန်းခြေရင်းနားသို့ ကားရပ်တော့ ကိုးနာရီထိုးဖို့ ဆယ်မိနစ်လောက်တော့ လိုသေး၏။

ကားပေါ်မှာ ဖိနပ်ထားခဲ့ပြီး စောင်းတန်းမှပင် ခြေလျှင် တက်ခဲ့၏။

မှန်ရာကို ပြောရကြေးဆိုရင်တော့ ပွင့်နှင့်အတူတူ သ ရည်စားဘဝမှာရော၊ အိမ်ထောင်ကျပြီးမှပါ ဘုရားသွားကျောင်းတ လုပ်ခဲ့သည့် အကြိမ်အရေအတွက်က သုံးလေးခါပင် ပြည့်မ





မထင်ပေ။

လှေခါးထစ်များကို နင်းရင်းကပင် တိုက်ပုံအင်္ကျီအနားကို ဆွဲချလိုက်သည်။

ဘုရားပန်းကပ်ဖို့ စိတ်ကူးမိပြီးမှ တစ်ယောက်တည်း ပန်း စည်းကိုင်ရမှာ ရှိန်နေသဖြင့် အစီအစဉ် ဖျက်လိုက်ရသည်။

ဘုရားကို ဖူးမြော်ရင်းကပင် ရင်ပြင်တော်ပေါ်သို့ ခြေချမိ သည်။ ခြေအစုံရပ်ရင်းက ဟိုဟိုဒီဒီကြည့်နေစဉ်မှာပင် သူ့အနားသို့ ရည်မွန်ဦး ရောက်လာ၏။

"အခုမှ ဘုရားပေါ်ရောက်တာ မဟုတ်လား"

"ဟုတ်တယ်၊ ရည်မွန်ဦးရော ဘယ်တုန်းကတည်းက ရောက်နှင့်နေတာလဲ"

"မနက်ခုနစ်နာရီခွဲလောက်ကတည်းက ရောက်နေ တာ"

ရည်မွန်ဦး စကားကြောင့်ပင် သူ အံ့သြသွားရသည်။

"တစ်ယောက်တည်း ရောက်နှင့်နေတာ"

"ဟုတ်တယ်လေ၊ အမတ်စဉ် လုပ်နေကျလေ၊ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့က ပြောဖူးတယ်၊ ရွှေတိဂုံဘုရားနဲ့ အနေနီးတဲ့သူဟာ ကုသိုလ်ကောင်းမှု များများရနေသလိုပဲတဲ့၊ ဒါကြောင့်မို့ တစ်ပတ်မှာ တစ်ရက်၊ အထူးသဖြင့် ဖနေလိုနေ့မျိုးမှာ မနက်တိုင်း စောစောထပြီး ဘုရားတက်ဖြစ်တယ်၊ ပုတီးစိပ်တယ်၊ ပြီးမှ ကျေးဇူးရှိတဲ့ လူတွေအတွက် ကုသိုလ်လုပ်ပေးတယ်၊ သူတို့ ကိုယ်စိတ်နှလုံး ကျန်းမာ ချမ်းသာစေဖို့ မေတ္တာပို့ပေးတယ်"

ရည်မွန်ဦး၏ စကားများကြောင့် တအံ့တသြ ဖြစ်သွားရသည်။

မွန်ရည်သော မိန်းကလေးတစ်ယောက်ကို မချီးကျူးပဲ မနေနိုင်တော့ပေ။

"သာဓုခေါ်ပါတယ်၊ ဒီအရွယ်မျိုးနဲ့ ဒီလိုစိတ်ဓါတ်မျိုးရှိတာ မွန်မြတ်ပါတယ်၊ ဒါနဲ့ အဲဒီအလုပ်တွေအားလုံး ပြီးသွားပြီလား"

ရည်မွန်ဦး၏ ကုသိုလ်ဖြစ်လုပ်ငန်းကို သူ ကြည်ညိုချင် မြင်ချင်





သေး၏။

သူလည်း အေးချမ်းစွာ ဘုရားဝတ်ပြုချင်သည်။

"ဒါဆိုလည်း လုပ်စရာရှိတဲ့ ကုသိုလ်ကောင်းမှုကို လုပ်လေ၊ တစ်နေရာရာကနေ စောင့်နေပေးမယ်"

"ရည်မွန်နဲ့ အတူတူ ခဏလိုက်ခဲ့ပေးပါ"

ညာဘက်လက်က အထုပ်တစ်ခုကိုဆွဲပြီး ကျန်ဘယ်လက်ဖြင့် သူ့လက်ကို ဆွဲခေါ်၏။

ရုတ်တရက်ကြီး ပြုမူလိုက်ခြင်းကြောင့် သူ ကြောင်သွားရသည်။ ရည်မွန်ဦး ခေါ်ရာနောက်သို့ သူ ပါသွားရ၏။

လူသူရှင်းသော ဇရပ်တစ်ခုထဲသို့ ခေါ်သွားသည်။ ဇရပ်ထဲ ဝင်ပြီးသည်နှင့် ရည်မွန်ဦး ပြောသည်။

"ဒီနားမှာ ခဏလေး ထိုင်ပေးနော်"

သူ့ကိုသာ ဘာအဓိပ္ပါယ်နှင့် ရည်မွန်ဦး ထိုင်ခိုင်းသည် မသိ။ သူကလည်း ဘယ်လိုမျိုး ထိုင်ရမည်မသိ ဖြစ်နေ၏။

"တင်ပလ္လင်ခွေပဲ ထိုင်လေ"

ရည်မွန်ဦး ပြောသည့်အတိုင်းပင် သူ ထိုင်လိုက်သည်။ စော



www.burmeseclassic.com

www.burmeseclassic.com



စောတက အထုပ်လေးကို သူ့ရှေ့မှာ ချ၏။ သူ့ရှေ့မလှမ်းမကမ်းမှာ ရည်မွန်ဦး ကျုံ့ကျုံ့လေး ထိုင်ချလိုက်၏။

ကောက်ခါငင်ခါဖြင့် လက်အုပ်ချီလိုက်သောကြောင့် သူ လန့်ဖြန့်သွား၏။

"ဒါ ဘာလုပ်တာလဲဟင်"

"ခဏလေး ငြိမ်နေပေးနော်၊ ဒီပစ္စည်းလေးတွေနဲ့ ရည်မွန် ကန်တော့ချင်လို့"

သူ ငြင်းချင်ပေမယ့် အချိန်မရလိုက်ပေ။ သူ့ကို ရည်စူးပြီး ဦးသုံးကြိမ် ချလေ၏။ သူ့ဘဝမှာ ပထမဆုံး မထင်မှတ်သောသူက ကန်တော့ခြင်းကို ခံလိုက်ရ၍လား မသိ။ ရည်မွန်ဦး ဦးချပြီးတော့ ဘာဆုတွေပေးရမှန်း မသိအောင် ဖြစ်သွားမိသည်။

▶▶

အတော်လေးကြာမှပင် ကျန်းမာချမ်းသာပါစေဆိုသော ပွယ်လွယ်ဆုမျိုးကိုပင် သူပေးလိုက်ရသည်။ ရည်မွန်ဦးကတော့





ကလေးငယ်တစ်ဦးလို အပြစ်ကင်းသော မျက်နှာမျိုးလေးဖြင့် ပျော်ရွှင်မြူးတူးနေ၏။

"ရုတ်ရက်ကြီး အကန်တော့ခံလိုက်ရတော့ ခြီးစလွယ်ပဲ ဆုပေးလိုက်ရတယ်"

"ရပါတယ်၊ ရည်မွန်က တမင်ဒီလို အံ့အားသင့်အောင် လုပ်ချင်လို့ ချိန်းလိုက်တာလေ"

ဇရပ်အဆင်းအတက် လှေခါးထစ်များမှာ လွတ်လပ်စွာ ထိုင်ရင်း စကားပြောဖြစ်ကြသည်။

"ဘာပစ္စည်းတွေလဲ"

အကန်တော့ခံအိတ်လေးကို ကြည့်ရင်း သူ မေးဖြစ်သည်။

မခို့တရို့ပြုံးရင်းက ရည်မွန်ဦး ဖြေ၏။

"ပင်နီတိုက်ပုံနှစ်ထည်လေ၊ ကိုယ်တိုင်းကိုတော့ ကိုသန်းဝေဆီက တောင်းတာ၊ အော်ဒါချုပ် ဆိုပေမယ့် ပွနေရင် ပြန်သိပေးမယ်လေ၊ ဝတ်ကြည့်ဦးပေါ့"

"အတော်ပဲ၊ တိုက်ပုံဝယ်မလို့ စဉ်းစားနေတာ၊ ကျေးဇူး တင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတော့ခံတဲ့သူက ကျေးဇူးဟင်တယ်ဆိုတဲ့စကား မပြောရဘူးလေ"

"ဒါဆိုရင်တော့ တိုက်ပုံကန်တော့တဲ့အတွက် တကယ့်ကို နှစ်သက်ပီတိ ဖြစ်မိတယ်"

ပြောသူမှာ နာသူပါ တကယ့်ကို ဝမ်းသာနေမှန်း သိသာ၏။

အပြစ်ကင်းစွာ လှနေသော ရည်မွန်ဦး မျက်နှာလေးကို အမှတ်မဲ့ အကြည့်ရောက်၏။

"ရည်မွန် အခေါ် အဝေါ်နဲ့ ပတ်သက်ပြီး နာမည်နှစ်မျိုး စဉ်းစားထားတာ ရှိတယ်"

"ဘယ်သူ့အတွက်လဲ"

"ဘယ်သူ့ဆိုဦးမှာလဲ ဦးအောင်မြတ်လှဆိုတဲ့ ရည်မွန် ကျေးဇူးရှင်အတွက်ပေါ့၊ သူက အစ်ကိုကြီးတစ်ယောက်လို ရည်မွန်အပေါ်မှာ စေတနာထားတဲ့သူပေါ့၊ ရည်မွန် လေးစားရတဲ့သူလေ"

အရယ်အပြုံးမပါ သမမောဖြင့် ရည်မွန်ဦး ပြောသည်။





တွေးကြည့်ရင်းကပင် သူ ဒုန်းဝေးမှန်း ဘာသာ သိလိုက်ပြန်၏။

"ရည်မွန်က အဲဒီလူကို ဘယ်လို နာမည်နှစ်မျိုး ခေါ်ချင်လို့လဲ ပြောပြလေ"

ရည်မွန်ဦးဟု မခေါ်ပဲ ရည်မွန်ဟုပင် သူ ခေါ်ခေါ် လိုက်၏။ အပြုံးမပျက်သော မျက်နှာဖြင့် ရည်မွန် ပြောလေ၏။

"ပထမတစ်နည်းကတော့ အစ်ကိုကြီးလို့ ခေါ်မလို့ပါ၊ သေချာစဉ်းစားတော့မှ မကောင်းမှန်း သိတာ၊ ရည်မွန် အနေနဲ့ အစ်ကိုကြီးတစ်ယောက်လို ယုံကြည်ကိုးစားပြီး ခေါ်ပေမယ့် ဘယ်သူပဲကြားကြား တစ်မျိုးဖြစ်နေမှာစိုးလို့လေ"

"ဒါဆို ဘယ်လိုခေါ်မှာလဲ"

"နာမည်တစ်လုံးလည်း ပါသွားအောင် အစ်ကိုကြီးလို့လည်း မကလက်ရအောင် ကိုကြီးအောင် ခေါ်မယ်လေ"

"ခေါ်စေဗျာ၊ ဒါနဲ့နေပါဦး နောက်အခေါ်အဝေါ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကရော ရည်မွန်”

“ဒီလိုလေ ကိုကြီးအောင်ဆိုတာက နှစ်ယောက်ချင်း ရှိတဲ့ အခါမျိုးနဲ့ ပတ်သက်တဲ့ ပတ်ဝန်းကျင်က လူတွေ မရှိတဲ့အခါမှာ ခေါ်မှာ၊ အလုပ်ထဲမှာ တကယ့်လူတွေ ရှေ့မှာတော့ ဆရာလို့ ခေါ်မယ်၊ ကိုကြီးအောင်ဆိုတာ က တကယ့်ကို မြတ်နိုးလေးစားမှုနဲ့ ရင်ထဲက ခေါ်တာ၊ ဆရာဆိုတာက အပေါ်ယံသဘောနဲ့ ခေါ်တာ”

အခေါ်အဝေါ် နှစ်မျိုးကို တစ်ပြိုင်နက် သမုတ်ပြီး အနက် အဓိပ္ပါယ် သက်ရောက်မှုများကိုပါ ရည်မွန် ပြောလေ၏။

ရည်မွန်နှင့် နေထိုင်ပြောဆိုရတာ အလွန်ငြိမ်းချမ်းရသည် ပဲ . . . ။

သူ့ အနီးအနားတွင် ရည်မွန် ရှိနေသရွေ့ သူ့ အတွက် စိတ် ချမ်းမြေ့စရာတွေက တစ်ခုပြီး တစ်ခု ဖြစ်ပေါ်လာမှာ သေချာနေ၏။

▶▶





“ရည်မွန် ကုသိုလ်ကောင်းတယ်လို့ ပြောရမယ် ကိုကြီး အောင်၊ ရည်မွန် ကုသိုလ်ကောင်းမှုကို ဘာသာရေး အရပဲ သိတတ်စ အရွယ်ကတည်း လုပ်တယ်၊ ဥပုဒ် သီလလည်း ကိုယ်နိုင်သရွေ့ စောင့်တယ်၊ ကုသိုလ်ပြီး တိုင်းလည်း အမြဲ တိုင်တည်လေ့ရှိတယ်”

ဘုရားရိပ်တရားရိပ်၏ အရိပ်အာဝါသနှင့် မွေးလာခဲ့ရသူ ပတ်သံများက အေးချမ်းမှုကို ရနေသလို ရည်မွန်စကားတွေကလည်း နားဝင်အေးချမ်းလှ၏။

“ပြောပြစမ်းပါဦး ရည်မွန်”

“သူတော်ကောင်းတရားကို အမြဲနားကြားရပြီး ကြင်နာ သနားတတ်တဲ့ ရင်ခွင်၊ တရားစောင့်သိတတ်တဲ့ နှလုံးသားရှိသူတွေနဲ့ အမြဲကြုံရပါစေလို့ တိုင်တည်မိ တယ်၊ အဲဒီတိုင်တည်မှုက ပြည့်တယ်လို့ ပြောရမယ် ကိုကြီးအောင်”

“ဘာဖြစ်လို့လဲ ရည်မွန်ရဲ့”

“ကိုကြီးအောင်နဲ့ လာဆုံရလို့လေ”



www.burmeseclassic.com

www.burmeseclassic.com



ရည်မွန်စကားကြောင့်ပင် သူ နောက်ပြောင်စကား ဆိုမိသည်။

"ရည်မွန် ပြောမှပဲ ကိုယ်က တကယ့်လူသူတော်ကောင်းကြီး ဖြစ်နေပြီ၊ ရည်မွန် သိထားဖို့က အတ္တရှိတဲ့ လူဆိုတာ အမှားကင်းလေ့ မရှိဘူး၊ သူတော်ကောင်းတရားဆိုတာ နားကြားရတာထက် လိုက်နာစောင့်ထိန်းဖို့ ခက်ခဲတယ်"

"ဒါပေမယ့် အားလုံးထက်တော့ ကိုကြီးအောင်က စောင့်ထိန်းတယ် မဟုတ်လား"

"အဲဒီလို ပြောလို့တော့ ရတာပေါ့"

ပြောရမည်ဆိုရင်တော့ သူနှင့်ရည်မွန်သည် တွေးတောကျင့်ကြံတာချင်း တူနေသည် . . . ဟု ဆိုရမည်လေ . . . ။

"ရည်မွန် လူကဲခတ် မညံ့သလို တွေးတာလည်း မမှားနိုင်ဘူး၊ ကိုကြီးအောင်က ကိုယ့်ကိုထက် လူတွေအပေါ် အလေးထားတယ်၊ ကိုယ့်ကြောင့် တစ်ပါးစိတ်ဒုက္ခရောက်မယ့် အလုပ်မျိုးကို မလုပ်ဘူး၊ ရည်မွန်လည်း





ဒီတိုင်းပဲ ကိုကြီးအောင်၊ လူတိုင်းလူတိုင်း ဟာ အဲဒီလို သူတော်ကောင်းတရားကို အမြဲထားနိုင်ရင် ပတ်ဝန်းကျင်ဟာ ဒေါသမောဟတွေ ကင်းနေမယ်၊ အာဃာတတွေ အငြိုးအတေးတွေ မဲ့နေမှာ အမှန်ပဲ"

"ရည်မွန် အသက်ဘယ်လောက် ရှိပြီလဲ"

"အသက်နှစ်ဆယ်ပြည့်ခါနီးပြီဆိုတော့ နှစ်ဆယ်လို့ ပြောရမယ် ကိုကြီးအောင်"

စိတ်ထဲကနေပြီး တွက်ကြည့်သည်။

သူနှင့်ရည်မွန်သည် အသက်တစ်ဆယ့်ခြောက်နှစ် ကွာသည်။

"ကိုကြီးအောင်က သုံးဆယ့်ခြောက်နှစ်၊ ဒီတော့ ရည်မွန်နဲ့ ကိုကြီးအောင်က ဆယ့်ခြောက်နှစ်လုံးလုံး ကွာတယ်၊ ကိုကြီးအောင် ပြောချင်တာက ရည်မွန် အသက်ရွယ်တုန်းက ကိုယ့်ဘာသာ နေထိုင် ခဲ့ပေမယ့် အဲဒီလို အတွေးမျိုး မဖြစ်ခဲ့ဘူး၊ ရည်မွန်လို လူငယ်တစ်ယောက်က ဒီလိုစိတ်ထားမျိုး ရှိနေတာ ကိုကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ ပတ်ဝန်းကျင်ရဲ့ အနာဂါတ်အတွက် အရမ်း အကျိုးရှိတာပဲ"

"ဒီလို မြှောက်ပင့်ပြောဖေါ်ရတဲ့ ကိုကြီးအောင်ကို မနက်စာ ကျွေးဦးမှာပါ"

"အဲဒီအစားအသောက် ကုန်ကျငွေကို တော့ ကိုကြီးအောင်ပဲ ကျခံချင်တယ် ရည်မွန်"

ရည်မွန်စကားကို သူ ကြိုကာလိုက်သည်။

ရည်မွန်က အလွယ်တကူ ခေါင်းမညိတ်။

နောက်ဆုံးမှာတော့ သူကပင် အလျှော့ပေးလိုက်ရ၏။

"မရဘူး ကိုကြီးအောင်၊ ဒီနေ့ တစ်နေ့လုံး ရည်မွန် အစီအစဉ်အောက်မှာ ကိုကြီးအောင် ငြိမ်ငြိမ်လေး နေရမယ် ဘာဆိုဘာမှ ကန့်ကွက်စရာ မလိုသလို တောင်းဆိုစရာလည်း မလိုဘူး"

ပျော်ရွှင်ဖွယ်စကားကို ဆိုတတ်သော ရည်မွန်။

လိမ္မာရေးခြား ရှိလွန်းလှသော မိန်းကလေးတစ်ယောက်။

ထိုအချင်းအရာတွေနှင့် ပြည့်စုံသော ညီမလေး





တစ်ယောက်ကို ကုသိုလ်ကံကောင်းစွာဖြင့် သူ တောက်ရလိုက်သည် ပဲ။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com

## (၆)

လေယာဉ်ကွင်းမဆင်းမီ ညဘက်တွင် သူ့အိမ်မှာ ခိုင်ထွန်း လိုက်အိပ်သည်။ မိုးအတော်ချုပ်သည့်အထိ ခိုင်ထွန်းနှင့် စကားပြော ဖြစ်ကြသည်။

အစောပိုင်းအချိန်များမှာတော့ သူတို့စကားဝိုင်းထဲမှာ ပွင့် တစ်ယောက်လည်း ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဖြူစိုးကို ငါ ပြောစရာ ရှိတယ်၊ တကယ့်စိတ်ရင်းနဲ့ ပြောမှာနော်၊ နင်တို့မိသားစုရဲ့ ရှေ့ရေး ရှေ့ရာဆိုလည်း မမှားဘူး၊ နင်တို့ငါတို့ ခင်မင်ခဲ့တာ ငါတို့သုံးယောက် အသိဆုံးပဲ"

"ဘာလဲ ကိုခိုင်ထွန်း၊ ကိုအောင်နဲ့ ကျွန်မ အမြဲ ဘုံဘောက် ဖြစ်နေတဲ့ကိစ္စလား"

ခိုင်ထွန်း စကားရိပ်သန်းခြင်းကို ပွင့်နည်းတူ သူလည်း သိနေ၏။

ခိုင်ထွန်း ပြောလည်း သိပ်အကြောင်းထူးမှာ မဟုတ်ပေ။ ခိုင်ထွန်းနေရာမှာ ဒီမြင်လူတစ်ယောက်ယောက် ဖြစ်နေပါက ပွင့်တ ငြိမ်နေမှာ မဟုတ်ပေ။ အခုတော့ ခိုင်ထွန်းက မနက်ဖြန်မြန်မာပြည်မှ ခွာတော့မှာဆိုတော့ ငြိမ်ပြီး နားထောင်၏။

"ဟုတ်တယ် ပွင့်ဖြူစိုး၊ နင်တို့က ကျောင်းတက်နေတဲ့ အချိန်မှာပဲ အိမ်ထောင်ပြုခဲ့ကြတာ၊ အိမ်ထောင်ကျတာ စောတယ်လို့ ပြောရမလိုပဲ၊ ငါတောင် အခုထိ အိမ်ထောင် မကျသေးဘူး၊ နင့်သမီးဆို အပျိုဖြစ်ပြီလို့





ပြောလို့ရတယ်၊ ငါ ပြောချင်တာကတော့ နင်အနေနဲ့ နင်ကိုယ်နင်ရယ် ပြီးတော့ ကလေးတွေကိုချည်းပဲ အာရုံမထားနဲ့လေ၊ ဖိုးအောင်အတွက်ပါ နင် ခေါင်းစား ပါဦး၊ နင်တို့ကို ကြားထဲကနေပြီး ကြည့်ရတာ အတော်လေးကို သွေးအေးလွန်းအားကြီးတယ်"

"သားတွေသမီးတွေနဲ့ ကိုယ့်ကိုကိုယ်က အရေးကြီးတယ်လေ ကိုခိုင်ထွန်း၊ ကိုအောင်က ရိုးရိုးအေးအေး ချမ်းချမ်းနေချင်တဲ့သူ၊ သူ့ကို ကရုဏာထားပြီး သူ့စကား နားထောင်ရင် အားလုံး ပတ်ဝန်းကျင်နဲ့ ဝေးသွားမှာပေါ့"

ခိုင်ထွန်းနှင့် ပွင့်တို့ ပြောစကားများကို ဘာမှ ဝင်မပြောပဲ ငြိမ်နားထောင်မိသည်။ ဝင်ပြောရင်လည်း ကြားထဲက ခိုင်ထွန်းကပင် အနေခက်ရဦးမည်။

"မဟုတ်ဘူးလေဟာ၊ ဖိုးအောင်က အသက်ကြီးသေးတာ မဟုတ်ဘူး၊ ဘာပဲပြောပြော ယောကျ်ားလေး တစ်ယောက်အနေနဲ့ ငါ့အမြင် ပြောရရင် အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ရေး သာယာမှု မပြည့်စုံဘူးလို့ ပြောရမယ်၊ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဆိုတာ သာယာမှုမှာ အမြဲမွေ့ပျော်တတ်တယ်၊ ဒါကို နင်မေ့ထားတယ်၊ ဖိုးအောင်မို့လို့ပေါ့၊ ဖိုးအောင်နေရာမှာ တခြားယောကျ်ားတစ်ယောက်ယောက်ဆိုရင် အပျက်ပျက်နဲ့ အချင်းများကြမှာ သေချာတယ်"

"ဒီအချိန်ကြီးကျမှ ကိုအောင်အပေါ် တနွဲ့ကလျ ဖြစ်နေရဦးမှာလား ကိုခိုင်ထွန်း၊ သားတွေသမီးတွေကြီးနေပြီပဲဥစ္စာ"

"ဒုက္ခပါပဲဟာ၊ နင်က ရှင်းပြလေ ပိုနားဝေလေပဲ၊ ငါရှင်းရှင်းပဲ ပြောမယ်၊ နင့်ယောကျ်ား သာယာမှုရှာပြီး နင်တို့ မိသားစုကို ထားသွားမှာစိုးလို့ သိပြီလား"

သူ့ကို ရှေ့မှာထားပြီး အားမနာတမ်းပင် ခိုင်ထွန်း ပြောချလိုက်သည်။

ခိုင်ထွန်းစကားကြောင့်ပင် ပွင့်ဒဲ့မူအရာကို သူ အကဲခတ်ကြည့်၏။





ပျက်သွားသောမျက်နှာကို ချက်ချင်းပြန်ထိန်းကာ ပွင့် ပြောသည်။

"သူလုပ်ရဲရင် လုပ်ကြည့်လေ၊ အကြောင်းသိသွားမှာပေါ့၊ ကိုခိုင်ထွန်းလူက ဒီလောက်သတ္တိကောင်းရင် ဒီပုံစံမျိုးတောင် ဖြစ်မနေဘူး"

သူ့မာနကို ထိပါးသောကြောင့်ပင် ဝင်ရောက်ချေပလိုက်၏။

သူ ပြောသင့်သည့်စကားမျိုးမို့ ခိုင်ထွန်းကလည်း မတားဖြစ်ပေ။

"ဒီမှာပွင့်၊ ကိုအောင်က ပွင့်ကို ကြောက်လို့ ဒီလိုအပြုမူမျိုး မလုပ်တာ မဟုတ်ဘူး၊ ကိုအောင့်ဂုဏ်သိက္ခာ၊ ကိုအောင့်အချစ်နဲ့ မိသားစုအပေါ် စောင့်စည်းနေလို့နော်၊ ဒါကိုတော့ ပွင့် သိထားစေချင်တယ်"

"စမ်းရဲရင် စမ်းကြည့်လေ ကိုအောင်"

"တော်ပါ-ပွင့်ဖြူစိုးရာ၊ မလုပ်ပါဘူးဆိုတဲ့လူကို လုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လာအောင် ဆွဲပေးသလိုမျိုး ဖြစ်နေပြီ ငါ ပြောတာကို နင် မြန်မြန် သဘောပေါက်စမ်းပါ။ နင်တို့ မိသားစုကို ကြည့်ရတာ သိုက်သိုက်ဝန်းဝန်း မရှိဘူး၊ နင်တို့ကို ကြည့်ပြီး ငါ အိမ်ထောင်ပြုချင်စိတ် မှုမဲ့သွားရတယ်"

ပွင့်ကတော့ ဘာစကားမှ ထပ်မပြောတော့ပေ။ စကားနည်းရန်စဲဆိုသော အသိကို နှလုံးသွင်းလိုက်ပုံရ၏။

သူ့ရင်ထဲမှာတော့ အသံမဲ့စွာ ပွင့်ကို ပြောနေရသည်ပဲ။

အချိန်အခါ တစ်ခုမှာတော့ ပွင့်တစ်ယောက် ပူပင်သောက မရောက်စေဖို့ သူ ဆုတောင်းပေးရသည်။ ပြောမည့်သာ ပြောရသည်။ ပွင့်အပေါ်မှာတော့ သူ သစ္စာမဲ့ဖို့ အိပ်မက်မျှပင် မမက်ဘူးခဲ့ပေ။

▶▶

ပွင့်အိပ်ရာဝင်သွားပြီးနောက် သူ့အခန်းထဲမှာ ခိုင်ထွန်း အရက်သောက်သေး၏။ အရက်သောက်ရင်းတပင် ညနက်သည်





အထိ ခိုင်ထွန်း စကားတွေ ပြော၏။

နှစ်ယောက်တည်း ပြောကြဆိုကြသောအခါမှာတော့ ရည်မွန်အကြောင်းကို အဓိကထားပြီး ခိုင်ထွန်း ပြောလေ၏။

"ချာတိတ်မလေးက မင်းကို ကိုကြီးအောင်လို့ ခေါ်နေပြီ မဟုတ်လား ဖိုးအောင်"

"သူ ရှိသေလေးစားလို့ ခေါ်တာပဲကွာ"

"ရည်မွန်ဦးက ရိုးသားတယ်၊ အလုပ်ကြိုးစားတယ် အတော်လေး လိမ္မာရေးခြား ရှိတယ်လို့ သန်းဝေ ပြောတယ်၊ သန်းဝေကတောင် ရည်မွန်ဦးကို သဘောကျနေတဲ့ပုံပဲ"

သူ့အတွင်းစိတ်ကို အလဲထိုးချင်သည့် နမိတ်ပြစကားကို ခိုင်ထွန်း ဆိုလေ၏။

ခိုင်ထွန်း ပြောသလို ရည်မွန်အပေါ် သံယောဇဉ် ဖြစ်ခဲ့သည်ပဲထားဦး။ အဲဒီသံယောဇဉ်က တကယ်ကို မြူစင်ကြောင်းတို့တော့ ခိုင်ထွန်း သိစေချင်၏။

"ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ခိုင်ထွန်း။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ပါ၊ ငါ့အတွင်းစိတ်မှာတော့ တစ်စုံတစ်ခု အတိုင်းအတာအထိ ဖောက်ပြန်ဖြစ်ရင် ဖောက်ပြန်လိမ့်မယ်၊ အဲဒီ ဖောက်ပြန်မှုဟာလည်း ယာယီခဏမှာပဲ ချုပ်ငြိမ်းသွားလိမ့်မယ်၊ မီးဆိုတာ ဘယ်လောက်ပဲ လောင်စေချင်လို့ ရှိရှိ လောင်စာရှိမှ မီးတောက်ကြီးတာ၊ လောင်စာမဲ့ရင် မီးဟာ ခဏချင်းမှာပဲ သေသွားလိမ့်မယ်၊ ဒီသဘောပဲ ခိုင်ထွန်း၊ ငါ့ဘက်က ဖောက်ပြန်ချင်တယ်ပဲ ထားဦး၊ ရည်မွန်လို မိန်းကလေးမျိုးဆီမှာ လောင်စာမဲ့နေတယ်၊ ငြိမ်းချမ်းနေတယ်၊ ပင်လယ်ရေထဲကို မီးတစ်စ ပစ်ချလိုက်သလိုပဲ ပြန်ငြိမ်းမှာ ခိုင်ထွန်း"

ခိုင်ထွန်းက သူ့စကားကို အလေးအနက်ထားပြီး နား ထောင်ပေး၏။

သူ့စကားဆုံးတော့ ခိုင်ထွန်း ပြောသည်။

"ငါ ပြောမယ်နော်၊ ရည်မွန်ဦးဟာ လောင်စာတွေကို စုပုံချပြနေရင် မင်း ဘယ်လိုလုပ်မလဲ၊ မဖြစ်နိုင်ဘူးလို့





မပြောနိုင်ဘူးနော်၊ လူ့ဘဝ လူ့ကံကြမ္မာဆိုတာ ကြို မမြင်နိုင်သလို၊ ရှောင်တိုင်းလည်း လွတ်ချင်မှ လွတ် တာ၊ အဲဒီအခါမှာ မင်း ဘာလုပ်မလဲ ဖိုးအောင်"

ခိုင်ထွန်း စကားကို သူ ချက်ချင်း အဖြေမပေးပေ၊ သက်ပြင်းရှည်ချပြီးမှ သူ အဖြေပေးဖြစ်၏။

"ရည်မွန်ကိုတော့ အဲဒီမီးနဲ့ မလောင်မြိုက်စေဘူး၊ ငါ့လက်ထဲက မီးနဲ့ ငါ့ကိုယ်ငါပဲ ပြန်ရှို့ပစ်မှာ သေချာ တယ်"

"ထားလိုက်ပါလေ၊ ပထမတော့ ငါ သိထားတာက မင်း ရယ် ရည်မွန်ဦးရယ်၊ ပွင့်ဖြူစိုးရယ်ဆိုတဲ့ သုံးပွင့်ဆိုင် ဇာတ်လမ်းလို့ သိထားတာ အခု လေးပွင့်ဆိုင်ဖို့ တစ်ယောက်က ခြေလှမ်းအစပျိုး နေပြီ၊ အဲဒါကို မင်း မသိဘူး မဟုတ်လား"

သန်းဝေ ဆိုတာကိုတော့ သူ ရေးရေး သဘောပေါက်၏။ သေချာအောင်ပင် သူ ထပ်မေးကြည့်လိုက်သည်။

"ဘယ်သူများလဲ ခိုင်ထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြောခဲ့ပြီးပါပြီ၊ ရည်မွန်ဦးကို ဘယ်သူ သဘောကျစရာ ရှိသေးလို့လဲ"

"သန်းဝေလား"

"သိပ်ဟုတ်တာပေါ့၊ မင်းကို ရှူ့လို့ ဖွင့်မပြောတာ၊ ငါ့ကိုတော့ ရင်ဖွင့်တယ်၊ သန်းဝေက ပြောပါသေးတယ်၊ ရည်မွန်ဦးနဲ့ ပတ်သက်ပြီး သူဟာ ဒုတိယနေရာမှာ ရှိနေတယ် ဆိုတာကို သိပါတယ်တဲ့၊ မင်းတို့နှစ်ယောက်ရဲ့ သံယောဇဉ်၊ အထူးသဖြင့် မင်းအပေါ်ထိုတာထက် ပိုနေတဲ့ ရည်မွန်ဦးရဲ့ သံယောဇဉ်ကို သန်းဝေ သိနေလို့ပဲ ဖိုးအောင်"

"ဒါပြဿနာမှ မဟုတ်ပဲ ခိုင်ထွန်းရာ၊ သန်းဝေဘက်က တကယ် နှစ်နှစ်ကာကာ ဖြစ်နေရင် ရိုးမြေကျ ပေါင်းသင်းမယ်ဆိုရင် ငါကတောင် အောင်သွယ် လုပ်ပေးသင့် ပေးရဦးမယ်"

"သူ့ဘာသာသူ နေပါစေ ဖိုးအောင်၊ မင်း အောင်သွယ် လုပ်ပေးခါမှ ရင်တွေပွင့်ထွက်ကြပြီး သူတို့နှစ်ယောက်





ပိုဝေးစရာ ဇာတ်လမ်းတွေ ဖြစ်လာပါဦးမယ်"

ခိုင်ထွန်းစကား၏ တာသွားမှုကို သူ ကောင်းကောင်းသိ၏။ အခုအချိန်မှာတော့ အတင်းအကျပ်ကြီး သူ မခြွင်းချင်ပေ။ အချိန်အခါကိုတော့ သူ စောင့်ရပေလိမ့်မည်။

အဲဒီအချိန်အခါကျရင်တော့ သူ့သံယောဇဉ်နှင့် သူ့နှလုံးသားသည် အခြားဘယ်သူ့ကိုမှ မလောင်မြိုက်စေကြောင်းကိုတော့ သက်သေပြရလိမ့်မည်ပဲ . . . ။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ဆုတောင်းမှားခဲ့ပါလေသလား . . . ။

ငဲ့ညှာခြင်း၊ ယောက်ထားခြင်းများစွာဖြင့် သံယောဇဉ်တို့ရင်မှာဖြစ်ခဲ့ရပြန်သည်။

တစ်ချိန်ချိန်မှာ ဝေးကွာရမည်ကို သိနေပါလျက်၊ ဗမ္ဗကွ၏အချိန်များတိုတော့ သံယောဇဉ်အတွက်ပင် ပေးဆက်ဖြစ်ခဲ့ပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

နှစ်ဦးချင်းသာ နားလည်သော ခံစားမှုဖြင့် မည်သူ့ကိုမျှ မထိခိုက်၊ မစွန်းထင်အောင် စောင့်ထိန်းရင်းဖြင့် သက်ပြင်းတွေ အလီလီ ချခဲ့မိပြန်သည်။

ရင်အစုံသည် ခံစားတတ်ပါလျက်ပင် . . . အိပ်မက်တွေကို ထုဆစ်ခဲ့ကြသည်လေ . . .။

ဒီဘဝမှာတော့ မေ့ပျောက်လို့ မရကောင်းသော ဖြစ်ရပ်တစ်ခုဆီသို့ မသိမသာ လှမ်းရင်းက လမ်းဆုံးသွားသည်။

ထိုလမ်းဆုံးမှာတော့ နှစ်ဦးစလုံးအတွက် ခွဲခွာခြင်းတွေက အသင့်စောင့်ဆိုင်းနေ၏။

လွှမ်းတတ်ပါရင်တော့ လွမ်းစရာပါပဲလေ . . .။

နားလည်တတ်ခဲ့ကြ၍သာ ဆန့်ကျင်ရာအရပ်များဆီသို့ ပြေးထွက်ခဲ့ကြခြင်းပေပဲ . . .။

နှုတ်ဖြင့် မပြော၊ စာဖြင့် မဖွဲ့ဖြစ်ခဲ့ကြပေမယ့် ရင်ထဲမှာတော့ ထာဝရ ဖြစ်ကျန်ခဲ့ကြ၏။

▶▶ ▶▶ ▶▶



(၁)

ကိုကြီးအောင်ဆီမှာ သူမ အလုပ်ဝင်တော့ သုံးလနီးပါး ရှိသွားပြီ ဖြစ်၏။

ကိုကြီးအောင်က သူမနှင့် ခဏတာ ဆုံခဲ့ပြီး သူမဘဝကို စာနာသွားပြီး အလုပ်ပေးဖို့ ချက်ချင်းကြီး ဆုံးဖြတ်တော့ သူမ စိတ်ထဲမှာ နည်းနည်းလေးတော့ ထင့်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ကြုံတွေ့ဖူးနေကျ လူများနှင့်ယှဉ်ပြီး စေတနာကို စော်ကားသည့် အတွေးမျိုး တွေးဖြစ်သေး၏။

သူမအား အကျိုးလိုလို့ ညောင်ရေသွန်းခြင်း . . . ဟု နားလည်ခဲ့ခြင်းများသည် ဦးခိုင်ထွန်းနှင့် ကိုသန်းဝေတို့၏ စကားများကြောင့်ပင် ပျက်ပြယ်သွားခဲ့ရ၏။

"ချက်ချင်းဆိုသလို ဖိုးအောင်က အလုပ်ပေးတော့ နင့်စိတ်ထဲမှာ တောင်တွေးမြောက်တွေးတွေ ဖြစ်ရတယ် မဟုတ်လား"

"မှန်ရာကို ပြောရရင် နည်းနည်းတော့ ဖြစ်မိတယ် ဦးခိုင်ထွန်း"

"နင့်အတွေးတွေကို နင် ပြန်တောင်းပန်လိုက်ရည်မွန်ဦး၊ ငါတို့အနေနဲ့သာ ပေါ်ရင်ပေါ်မယ် ဖိုးအောင်မှာတော့ အဲဒီစိတ်မျိုး လုံးဝ မရှိဘူး။ သူ့ဘဝ သူ့အိမ်ထောင်ရေးက သနားကရုဏာ ဖြစ်စရာပဲ၊ နင့်အပေါ် သူက တကယ့်စိတ်ရင်းနဲ့ ကူညီတာ၊ အဲဒီလို စိတ်ရင်းကောင်းလို့ပဲ ပွင့်ဖြူစိုးနဲ့ ဆုံပြီး





စောစောစီးစီး အိမ်ထောင်ကျ ဖြစ်တယ်၊ ပွင့်ဖြူစိုးနဲ့ ပတ်သက်ပြီး ဖိုးအောင်တစ်ယောက် ဒီနေ့အထိ စိတ်ဒုက္ခတွေ ခံစားခဲ့ရတယ်"

ဦးခိုင်ထွန်းက ကိုကြီးအောင်၏ ဖြစ်စဉ်အကျဉ်းကို သူမအား ပြောပြခဲ့သည်။

မိန်းမချင်း ဖြစ်ပေမယ့် ကိုယ်ချင်းစာစိတ် မမွေးတာတော့ မဟုတ်ပေ။ ကိုကြီးအောင်ဘက်ကနေပြီး မမပွင့်ကို အပြစ်တင်စိတ်တွေ တဖွားဖွား ဖြစ်ခဲ့ရသည်။

ကိုကြီးအောင်ဆီမှာ သူမ အလုပ်ဝင်ခြင်းအပေါ်မှာပင် ဦးခိုင်ထွန်းနှင့် ကိုသန်းဝေတို့ နှစ်ဦးတိုင်ပင်ပြီး အကြံအစည်တွေ လုပ်ကြ၏။ ဒီအကြံအစည်တွေကို ကိုသန်းဝေက သူမအား ပြောပြ စည်းရုံးခဲ့လေသည်။

"နင် ဆရာ့နားကို ရောက်လာတာ တစ်မျိုးတော့ ကောင်းတယ်ဟ၊ ငါနဲ့ပတ်သက်ပြီးတော့ ရောက်လာတယ်လို့ သတင်းလွှင့်ပေမယ့် လူတွေကတော့ ဆရာနဲ့ နင် တစ်နည်းနည်း ဆက်စပ်ပတ်သက်မယ်ဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



ဝေးကြမှာပါ။ ဆရာကို နင် ဂရုစိုက်ပါ လူတွေ သူတွေ ရှေ့မှာ လိုတာထက်ပိုပြီး ဂရုစိုက်ပြပါဟာ၊ အထူးသဖြင့် မမပွင့် တစ်ယောက် မနာလိုဝန်တိုစိတ်တွေဖြစ်ပြီး စိုးရိမ်ကြောင့်ကြလာတဲ့အထိ လုပ်ပေးစမ်းပါ၊ ဒါမှ ဆရာ့အပေါ် မမပွင့် ပိုနားလည်လာလိမ့်မယ်၊ နင် ကူညီကောင်းပါတယ်ဟာ"

ကိုကြီးအောင် ဘဝကို ကြားနာရတော့ အတော်လေးတို့ သနားကရုဏာ ဖြစ်မိ၏။

ဒီအကြောင်းတွေကို သိရပြန်တော့ ကိုကြီးအောင်အပေါ် ဂရုစိုက်မှုတွေ ပိုရပြန်သည်။

ဦးခိုင်ထွန်းနှင့် ကိုသန်းဝေတို့ စကားကို လက်ခံမိသည့်နောက် ပိုပြီး ကိုကြီးအောင်အပေါ် သံယောဇဉ် ဖြစ်ခဲ့မိပြန်သည်လေ . . . ။

▶▶





ကိုကြီးအောင် နားနေရင်း ကိုကြီးအောင် စိတ်ပျော်ရွှင်အောင် တတ်သမျှ မှတ်သမျှတို့ဖြင့် နေတတ်အောင် နေခဲ့မိသည်။

ပထမတော့ သူမအပေါ် ညီမလေးတစ်ယောက်လိုပင် ကိုသန်းဝေက သဘောထား ဆက်ဆံခဲ့သည်။ ဂရုစိုက်မှုတွေ ပိုခဲ့သည် . . . ဟု အထင်ရှိခဲ့သည်။

သူမနှင့်ကိုကြီးအောင်တို့၏ သံယောဇဉ်ကို သိလာသောအခါ ကိုသန်းဝေတစ်ယောက် ဒီရက်ပိုင်းမှာပင် ရင်ပွင့်ထွက်လာ၏။

ကိုသန်းဝေနှုတ်မှ မထင်မှတ်ထားသော စကားကို ကြားနာလိုက်ရသဖြင့် သူမ တအံ့တသြဖြစ်ကာ နားလည်ရခက်သွားခဲ့၏။

"ဘယ်လိုလဲ ကိုသန်းဝေ၊ ကိုကြီးအောင်နဲ့ ကျွန်မ ဆက်ဆံရေးကို ပတ်ဝန်းကျင်က ပြောကြ ဆိုကြတာ သဲ့သဲ့ပဲ ကြားရတယ်၊ ကိုသန်းဝေ ပြောပြနေတဲ့ မမပွင့်ကတော့ ဒီနေ့အထိ တုပ်တုပ်မှ မလှုပ်ဘူး၊ မမပွင့်နဲ့ ကျွန်မ လူချင်းတောင် မဆုံဖြစ်သေးဘူး၊ ကျွန်မ ညံ့နေတာ တစ်ခုခုတော့ ရှိနေပြီ ထင်တယ်"

"မမပွင့် လှုပ်လာပါပြီ ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလှုပ်လာတာလဲ" ကိုသန်းဝေ၊ ကျွန်မကို အသိလေး ဘာလေး ပေးထားဦးနော်"

"နင် ဒီမှာ အလုပ်ဝင်တာ သုံးလပြည့်တော့မယ်နော်"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"မမပွင့်ဘက်က လှုပ်လာသလို၊ နင်ရဲ့ အလိုက်သိမှု လိမ္မာရေးခြား ရှိမှုတွေကြောင့် ဆရာ နင့်ဆီ ယိုင်ချင်နေတယ်လို့ ငါ ထင် တယ်၊ ပြီးတော့ နင်ကလည်း . . ."

ကိုသန်းဝေ စကားများက မမပွင့်သာမက ကိုကြီးအောင်နှင့်သူမကိုပါ သိမ်းကျုံး ပြောဆိုနေ၏။ သူမနှင့် ပတ်သက်သည်မို့ စိတ်စောသွားမိသည်။

"ကျွန်မက ဘာဖြစ်လို့လဲ ကိုသန်းဝေ"

"ပတ်ဝန်းကျင်က ပြောသံဆိုသံတွေရယ်၊ ငါတို့ရဲ့ အကြံအစည်တွေရယ်၊ ပြီးတော့ ဆရာရဲ့ သနားစရာအဖြစ်တွေ ပေါင်းပြီး နင့် မသိစိတ်ထဲမှာ ဆရာ့အပေါ် သံယောဇဉ် ဖြစ်နေတယ်လို့ ငါ ထင်တယ်၊ နင်





ဆက်ဆံတာတွေက တကယ့်ကို အသက်ပါနေတယ်"

"ကိုသန်းဝေကလည်း ကျွန်မက မမပွင့်တို့ မခံချင်လို့ ဆက်ဆံတာလေ၊ ကိုကြီးအောင်က ဒီစိတ်မျိုး ဖြစ်မယ် မထင်ပါဘူး၊ ကျွန်မအနေနဲ့ကလည်း သူများမိသားစု ဒုက္ခရောက်မယ့်အရေးကို ဘယ်တော့မှ ကြိုးစားမှာ မဟုတ်ဘူး၊ ကိုကြီးအောင်ရဲ့ တွေးထူးတွေကိုတော့ ဒီနည်းနဲ့ ကျွန်မ ဘယ်တော့မှ မဆစ်ဘူး"

သူမ၏ သဘောထားကိုတော့ ပြတ်သားစွာ ပြောပြလိုက်သည်။

ပြောမည့်သာ ပြောလိုက်ရသည်။ ကိုသန်းဝေ၏ စကားများကိုတော့ စိတ်ထဲမှာ ပြန်စမ်းစစ်ကြည့်မိ၏။

"ငါ ပြောမယ်၊ နင်နဲ့ဆရာ အဖြင့်သွားတုန်းမှာ ကိုခိုင်ထွန်းရဲ့ ဖုန်း ဝင်လာတယ်"

"ကိုခိုင်ထွန်းဆီက ဖုန်းလာတယ်၊ ဘာတွေပြောလဲ"

"ပြဿနာ စပြီလို့ ပြောတယ်၊ နင်နဲ့ပတ်သက်ပြီး မမပွင့်က သူ့ဆီ ဖုန်းဆက်တယ်တဲ့၊ နင့်နောက်ကို သူ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား ပါသွားမှာကို စိုးရိမ်တယ်၊ ကိုနိုင်ထွန်းကလည်း ပိုပိုသာသာလေးတွေ ပြောပေးလိုက်တယ်၊ ငါ့ကိုလည်း နင်တို့ အခြေအနေကို မေးတယ်"

"ဘာလဲ ကိုနိုင်ထွန်း၊ စောစောက စကားမျိုးတွေပဲ ဦးနိုင်ထွန်းကို ပြောလိုက်တယ် မဟုတ်လား"

ကိုသန်းဝေ၏ စကားကို ဖြတ်ပြီး သူမ ပြောလိုက်သည်။ ကိုသန်းဝေကလည်း အမှန်အတိုင်းပင် ဝန်ခံ၏။

"ဟုတ်တယ်၊ ငါ ပြောလိုက်မိတယ်၊ ငါ မမှားပါဘူးဟာ"

"ဒီတော့ ဦးနိုင်ထွန်းက ဘာပြောလဲ"

"ဖြစ်သွားခဲ့ကြရင်လည်း သူ့ အပြစ်တင်မှာ မဟုတ်ဘူးတဲ့၊ မဖြစ်တာတော့ ပိုကောင်းတာပေါ့တဲ့၊ ကိုနိုင်ထွန်းဆီက ဖုန်းချပြီးတာနဲ့ မမပွင့်ဆီက ဖုန်းဝင်လာတယ်၊ မမပွင့် ချိန်းလို့ မနေ့ကပဲ ငါ သွားတွေ့ပြီးပြီ"

ဒီအတိုင်းဆိုရင်တော့ မမပွင့်တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာတာ သေချာနေ၏။

မမပွင့်ကိစ္စကို စိတ်ဝင်စားပြီး မေးမြန်းဖြစ်သည်။





"ဘာတွေပြောလဲ ကိုသန်းဝေ"

"နင်နဲ့ပတ်သက်ပြီး ငါ့ကို ပမာဏ ခေါ်ယူမေးမြန်းတာပေါ့၊ မမပွင့်ရဲ့ စကားအသွားအလာအရ ဆိုရင်တော့ နင်နဲ့ ပတ်သက်ပြီး သူတို့ လင်မယား စကားပြောပြီးပြီ ထင်တယ်၊ ဆရာကတော့ နင့်ဖက်ကနေ ကာကွယ်ပြီး ပြောဆိုမှာပေါ့၊ မမပွင့်က ဒါကို အယုံအကြည် မရှိဘူးလို့ ပြောတယ်"

"ကောင်းတာပေါ့၊ ဒါမှ မမပွင့်တစ်ယောက် ကိုကြီးအောင်အပေါ် အရင်တလို နိုင်ထက်စီးနင်း မဆက်ဆံတော့မှာ၊ ကျွန်မတို့ ပေါင်းကြံကြတာနဲ့ မမပွင့် ဦးကျိုးသွားမှာ သေချာတယ်၊ မကြာခင်မှာ မမပွင့် ကျွန်မဆီ ရောက်လာလိမ့်မယ် ထင်တယ်"

"လာတော့ လာလိမ့်မယ်၊ ဆရာ အိမ်ပြန်မအိပ်ပဲ ဒီရုံးခန်းမှာ အိပ်အိပ်နေတာကို မမပွင့် သံသယ ရှိနေပုံရတယ်"

"အမယ်လေးနော်၊ တစ်လျှောက်လုံး ဆရာ့ကို

www.burmeseclassic.com



ဝစ်ပစ်ခါခါ ထားခဲ့ပြီးမှ စိုးရိမ်နေရသေးတယ်၊ ဘာလဲ ဆရာနဲ့ကျွန်မတို့ကို လုံးဝ စိတ်မချတဲ့ အနေအထား ရောက်နေပြီပေါ့"

ပြဿနာက ဇာတ်လမ်း အစပျိုးတုန်းပဲ ရှိသေး၏။

ဇာတ်ရှိန်အမြင့်ဆုံးသို့ မရောက်သေးကြောင်းကို သူမ သိနေ၏။ သူမနှင့် မမပွင့်တို့၏ အားပြိုင်မှုကတော့ ပို၍ကြည့်ကောင်းလာမှာ သေချာသည်။

"နင့်ကို ငါ့ညီမ ဝမ်းကွဲတစ်ယောက်လို့ ပြောထားတယ်၊ ဒါကို မမပွင့်က မယုံဘူး"

"ဟုတ်မှ မဟုတ်ပဲ၊ မမပွင့် မယုံတာ ဘာဆန်းလို့လဲ"

"နင့်ကိုတင် မဟုတ်ဘူး၊ ငါ့ကိုပါ ကြံရာပါအနေနဲ့ မမပွင့် မယုံကြည်တော့ဘူး ညီမလေး"

"ဘာမှ မပူပါနဲ့ ကိုသန်းဝေ၊ ကျွန်မတို့ အချိန်နည်းနည်းလေး ထပ်စောင့်လိုက်ကြရအောင်၊ အားလုံးကိစ္စတွေ ပြီးဆုံးသွားခဲ့ ရင် ပြဿနာက သူ့အလိုလို ပြီးဆုံးသွားပါလိမ့်မယ်၊ ဒီကြားထဲမှာ ရှင်းတာလင်းတာတွေကို





ထပ်မလုပ်နဲ့တော့၊ ဒီတိုင်းလေးပဲ လွှတ်ပေးထားရအောင်"

သူမကတော့ သူမ အစီအစဉ်နှင့်မို့ ပြဿနာကို ရင်ဆိုင်ဖို့ အသင့်ရှိနေ၏။

သူမကို ကြည့်ကာ ကိုသန်းဝေတစ်ယောက် စိတ်တွေ လှုပ်ရှားနေသည်။

ကိုသန်းဝေ ပြောလိုက်သော စကားများကြောင့်ပင် သူမ စိတ်တွေလည်း ရုတ်ခြည်း ဆိုသလို လှုပ်ရှားရပြန်သည်လေ။

▶▶

"ငါ တည့်တည့်ပဲ မေးမယ် ညီမလေး၊ ဆရာက နင့်အပေါ် တကယ်တိမ်းခဲ့ရင် နင့်ကို ဖွင့်ပြောလာရင် နင် ဘယ်လိုလုပ်မလဲ"

"မဖြစ်နိုင်ပါဘူး၊ ကိုကြီးအောင်လို လူမျိုးမှာ ဒီလို ဆုံးဖြတ်မယ် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက လူသားတစ်ယောက်လေ၊ ဆရာ့ဘဝမှာ ဘာမှ အမှားအယွင်းမှ မလုပ်ခဲ့ဘူး၊ သူ တစ်ကြိမ် တစ်ခါ မှားခဲ့ရင် ဘယ်လို လုပ်မလဲ"

"နေပါဦး ကိုသန်းဝေ၊ ကိုကြီးအောင် စိတ်မှာ အဲဒီလို ဖြစ်နေတာ သေချာလား"

"မမေးကောင်းတဲ့ စကားပဲ၊ ငါအနေနဲ့လည်း မဖြေအပ်တဲ့ စကားပဲ၊ နင် မဖြေနိုင်ပါဘူး၊ ငါ သိနေပါတယ်၊ နင်က ဆရာ့အပေါ် သံယောဇဉ် ဖြစ်နေတာ ငါ သိပါတယ်"

ကိုသန်းဝေ၏ စကားများကြောင့်ပင် သူမ ရင်ခုန်သံတွေ မြန်လာပြီး လုံးဝငြိမ်သက်သွားရ၏။

သူမ အတွေးများဖြင့် ငြိမ်သက်နေစဉ်မှာပင် ကိုသန်းဝေက ဆက်တိုက် ပြောချလိုက်၏။

"နင် အဖြေမပေးပါနဲ့၊ နင်နဲ့ ပတ်သက်ပြီး ငါ့မှာ ပြောစရာစကား ကျန်နေသေးတယ်၊ အဲဒီစကားက နင်နဲ့ငါနဲ့ ပတ်သက်တဲ့ စကားပါ"





စကားပြောခြင်းကို ခဏရပ်ပြီး သူမ၏ မျက်နှာရိပ်ကို အကဲခတ်ပြန်၏။

ကိုသန်းဝေ နှုတ်ခမ်းမှာ အပြုံးလက်ခနဲ ဖြစ်သွားတာ တွေ့လိုက်ရသည်။

"ငါ နင့်ကို ချစ်မိနေပြီ ညီမလေး၊ နင့်ကို မြတ်မြတ်နိုးနိုးနဲ့ တစ်ဘဝလုံး လက်ထပ်ပေါင်းသင်းချင်တယ်၊ ဆရာနဲ့ နှိုင်းယှဉ်လိုက်ရင် ငါဟာ ဒုတိယလူဆိုတာ ငါ့ဘာသာ ငါ သိပါတယ်၊ နင့်ကို ချစ်တာက ချစ်နေတာပဲ၊ ငါ့စကားတွေကို နင် စဉ်းစားပေးစမ်းပါ ညီမလေးရာ"

"ဘယ်လို ကိုသန်းဝေ၊ ကျွန်မကို ချစ်တယ် လက်ထပ်ချင်တယ်"

"ဟုတ်တယ် ညီမလေး"

"ဘာလဲ ကိုကြီးအောင်နဲ့ ကျွန်မတို့ ပြီတွေယ်သွားကြမှာစိုးလို့ ဒီစကားကို ပြောလိုက်ရတာလားဟင်"

"မဟုတ်ဘူး ညီမလေး၊ နင့်ကို ငါ မြင်တာတည်းက ချစ်ခဲ့မိတာ၊ တကယ်ပြောတာပါ၊ ငါ့ဘဝမှာ နင့်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တမ်းတနေဖြစ်မှာ၊ နင် ကြိုက်သလို ဆုံးဖြတ်ပါ၊
နင့်ဘာသာ ရွေးချယ်မှုပြုပါ၊ ငါက ဒုတိယလူပါဟာ၊
ဒါပေမယ့် အမြဲတမ်းပဲ ငါ့ဘဝထဲကို ဝင်ခွင့်ပြုထား
မယ်၊ ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် နင့်နားမှာ ငါ
အမြဲရှိနေမယ် ညီမလေး"

ကိုသန်းဝေ၏ လှုပ်လှုပ်ရှားရှား ဖြစ်နေမှုသည် အခုမှပင် အဖြေမှန် ပေါ်သွားတော့၏။

သူမကို သမီးရည်းစား စကားပြောကာ လက်ထပ်ဖို့ အထိပင် ခွင့်ပန်နေပြီလေ။

"ကျွန်မကတော့ဖြင့် ဘာတွေ ဘယ်လို ဖြစ်ကုန်ပြီလဲလို့
တောင် မစဉ်းစားတတ်တော့ဘူး"

"ငါ့ကို ဘယ်နေရာမှာ ထားထား၊ နင် လက်ခံစဉ်းစား
ပေးမယ်လို့ ကတိပေးပါလား ညီမလေးရာ"

ကိုသန်းဝေကို ကြည့်ရင်းကပင် ကရုဏာ ဖြစ်မိ၏။ သူမ ရင်ထဲက လာသည့်စကားအတိုင်းပင် ပြောဖြစ်လိုက်သည်။

"ကျွန်မ စဉ်းစားပေးပါ့မယ် ကိုသန်းဝေ"





ကိုကြီးအောင်နှင့် ပတ်သက်ပြီး ဘယ်လို တွေးရမည် မသိခင်မှာပင် ကိုသန်းဝေအကြောင်းက မှတ်မထင် ဝင်လာ၏။ သံယောဇဉ်နှင့် ချစ်ခြင်းတရားတို့ကတော့ သူမကို မျက်စပစ်လို့ နေပြီလေ . . . ။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကိုကြီးအောင်ဆီမှာ သူမ အလုပ်ဝင် သုံးလပြည့်သောနေ့မှာပင် မေမေတို့ဆီမှ စာတစ်စောင် ရောက်လာသည်။ မေမေ ကျန်းမာရေး မကောင်း၍ လှမ်းအကြောင်းကြားခြင်း ဖြစ်သည်။

စာကို ဖတ်ပြီးပြီးချင်းမှာပင် မေမေ့အတွက် ပူပန်မိသွားသည်။ သူမလက်ထဲသို့ စာရောက်သည့်အချိန်မှာတော့ မေမေ

www.burmeseclassic.com

www.burmeseclassic.com



သေးရုံမှသာင်းပြီး အိမ်ပြန်ရောက်နေပြီ ဖြစ်၏။

သူမအနေဖြင့် အိမ်ကို ခဏပြန်ပြီး မေမေ့အခြေအနေကို ကိုယ်တိုင် ကြည့်ချင်သည်။ သူမ ရန်ကုန်သို့ ထွက်လာတာ တစ်နှစ်နီးပါးပြည့်ပြီ။ အိမ်သို့ တစ်ခေါက်မှ မပြန်ဖြစ်သေးပေ။

နောက်နေ့ ရုံးရောက်တော့ အိမ်မှစာကို ကိုကြီးအောင် ပေးဖတ်လိုက်မိသည်။

စာကို ဖတ်ပြီးသည်နှင့် ကိုကြီးအောင်က ပြောသည်။

"ရည်မွန် မေမေရဲ့ ကျန်းမာရေးကိစ္စပဲ၊ ကိုကြီးအောင်ကို ဒီစာပေးဖတ်တဲ့သဘောက ရည်မွန် အိမ်ပြန်ချင်လို့များလား"

"ဖြစ်နိုင်မယ်ဆိုရင် ကိုကြီးအောင် ခွင့်ပေးမယ်ဆိုရင် သုံးလေးရက်လောက်ဖြစ်ဖြစ် မေမေ့အခြေအနေ သိရအောင် ရည်မွန် ပြန်ချင်တယ်"

သူမနှင့် ကိုကြီးအောင်တို့ စကားပြောဆိုနေကြခြင်းကို၊ ကိုသန်းဝေက စိတ်ဝင်စားစွာ နားထောင်နေ၏။

ကိုကြီးအောင်က တစ်ချက် စဉ်းစားဟန်ပြုပြီးမှ . . .





"ကိုကြီးအောင် ခွင့်ပြုရမှာပေါ့ ရည်မွန်၊ ရည်မွန် ဘယ်တော့လောက် ပြန်မယ်လို့ စိတ်ကူးလဲ"

"ဖြစ်နိုင်မယ်ဆိုရင်တော့ ဒီတစ်ရက်နှစ်ရက်အတွင်း ပြန်ချင်တယ်၊ ဒါပေမယ့် ကိုကြီးအောင်က ခရီးသွားစရာ ရှိတယ်ဆိုတော့ အဲဒီက ပြန်လာမှပဲ ရည်မွန် ပြန်မယ် စိတ်ကူးတယ်"

ကိုကြီးအောင် တစ်ယောက် ပြည်ကို အလုပ်ကိစ္စနှင့် သွားစရာ ရှိနေ၏။ ကိုကြီးအောင်တို့ ခရီးသွားတုန်းမှာတော့ သူမ ရှိနေမှ ဖြစ်မည်လေ . . .။

ငြိမ်ပြီး နားထောင်နေသော ကိုသန်းဝေက ကောက်ခါငင်ခါ ဖြင့် ပြောလိုက်သည်။

"နေဦး ညီမလေး၊ ညီမလေး နေတဲ့နေရာက ပြည်သွားတဲ့ လမ်းပေါ်မှာပဲ ရှိတာ မဟုတ်လား"

"ပြည်တော့ မရောက်ပါဘူး၊ ပြည်ရောက်ဖို့ သုံးပုံတစ်ပုံ လောက်တော့ လိုဦးမယ် ထင်တယ်"

"ဒါဆိုရင် အတော်ပဲ ညီမလေး၊ ငါတို့နဲ့ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့လေ၊ ဆရာ . . . ကျွန်တော်တို့ မနက်ဖြန် မနတ် ထွက်ကြရင် မကောင်းဘူးလား"

"သန်းဝေ ပြောတာ ဟုတ်တယ် ရည်မွန်၊ ကိုကြီးအောင်ပါ ရည်မွန် မေမေ အခြေအနေကို သိရတာပေါ့၊ ကိုကြီးအောင်တို့နဲ့ အတူတူ သွားကြမယ်၊ ဒီနေ့ စောစောပြန်ပြီး ရည်မွန် စီစဉ်စရာ ရှိတာ စီစဉ်လေ၊ မနက်စောစော ရည်မွန် အဆောင်ကို ကိုကြီးအောင်တို့ ဝင်ခေါ်မယ်"

ကိုသန်းဝေနှင့် ကိုကြီးအောင်တို့ကပါ လိုက်မည်ဆိုတော့ သူမ အားတက်သွားမိသည်။

"ကိုကြီးအောင်တို့ ခရီးသွားတုန်း ရည်မွန် ပြန်လို့ဖြစ်ရင် ရည်မွန်ဘာသာ လိုင်းကားနဲ့ပဲ ပြန်ပါ့မယ်၊ ရည်မွန်တို့ ရွာက ဟားလမ်းကနေပြီး အထဲကို တော်တော် ဝင်ရတာ၊ ကိုကြီးအောင်တို့အတွက် အားနာနေရပါဦးမယ်"

"ဒီလူတွေကြားမှာ ဘာအားနာစရာ ရှိလို့လဲ ရည်မွန်ရာ၊ ဆရာ ပြောတာကိုသာ လုပ်လိုက်တော့၊ အလုပ်တွေကို





လက်စသတ်ပြီး ရည်မွန်ပြန်တော့၊ မနက်ဖြန်မနက် ငါတို့ လာခေါ်မယ်"

"ဟုတ်သားပဲ ရည်မွန်ရာ ကိုကြီးအောင်တို့ကို ဘာမှ အားနာစရာ မလိုပါဘူး"

ဒီပုံစံအတိုင်းဆိုရင်တော့ ကိုကြီးအောင်က အိမ်အထိ ရောက်အောင် လိုက်မှာ သေချာနေ၏။

အိမ်ကို ဘာမှ ကြိုကြိုတင်တင် ပြောမထားတော့ ကိုကြီးအောင်တို့အတွက် အဆင်ပြေမှာ မဟုတ်ပေ . . .။ သူမတို့ မိသားစုလေးက မြို့နှင့် ဝေးသော တောင်ခြေနားက ရွာနီးချုပ်စပ်မှာ ခြံစိုက်စားသော အနေအစား ဆင်းရဲသည်ပဲ . . .။

▶▶

ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးပြီး ညဖက်စောစော အိပ်ရာဝင်ဖြစ်ခဲ့သည်။

မနက် ငါးနာရီထိုးတော့ အိပ်ရာမှ နိုးသည်။ ခြောက်နာရီ



www.burmeseclassic.com

မှာ ကိုကြီးအောင်တို့ ရောက်လာမည်ကို အဆင်သင့်ဖြစ်အောင် လုပ်ထားလိုက်သည်။

ခြောက်နာရီဆယ်မိနစ်လောက်တွင် အဆောင်ရှေ့သို့ ကား ရောက်လာသည်။

ခရီးဆောင်အိတ်နှင့် အိမ်အတွက် ပစ္စည်းများကို အခန်း အတွင်းမှ ဆယ်ထုတ်သည်။

အခန်းတံခါးကို သသော့ခတ်ပြီးသည်နှင့် ခရီးဆောင်အိတ် ကို ယူကာ အပြင်သို့ ထွက်၏။

"ငါ့ကိုပေး ရည်မွန်၊ နင့်ပစ္စည်းတွေက ဒါ အကုန်ပဲ လား"

ခရီးဆောင်အိတ်ကို ယူဖို့ ပြင်ရင်း ကိုသန်းဝေ ပြောသည်။ သူမ အဝတ်အစားတွေမို့ ကိုသန်းဝေကို မသယ်စေချင်။

"ကျန်တော့ ကျန်သေးတယ်၊ ရည်မွန် နောက်တစ် ခေါက် ဝင်ယူစရာ ရှိသေးတယ်"

"ဒါဆို ဒီအိတ်ကို ပေးလေဟာ၊ နင့်ပစ္စည်းတွေ သွားယူ"





"ရည်မွန်ဘာသာ ကားပေါ်တင်ပါ့မယ် ကိုသန်းဝေ ရယ်"

သူမက မသယ်စေချင်၍ ငြင်းသော်လည်း ကိုသန်းဝေက ဖွတ်ပင် ယူလေ၏။

"လုပ်မနေနဲ့ ညီမလေး၊ ဒီအိတ်ကို ဆွဲရုံလောက်နဲ့တော့ ဘာမှ အကြောင်းထူးမသွားဘူး"

နောက်ဆုံးမှာတော့ သူမ အိတ်ကို ပေးလိုက်ရသည်။

ကျန်ရှိနေသော ပစ္စည်းများကို နောက်တစ်ခေါက် သွားယူ လိုက်ရ၏။

ကားပေါ်ရောက်တော့ ကိုသန်းဝေကပင် နေရာပြောင်း ထိုင်ဖို့ ကိုကြီးအောင်ကို ပြောလိုက်၏။ ကားလေးက ဗင်ကားလေး ဆိုတော့ သူမ အနောက်ခန်းမှာ ထိုင်နေလိုက်သည်။

"ဆရာ နောက်မှာ လွတ်လွတ်လပ်လပ် သွားထိုင်လေ၊ ကျွန်တော် တစ်ယောက်တည်း မောင်းလို့ ဖြစ်ပါတယ်၊ ရည်မွန်လည်း မပျင်းအောင်ပေါ့ ဆရာရယ်"

"ဒါဆိုရင် ငါ နောက်မှာ ထိုင်မယ် သန်းဝေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအောင် ရှေ့ခန်း တံခါးကို ဖွင့်ဆင်းတော့ သူမနှင့် ကိုသန်းဝေတို့ အကြည့်ချင်း ဆုံဖြစ်ကြ၏။

ကိုသန်းဝေ၏ အကြည့်များကို သူမ နားမလည်ချင်ပေ။ ဘာသဘောနှင့် သူမနှင့် ကိုကြီးအောင်ကို အတူ ထိုင်စေခြင်းမှန်း သဘောမပေါက်ပေ။

▶▶

"ကိုကြီးအောင်တို့ ပါလာရင်တော့ အိမ်က လူတွေ ဝမ်းသာကြမှာ၊ ကြိုးစားစဉ်ထားရလို့ အားလည်း နာကြမှာ၊ မြို့နဲ့ကလည်း ဝေးတယ် ရွာတွေနဲ့လည်း ဝေးတယ်ဆိုတော့ အစားအသောက် အနေအထိုင် အတော်ခို့တဲ့ဟာ၊ အိမ်ကလူတွေကတော့ ကျင့်သား ရနေပေမယ့် ကိုကြီးအောင်တို့ကျတော့ ဒုက္ခရောက်ရ မှာပေါ့"

မော်ဘီကျော်သည်နှင့် ကိုကြီးအောင်ကို ပြောလိုက်မိသည်။





ကိုသန်းဝေကတော့ ကားကိုပင် ဂရုစိုက် မောင်းနေ၏။

"ဘာဖြားနာစရာလိုလည်း ရည်မွန်ရား၊ ကိုကြီးအောင် တို့က သူစိမ်းတွေမှ မဟုတ်တာ၊ ဖြစ်သလို ရပါတယ် ဒီအတွက်နဲ့တော့ ရည်မွန် စိတ်ထဲမှာ ကျဉ်းကျပ်မနေနဲ့ ဟုတ်ပြီလား"

"ကိုကြီးအောင်တို့က ပြည်မှာ ဘယ်နှစ်ရက်ကြာမှာလဲ ဟင်"

"နှစ်ညအိပ်လောက်ပါပဲ"

"ဒါဆိုရင် ကိုကြီးအောင်တို့အပြန်မှာ ရည်မွန်လည်း ပြန်လိုက်မယ်လေ"

"ရည်မွန် မေမေ အခြေအနေက ဘာမှန်းမှ သေချာ ချာချာ မသိရသေးပဲ၊ မပြောနဲ့လေ၊ ရည်မွန်ကို ပို့ပေးပြီးမှ ဆက်သွားမယ်၊ အပြန်မှာလည်း ဝင်ခေါ် ကြည့်မယ်၊ ရည်မွန် ပြန်လိုက်ချင်မှ လိုက်လေ၊ နေခဲ့ရင်လည်း နေခဲ့ပေါ့"

မေမေ ရောဂါအခြေအနေက စာထဲကအတိုင်း ဆိုမှန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုရင်တော့ ကိုကြီးအောင်တို့နှင့်အတူ ပြန်လိုက်ဖြစ်ဖို့က များနေ၏။

တိုက်ကြီးအရောက်မှာတော့ ကိုကြီးအောင် မေးလိုက်လာ၏။

အလိုက်သိစွာပင် ကားတံခါးကို ဖွင့်ပေးလိုက်ရသေးသည်။

ကိုသန်းဝေတတော့ ကားကိုပင် ဂရုစိုက် မောင်းနေ၏။

သူမကတော့ တောင်စတောင်ပြောက်ပြောက်တွေ တွေးရင်း ကပင် ဖယ်ဝန်းကျင်ကို ငေးမောရင်း လိုက်ပါလာခဲ့၏။

သာယာဝတီကျော်လာသည်နှင့် မေးနေရာမှ ကိုကြီးအောင် နိုးလာ၏။

ကိုကြီးအောင် နိုးလာသောကြောင့်ပင် ကိုသန်းဝေက ပြောလိုက်သည်။

"ရွှေမှာရောက်မယ့် ကျွန်းကလေးတစ်ခုမှာ ခဏနားကြမယ် ဆရာ၊ လက်ဖက်ရည် သောက်ရင်း နားတာပေါ့၊ အဲဒီက ဆီထမင်းနှင့် စာကလေးကြော်က အရမ်း





ကောင်းတယ်၊ ဆရာ စိတ်ကြိုက်ပဲ"

"ကိုကြီးအောင်က အဲဒီလို ရှာရှာဖွေဖွေတွေ ကြိုက်တတ်လား"

"ကြိုက်တာပေါ့ ရည်မွန်ရယ်၊ ရန်ကုန်မှာက အဲဒီ စာကလေးတို့ စနိုက်တို့ စားမှ မစားရပဲ၊ ယုန်သားတို့ ကျီးသားတို့ဆိုရင် ပိုတောင် ကြိုက်သေးတယ်"

"ဒါဆိုရင်တော့ ဟန်ကျတာပဲ ကိုကြီးအောင်၊ ဖေဖေတို့ မောင်လေးတို့က ယုန်တွေ ဘာတွေ ထောင်လို့ ရတတ်တယ်၊ ရည်မွန်တို့ခြံက တောတောင်နှင့်နီးတော့ တစ်ခါ တလေ ကျီတွေ ဘာတွေတောင် ရတတ်တာ၊ ကျီရတဲ့ အပတ်နဲ့ တိုးရင်တော့ ကျီသား ခြောက်စားရဖို့ များတယ်"

"ရည်မွန် ပြောတာနဲ့တောင် သွားရေ ယိုချင်လာပြီ၊ ဖြစ်နိုင်ရင် ရည်မွန်တို့ဆီမှာတောင် နေတောင် နေလိုက်ချင်သေးတယ်"

"ညီမလေး ထန်းရည်ကောင်းကောင်းရော ရှိသေးလား



www.burmeseclassic.com

www.burmeseclassic.com



ပင်ကျရည်စစ်စစ်ဟာမျိုး ရရဲ့လား"

"သိပ်ရတာပေါ့၊ ကိုသန်းဝေကို အဝတိုက်ပစ်လိုက်မှာ သိလား"

"မူးအောင်တော့ သောက်နိုင်မယ် မထင်ဘူး၊ ပြည် ရောက်အောင် ကားမောင်းဖို့ တာဝန်က ရှိသေးတယ်လေ"

စကားတပြောပြောနှင့်ပင် ကျွန်းကလေးတာဆုံသို့ ရောက်သည်။

ကိုကြီးကျော်ကတော့ ဆီထမင်းနှင့် ငှက်ကြော်များကို အားပါးတရ စား၏။

ကျွန်းကလေးမှာ ခဏတစ်ဖြုတ်နားပြီး ဆက်ယွက်လာသည်။

မင်းလှ လွန်သည်နှင့် ကိုသန်းဝေက အစီအစဉ်သစ်တို့ ပြောပြလိုက်၏။

"ဒီလိုလုပ်ပါလား ဆရာ၊ ပြည်ကို ကျွန်တော် တစ်ယောက်တည်း သွားလို့ ဖြစ်နေတာပဲ၊ ရည်မွန်တို့ဆီမှာ





ဆရာ ကျန်ခဲ့ချင် ကျန်ခဲ့လေ၊ ကျွန်တော် အပြန်မှ ဝင်ခေါ်လည်း ဖြစ်နေတာပဲ"

"ဟုတ်တော့လည်း ဟုတ်သားပဲ၊ ဒါ မပါလည်း မင်း လုပ် နိုင်တဲ့ကိစ္စပဲ၊ တောရိပ်တောင်ရိပ်က တကယ် သာယာပြီး အပန်းဖြေဖို့ တစ်မျိုးကောင်းမှာပဲ၊ ဒါ ရည်မွန်တို့ဆီမှာ ကျန်နေခဲ့မယ်"

သူမ၏ သဘောထားကို မမေးမြန်းကြပဲ ဆရာတပည့်နှစ်ယောက် အတိုင်အဖောက် တည့်နေကြ၏။

"ညီမလေး ညီမလေးတို့ နေရာအထိ ကားလမ်း ရှိနေတယ် မဟုတ်လား"

"သစ်ထုတ်လုပ်ရေးကားတွေ ရှိနေတော့ ကားလမ်းတော့ ပေါက်တယ်"

"ဒါဆိုရင် နင်တို့နှစ်ယောက်ကို နင်တို့ဆီသွားတဲ့ တာဆုံ မှာပဲ ချထားပေးခဲ့မယ်၊ ပြည်ကို ငါဘာသာငါ ဆက်မောင်းသွားမယ်၊ အဲဒီကို ဆိုက်ကားတွေ သွားလို့ ရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိုသန်းဝေက ရောက်အောင် လာတတ်ပါ့မလား"

"ညီမလေးရာ ပါးစပ်ပါရင် ရွာရောက်တယ်ဆိုတဲ့ စကား ရှိနေတာပဲ၊ နှင့်ရွာနာမည်ကို ငါ သိတယ်၊ ပြီးတော့ နှင့်နာမည်ကို မေးလိုက်ရုံနဲ့ လိုက်ပို့ပေးမယ့်သူ လမ်းပြပေးမယ့်သူတွေ အသင့်ရှိနေမှာပါဟာ"

"ဒါဆိုလည်း မင်း ငါတို့ကို ချပေးထားခဲ့လေ၊ ကိစ္စပြီးတာနဲ့ ချက်ချင်း ပြန်ဆင်းလာခဲ့ပေါ့"

"နေဦး ကိုသန်းဝေ ညကြီးမိုးချုပ်တော့ မဖြစ်စေနဲ့နော်၊ မြင်မြင်ထင်ထင် မှလာ၊ အဲဒါကိုတော့ မမေ့နဲ့၊ တော်ကြာ လမ်းမှားနေမှာစိုးလို့"

"အေးပါဟာ၊ ငါ့အတွက်တော့ ပင်ကျရည် ကောင်းကောင်း ရအောင် စုထားပေးနော်၊ ပြီးတော့ ဆရာ့ကိုလည်း စိတ်ချမ်းသာ အောင် ပြုစုဦး"

"ဒါက ရည်မွန် အလုပ်ပါ၊ ကိုသန်းဝေသာ ကားကို ဂရုစိုက်ပြီး မောင်းဦး၊ တစ်ယောက်တည်း ပိုတွေး





ဒီတွေး လုပ်မနေနဲ့ဦး"

သူမစကားကြောင့်ပင် ကိုကြီးအောင်ရော ကိုသန်းဝေပါ ရယ်မောကြ၏။

ကိုသန်းဝေကတော့ သူမနှင့် ကိုကြီးအောင်ကို တမင် ရင်းနှီးမှုရအောင် လမ်းပြပေးနေ၏။

ကိုသန်းဝေ စိတ်ကတော့ သူမ နားလည်ရ ခက်နေ၏။ ကိုကြီးအောင်ကို ...ထားကြည့်မိ၏။

သူမ ပေးထားခဲ့သော ပင်နီတိုက်ပုံအသစ် တစ်ထည်ကို ကိုကြီးအောင် ဝတ်ဆင်ထားလေသည်ပဲ . . .။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ကိုကြီးအောင်နှင့် အတူတူ အိမ်ကိုဝင်တော့ ဖေဖေတို့ မောင်လေးတို့က တအံ့တဩ ဖြစ်ကြသည်။

မောင်ငယ်လေးက သူမနားသို့ တိုးတိုးကပ်ပြီး မမကြီး ယောက်ျားရလာတာလား . . . ဟု မေး၏။ မောင်ငယ်လေး နားလည်အောင် ရှင်းပြလိုက်ရသေး၏။

ခမမေကတော့ သူမထင်ထားသလို အိမ်ရာပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လဲမနေပေ။ ခြံထဲဆင်းပြီး ပန်းတွေပင် ခူးနေသေး၏။

"စာရရင် သမီး ရောက်လာမယ်ဆိုတာ မေမေ ထင်သားပဲ၊ သမီး မောင်နဲ့ သမီး ဖေဖေတို့ မေမေ့ကို အသိမပေးပဲ ရေးလိုက်တာ၊ ပြီးမှ မေမေ့ကို ပြောကြတာ"

"ဟုတ်တယ် မမရဲ့ မေမေကတော့ မမအလာကို နေ့တိုင်း မျှော်နေတာ"

ခြံထဲရှိ ကွပ်ပစ်မှာပင် အားလုံး စုထိုင်ပြီး မေးကြ၏။ ကိုကြီးအောင်နှင့် အားလုံးကို မိတ်ဆက်ပေးလိုက်သည်။ သူမ၏ မိတ်ဆက်ပေးမှုကြောင့်ပင် ဖေဖေနှင့် မေမေတို့ ပျာပျာသလဲ ဖြစ်သွားကြတော့၏။

"ဖေဖေတို့က သမီးရဲ့ ရိုးရိုးမိတ်ဆွေပဲလို့ ထင်ထားကြတာ၊ အားနာစရာကြီး ဖြစ်နေပါပြီ"

"ရပါတယ် အစ်ကို၊ ကျွန်တော် နေ့တတ်ပါတယ်၊ ကျွန်တော့်အတွက်တော့ ထွေထွေထူးထူးတွေ လုပ်မနေပါနဲ့"





"အစ်မတို့အနေနဲ့ သမီးလေးနဲ့ ပတ်သက်ပြီး ကျေးဇူးရှင် ဖြစ်နေပြီပဲ၊ ဒီမှာနေတုန်း စားတုန်းတော့ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ်သာနေနော်"

"ဟုတ်ကဲ့ပါ အစ်မ"

ကိုကြီးအောင် နေဖို့စားဖို့ကတော့ အလိုလို အဆင်ပြေသွားသည်။ သူမတို့ခြံနှင့် တစ်ဆက်တည်းဖြစ်သော ခြံမှာ ခြံပိုင်ရှင်တွေက သီးသန့်အိမ်လေး ဆောက်ထား၏။ ခြံပိုင်ရှင်မိသားစု အပန်းဖြေလာတတ်သည်။ အိမ်လေးထဲမှာ အိပ်ရာအခမ်းအနားက အတော်လေး ပြည့်ပြည့်စုံစုံ ရှိ၏။

လူ့ပစ်စစ်မီး မရှိတာတစ်ခုကလွဲပြီး ကိုကြီးအောင်အဖို့ သက်တောင့်သက်သာ နေထိုင်နိုင်သည်ပဲ။

"ဒီနေရာလေးကိုတော့ အရမ်းသဘောကျသွားပြီ ရည်မွန်ရေ့ ပန်းတွေကလည်း ရောင်စုံ စိုက်ထားတယ်၊ ရေတွင်းကလေးကလည်း သဘာဝကျတယ်၊ ပြီးတော့ ဟိုးရှေ့မှာလည်း သဲချောင်းလေးတစ်ခု ရှိနေသေးတယ်၊ ဒီခြံကိုရော ရည်မွန်တို့ ပိုင်တာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကိုကြီးအောင်ရဲ့၊ သစ်တောက အရာရှိတစ်ယောက် ပိုင်တာ၊ သူက သီးလိုပင်တွေ စိုက်ထားပေးတာလေ၊ မေမေတို့က ခြံနားနီးတော့ စောင့်ပေးရတာ၊ သူတို့မိသားစုကတော့ တစ်ခါတလေ ဒီမှာလာပြီး အပန်းဖြေတတ်ကြတယ်၊ သူတို့ကျေးဇူးကြောင့်ပဲ ကိုကြီးအောင် သက်တောင့်သက်သာ နေရတာ"

"ဒီခြံကို ဝယ်လို့ ရရင် သိပ်ကောင်းမှာပဲ"

ကိုကြီးအောင်ကတော့ သစ်တောအရာရှိပိုင်သော ခြံကို အတော်လေး သဘောကျနေ၏။ သူမအနေဖြင့် သိထားသည့် သတင်းအချက်အလက်ကို ပြောပြလိုက်မိသည်။

"သူတို့ကတော့ ရောင်းချင်ကြတယ်၊ မေမေက ဒီခြံကို ဧသချာပြုစုထားတော့ သီယောဇဉ် ဖြစ်နေတာ၊ ဒီခြံက ချောင်းနားနီးတော့ ပန်းပင်စိုက်လို့ ကောင်းတယ်၊ စားပင် သောက်ပင်တွေလည်း ရာသီအလိုက် စိုက်လို့ ရတယ်၊ ဒီကနေ ဝင်ငွေသဘောမျိုး ရနေတော့ ဖေဖေ့



ကိုကြည့်ပြီး သူတို့ မရောင်းပဲ ထားကြတာ"

"ဒါဆိုရင်တော့ ရည်မွန် ဖေဖေနဲ့တိုင်ပင်ပြီး ဒီခြံကို ဝယ်လိုက်မယ်၊ ဒါဆိုရင် ရည်မွန် ဖေဖေလည်း သဘောကျမှာပါ၊ ရည်မွန်တို့ ပိုင်တဲ့သဘောပဲ၊ ကိုကြီးအောင်ကလည်း တစ်ခါတလေမှ လာပြီး စိတ်အပန်းဖြေ ဖြစ်မှာပါ"

"ဖေဖေနဲ့ တိုင်ပင်ကြည့်လေ ကိုကြီးအောင်၊ ကိုကြီးအောင် ဝယ်ချင်ရင် ဖေဖေက ကူညီပေးမယ် ထင်တယ်"

ကိုကြီးအောင်၏ ပျော်ရွှင်နေပုံကိုကြည့်ပြီး သူမလည်း စိတ်ချမ်းသာဖြစ်၏။ ဖေဖေ့ကို တိုင်ပင်ပြီးသည်နှင့် ဒီခြံကို ချက်ချင်းလက်ငင်း ဝယ်မည့်သဘောမှာ ရှိနေ၏။

ဒီကြောင်းတွေကိုသာ မမပွင့် တစ်ယောက်သာ သိပါက လွယ်မည် မဟုတ်ပေ။

အခုတော့မှ သူမတို့ သုံးဦးစလုံး အတူတူ ခရီးထွက်ခဲ့ခြင်းအပေါ် အမျိုးမျိုး ဝေဖန် ပြောဆိုနေကြမှာ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



မမင့္ဂင်ဆီသို့လည်း ချက်ချင်းသတင်းပေါက်မှာ မြေကြီး

သတ်ခတ်မလွှဲပင် . . . ။

▸▸

လျှပ်စစ်မီး မရှိသော်လည်း ကိုကြီးအောင်နေသော အိမ်

ခလေးကိုတော့ ဘက်ထရီအိုးဖြင့် မီးထွန်းထားပေး၏။

ကိုကြီးအောင်နှင့်အတူတူ ညဘက်မှာ အဖော်ရအောင်

သူမအောက် မောင်လေးကို အတူ အိပ်စေ၏။

ညမိုးချုပ်သည်နှင့် အဖော်လုပ်မည့် မောင်လေးဖြစ်သူက

ညဘက်ကိုသွားပြီး ဗွီဒီယို သွားကြည့်၏။

“သမီးဆရာ တစ်ယောက်တည်း ပျင်းနေမယ်၊ သမီး

စကားသွားပြောလေ၊ သမီး မောင်လေး ပြန်ရောက်လာ

မှ သမီး ပြန်လာခဲ့ပေါ့”

“ဟုတ်တယ် သမီး”

ဖေဖေနှင့် မေမေတို့က ကိုကြီးအောင်ဆီ သွားဖို့ တိုက်တိုက်





နှုန်းတွန်း လုပ်ကြသည်။

သူမစိတ်ထဲက သွားချင်မိသော်လည်း မေမေတို့ တစ်မျိုး

ထင်ကြည်စိုး၍ အသာငြိမ်နေရခြင်း ဖြစ်သည်။ မေမေတို့က စတင်ပြီး

ပြောလေတော့ အားချင်းဆိုသလိုပင် ကိုကြီးအောင် ရှိရာသို့ ထသွား

ခဲ့သည်။

ဟိုရောက်တော့ ကိုကြီးအောင်က အိမ်ပေါ်မှာ မရှိမနေ၊

လသာသာအောက်တွင် ကွပ်ပစ်ပေါ်၌ တစ်ယောက်တည်း

ထိုင်နေ၏။

အနီးအနားသို့ သူမ ရောက်လာသည်ကိုပင် သတိမထား

မိ ငေးမောနေသည်။

“ကိုကြီးအောင်”

ခေါ်သံကြောင့် ကိုကြီးအောင် ကိုယ်လေး တွန့်သွား၏။

. . .

“လာထိုင်လေ ရည်မွန်”

“မောင်လေး ထွက်သွားတာ ရည်မွန် မသိဘူးလား၊

ဒီကောင်လေးက သေချာချာ မှာထားတဲ့ကြား သွားဖြစ်



www.burmeseclassic.com

အောင် သွားသေးတယ်"

"ကိုကြီးအောင် လွှတ်လိုက်တာပါ ရည်မွန်၊ သူက ရည်မွန် ဆူမှာကို ပြောပါသေးတယ်"

"အဲဒါ မှက်တာပေါ့"

သူမ ညည်းညူလိုက်ပုံကို ကြည့်ပြီး ကိုကြီးအောင် ပြုံး၏။

"ကိုကြီးအောင်က ဘာပြုံးတာလဲ"

"ရည်မွန်ရယ်၊ ရည်မွန်က ရန်ကုန်လို မြို့ကြီးမှာနေတာ၊ ဒီမှာက သူတို့အတွက် အပန်းဖြေဖို့ ဒီတစ်ခုပဲ ရှိတာပဲ ကွာ၊ သွားပါစေ"

"ကိုကြီးအောင် မအိပ်ချင်သေးဘူးလား၊ သက်ဖက်တွေကို သိပ်မစားနဲ့နော်၊ ရေနွေးကြမ်းရယ် . . . လက်ဖက်ရယ်နဲ့ဆိုရင် ကိုကြီးအောင် မျက်စိကြောင်နေဦးမယ်"

သူမက စေတနာနှင့် သတိပေးမိသည်။

ကိုကြီးအောင်ကတော့ လမင်း၏ အရိပ်အောက်မှာနေရင်း ကပင် ကျော့ဆန်စွာ ပြောဆို၏။

"မျက်စိကြောင်လည်း ကိစ္စမရှိဘူး ရည်မွန်၊ ဒီလို





လသာပုံမျိုးနဲ့ ဒီလို ငှက်အော်သံမျိုးကို မေ့မေ့မော့မော နေကြည့်လိုက်ချင်တယ်၊ ဘယ်လောက် ခိတ်ချမ်းသာ စရာ ကောင်းလိုက်လဲ ရည်မွန်ရဲ့၊ ကိုကြီးအောင်တော့ ဒီခြံလေးကို ဝယ်ဖြစ်လိုက်တာ ကျေနပ်လိုက်သလိုပဲ၊ ရန်ကုန်မှာ နေရတိုင်းရတာ စိတ်ရှုပ်ပြီး မုန်းသောင် ဒီမှာ လာနိုင်နေလို့ရတယ်၊ ကိုကြီးအောင် ကိုကြီးအောင် ရင်ဆိုင်နေရတဲ့ စိတ်ကျပ်တည်းမှုတွေကို ဒီနေရာလေးက ဖြေဖျောက်ပေးမှာ အမှန်ပဲ"

ကိုကြီးအောင်၏ ဆိုလိုရင်းကို သူမဘာနေဖြင့် နားမလည် ချင်ပေ။

"ကိုကြီးအောင် ဒီမှာချည်းပဲ ကြာကြာမနေနိုင်ပါဘူး၊ နေလည်း ခဏပေါ့၊ မိန်းမတွေ ကလေးတွေကို သတိရတာရယ်၊ ဒီမှာက ပျင်းတာနဲ့ ပြန်ပြေးမှာပါ"

"လောင်းကြေးထပ်မလား ရည်မွန်၊ ကိုကြီးအောင် အလုပ်တွေလည်း မလုပ်ချင်တော့ဘူး၊ မိန်းမတွေ ကလေးတွေကိုလည်း ဒီတိုင်းထားခဲ့ပြီး ရှိတယ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအောင် ဒီလိုစိတ်မျိုးတွေ ဖြစ်ရတဲ့ အဓိက ဖေးရားခံဟာ သူတို့တွေပဲ ရည်မွန်"

ကိုကြီးအောင်ကတော့ သူမကို ရင်ဖွင့်ပြလေပြီ။

ကိုကြီးအောင်၏ စကားတွေကို နားထောင်ဖို့ တဖြည်းဖြည်း ကြောက်လာ၏။

ကိုဒာန်းဝေ ပြောခဲ့ဖူးသော စကားတွေကို ပြန်အမှတ်ရ၏။ အဲဒီလိုသာ ကိုကြီးအောင် ပြောလာခဲ့ရင် ဒုက္ခတော့များမှာ သေချာ၏။

"ကိုကြီးအောင်ရယ် လူဆိုတာက လက်ရှိဘဝကို ရှောင်လွှဲသွားလို့ ရမှမရဘဲ၊ လူ့ဘဝမှာ ဒုက္ခဆိုတာ ရှိနေတာပဲ၊ ဘယ်မှာနေနေ ဘယ်သူနဲ့တွေ့တွေ့ စိတ်ညစ်မှုဆိုတာ အနည်းနဲ့အများ ရှိကြမှာပဲ၊ လက်ရှိဘဝကိုသာ အကောင်းဆုံးဖြစ်အောင် ကြိုးစားရမှာက အဲဒီလူရဲ့ တာဝန်ပဲ မဟုတ်လား"

ဖြေသိမ့်မှု ပေးမိသော သူမ၏စကားတွေကလည်း ကိုကြီးအောင်၏ စိတ်ထဲကို လှုမ်းမြင်နေသလိုမျိုး ဖြစ်နေပြန်၏။





လရောင်၏ ဖြားယောင်းမှုကြောင့်ပင် သူမစိတ်တွေ လွင့်ရှားခဲ့လေသည်လား မသိ။

ကိုကြီးအောင်ကတော့ စကားတွေ နယ်ကျွံဖို့ ဟန်ပြင်လာသည်။

"ကိုကြီးအောင်ရဲ့ လက်ရှိဘဝကို အရှမ်းကျေနပ်၊ အရမ်းပျော်ရွှင်ဖြီး ရင်ဆိုင်နေရတယ်လို့ ရည်မွန်ထင်လား"

အားလုံးကို သူမ သိနေသည်ပဲ။

ဖြေစရာ မလိုသောကြောင့်ပင် သူမ နှုတ်ဆိတ်နေမိသည်။

သူမ, မဖြေတော့ ကိုကြီးအောင်ကပင် ဆက်ပြော၏။

"သူတို့နဲ့ ဝေးရာကို ပြေးချဝ်တယ်၊ ရည်မွန်နဲ့ မသိရခင်တုန်းက ပြဿနာက ရှိပြီးသား၊ ရည်မွန်နဲ့ သိရခင်မှ ပြန်တော့လည်း အကြောင်းရှာပြီး ပြဿနာလုပ်တယ်၊ ပွင့် နားလည်အောင် ကိုကြီးအောင် နေမပေးတတ်တော့ဘူး၊ ကိုကြီးအောင်မှာ ပွင့်နဲ့ ပတ်သက်ပြီး လုပ်စရာ တစ်လမ်းပဲ ရှိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးအောင် စကားထဲမှာ သူမအမည် ပါလာ၏။

သူမ ရှိနေခြင်းနှင့် ပတ်သက်ပြီး မမပွင့်က ပြဿနာရှာတာကို သူမအနေဖြင့် သိထားသည်ပဲ။

"ရည်မွန် မေးချင်တယ် ကိုကြီးအောင်"

"မေးလေ ရည်မွန်"

"မမပွင့်က ကိုကြီးအောင်အနားမှာ ရည်မွန် ရှိနေတာကို ပြဿနာ ရှာနေလို့လား"

"မထူးပါဘူး ရည်မွန်ရယ်၊ နောက်လည်း ရည်မွန် သိမယ့် ကိစ္စပဲ၊ ကိုကြီးအောင်နဲ့ ရည်မွန်ကို ပွင့်က စွပ်စွဲတယ်"

ဘာအတွက်နှင့် ဘာကိုစွပ်စွဲ ပြောဆိုသည်ကိုတော့ သူမရော ကိုကြီးအောင်ပါ သိနေကြသည်ပဲ။ စိတ်ကို အားမ ...ထားပြီး ကိုကြီးအောင်အား မေးခွန်းဖွင့်လိုက်သည်။

"အဲဒါကောင်းတဲ့ အရိပ်လက္ခဏာပေါ့ ကိုကြီးအောင်"

"ကောင်းတဲ့ အရိပ်လက္ခဏာ ဟုတ်လား ရည်မွန်၊ ဘာကြောင့်လဲ"





"ဒီလိုလေ ကိုကြီးအောင်၊ ကိုကြီးအောင်ရဲ့ ကိုယ်ကျင့်တရား၊ ကိုကြီးအောင်ရဲ့ ချစ်မြတ်နိုးမှုတွေအပေါ်မှာ ယုံကြည်ပြီး မမပွင့်က သူ့စိတ်ထင်သလို တစ်လျှောက်လုံး နေခဲ့ရင် နေခဲ့မိလိမ့်မယ်၊ ရည်မွန်ကြောင့်ပဲ မမပွင့်က ကိုကြီးအောင်ကို လက်လွှတ်ဆုံးရှုံးမှာ စိုးရိမ်လာတာပေါ့၊ ဒါဟာ အဆင်မပြေဖြစ်နေတဲ့ မေတ္တာရှိသူ နှစ်ဦးကြားမှာ ကောင်းတဲ့လက္ခဏာပဲလေ"

ကိုကြီးအောင် ခေါင်းတွင်တွင် ရမ်းလေ၏။

သူမ မျက်နှာကို ငေးကြည့်ရင်းကပင် ကိုကြီးအောင် ပြော၏။

"သူ ကိုကြီးအောင်ကို ဆုံးရှုံးမှာ စိုးရိမ်တယ်ဆိုတာတော့ ဟုတ်တယ်၊ ကျန်တာတွေတော့ မဟုတ်ဘူး၊ သူ ဆုံးရှုံးမှာ ကြောက်တာက လူကို မဟုတ်ဘူး၊ နှလုံးသားကို မဟုတ်ဘူး၊ ချစ်မြတ်နိုးမှုကို မဟုတ်ဘူး၊ ကိုကြီးအောင်ရဲ့ပိုင်ဆိုင်ထားမှုတွေပဲ၊ အဲဒါတွေကို ဆုံးရှုံးမှာစိုးလို့ ရည်မွန်နဲ့ ပတ်သက်ပြီး သူကြောင့်ကြနေ



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ရည်မွန်တို့ မိန်းမချင်းက တစ်ခါတလေမှာ ပိုနားလည် တတ်ကြပါတယ်၊ အဲဒီလောက်ကြီးအထိတော့ မတွေးလိုက်ပါနဲ့ ကိုကြီးအောင်ရယ်"

"ကိုကြီးအောင် တွေးတာ မဟုတ်ဘူး၊ အမှန်ကို ပြောနေတာ၊ သူ မက်မောတဲ့ အရာအားလုံးကို ချန် ထားပေးခဲ့မယ်၊ ကိုကြီးအောင်ရဲ့ နှလုံးသားကိုတော့ အပါယူလာရမယ်၊ တကယ်လို့များ ရည်မွန်နဲ့သာ ဒီကိစ္စ မပတ်သက်ဘူးဆိုရင် ကိုကြီးအောင် အဝေးကို ထွက်သွားတာကြာပြီ၊ ရည်မွန်ကို ငဲ့ပြီး သည်းခံနေလိုက် ရတာ၊ တစ်ခုတော့ ရှိပါတယ်၊ သည်းခံတယ်ဆိုတာက အတိုင်းအတာတော့ ရှိတယ် ရည်မွန်"

"ရည်မွန်နဲ့ ပတ်သက်တာကို ရည်မွန် ရှင်းပေးလို့ ရပါတယ် ကိုကြီးအောင်ရယ်၊ မိသားစုတစ်ခုရဲ့ အသိုက်အမြုံဆိုတာ အလွယ်တကူဖျက်ဖို့ မကောင်းပါ ဘူး၊ အဲဒီအသိုက်အမြုံလေးကို တည်ဆောက်တုန်းက





နှစ်ရှည်လများ အပင်ပန်းခံပြီး ဆောက်ခဲ့ရတာ၊ ဘာမဟုတ်တဲ့ အကြောင်းကိစ္စတစ်ခုကြောင့် ဖြိုဖျက် ရမှာကိုတော့ ရည်မွန် မလိုလားဘူး၊ အဲဒါ ရည်မွန် ဆန္ဒ အမှန်ပဲ ကိုကြီးအောင်"

ကိုကြီးအောင် ငြိမ်ကျသွား၏။

သူမအနေဖြင့် ဒီစကားဖြင့် ကိုယ်တပ်ကို ကိုယ်ကာထားမှ ဖြစ်ပေမည်။

ကိုကြီးအောင်တစ်ယောက်တည်းကို သနားကရုဏာဖြစ် နေလို့ ကိစ္စက မပြီးပြတ်ပေ။

ကျန်သည့်သုံးယောက်၏ မျက်နှာကို ထောက်ရပေမည်။ သို့မကြောင့်တော့ ကိုကြီးအောင်တို့ အသိုက်အမြုံလေး ဖြိုဖျက်မ သွားစေချင်ပေ။

"ကိုကြီးအောင်ရဲ့ ရှုးသွပ်မှုလို့ပဲ ပြောရမယ် ရည်မွန်၊ ပွင့်မှာသာ ရည်မွန်လို စိတ်ထားမျိုး နည်းနည်းလေးပဲ ဖြစ်ဖြစ် ရှိစေချင်တယ်၊ ခက်တာက ပွင့်က အရမ်းကို ခက်ထန်မာကြောနေတယ်၊ ကိုကြီးအောင် စိတ်ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



နေရတာ ဒါကြောင့်ပဲ"

"အချိန်ကို စောင့်ကြည့်ပါဦး ကိုကြီးအောင်ရယ်၊ ဒီတိုင်းလေးကပဲ ကောင်းပါတယ်၊ ကိုကြီးအောင် စိတ်ထဲမှာ ဘာတွေဖြစ် နေမယ်ဆိုတာကို ရည်မွန် သိပါတယ်၊ ဒါပေမယ့် ကိုကြီးအောင်ရယ် လူ့ဘဝဆိုတာက ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ရတာမှ မဟုတ်ပဲလား၊ ဒီသဘောသဘာဝကို ရည်မွန်တို့ ကိုကြီးအောင်တို့ သိထားရမယ်၊ ဒီအသိရှိထားရင် ခံစားရတာက သက်သာမယ်လေ ကိုကြီးအောင်၊ လောကဆိုတာက တစ်ခါတလေမှာ ကိုယ့်ပြုမိတဲ့အမှားကြောင့် တစ်ခုက အခါတစ်သောင်းအထိ ဖြစ်သွားစေတတ်တယ်"

"ရည်မွန်ကို ကျေးဇူး တကယ်တင်တယ်၊ ရည်မွန်ဟာ ကိုကြီးအောင် ထင်ထားတာထက်တောင် မြင့်မြတ်ပါတယ်၊ တကယ်တော့ ဒီနေ့ဒီအချိန်မှာ ရည်မွန်ကို၊ ကိုကြီးအောင် စကားတစ်ခု ပြောမလို့ပဲ၊ ရည်မွန် စကားတွေကြောင့် ကိုကြီးအောင် မပြောဖြစ်တော့





တာ၊ အဲဒါက ရည်မွန်အတွက်ကြောင့်ပဲ၊ တခြားသူတွေနဲ့ လုံးဝ မပတ်သက်ဘူး"

ကိုကြီးအောင်၏ စကားကြောင့်ပင် ရင်လှုပ်ခါသွားရပြန်၏။

ကိုကြီးအောင်ကို နားလည်ပေးချင်ပေမယ့် အခြေအနေတာ လုံးဝခွင့်ပြုခြင်း မရှိပေ။

နှုတ်မှ ဖွင့်ဟမပြောကြပဲ စောင့်စည်းကြလိုက်ခြင်းတာ အားလုံးအတွက်ပင် မင်္ဂလာ ရှိနေသည်လေ . . .။

"ကျေးဇူးတင်ပါတယ် ကိုကြီးအောင်၊ ရည်မွန် ပြန်တော့မယ်၊ ကိုကြီးအောင့်လည်း အိပ်တော့လေ"

"ရည်မွန် ပြန်လေ၊ ကိုကြီးအောင်က ဒီည အိပ်ရမယ် မထင်ဘူး"

"မဟုတ်တာပဲ ကိုကြီးအောင်ရယ်၊ ဘာကြောင့် ကိုယ့်ကိုကိုယ် နှိပ်စက်ချင်ရတာလဲ"

"ကိုကြီးအောင် ဘဝတစ်လျှောက်လုံး စောင့်စည်းခဲ့တာ များလှပြီ၊ ဒီတစ်ခါ စောင့်စည်းလိုက်ရခြင်းက တန်ဘိုး



www.burmeseclassic.com

www.burmeseclassic.com



အကြီးမားဆုံးပဲ ရည်မွန်၊ ဒီအတွက် အရမ်းကို ကျေနပ်နေမိတယ်"

"တော်ပြီ ကိုကြီးအောင်ရယ်၊ ရည်မွန်ကို သွားခွင့်ပြုပါတော့"

ကိုကြီးအောင်ရှေ့မှာ ဆက်နေလို့ မဖြစ်တော့ပေ။

သူမ၏ မျက်ရည် မခိုင်သလို၊ သူမ နှလုံးသားသည်လည်း တည်တံ့နေမှာ မဟုတ်။

ကိုကြီးအောင်၏ စကားလုံးများကို ကြားယူနိုင်စွမ်း မဲ့ရပြီလေ . . .။

ဒါကို . . . ကိုကြီးအောင်တစ်ယောက် နားလည်လိမ့်မည် . . . ဟု သူ မထင်သည်လေ။

ကိုကြီးအောင်ရှေ့မှ နေပြီး ရှပ်ပျက်ဆင်းပျက်ဖြင့် သူမ ပြေးထွက်ခဲ့လေ၏။

လမ်းမှာပင် သူမ ပါးပြင်မှာ မျက်ရည်တို့ စွန်းထင်းခဲ့သည်ပဲ . . .။

▶▶ ▶▶ ▶▶



(၄)

အိမ်မှ ပြန်ရောက်ပြီး နောက်နေ့မှာပင် သူမတို့ရှိရာ ရုံးခန်းသို့ မမပွင့် ရောက်လာခဲ့သည်။ မမပွင့် ရောက်ချိန်၌ ကိုကြီးအောင် ထမင်းစားဖို့ သူမ ပြင်ပေးနေချိန်နှင့် တိုက်ဆိုင်နေ၏။

အခန်းထဲမှာက ကိုကြီးအောင်နှင့် နှစ်ယောက်တည်း ရှိနေ၏။ ပြီးတော့လည်း အနေအထားက ပူးပူးကပ်ကပ် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းဝေက ဇာတ်စုတစ်ခုကြောင့် အပြင်သွားနေ၏။

"အဟမ်း"

ချောင်းဟန့်သံနှင့် ဖိနပ်သံကို ကျယ်ကျယ်လောင်လောင် ဖြစ်အောင် မမပွင့် ပြုလိုက်သည်။ ရုတ်တရက်မို့ ကိုကြီးအောင်နှင့် သူမ ကြောင်သွားသော်လည်း အိနြေ္ဒမပျက်ခဲ့ကြပေ။

သူမကလည်း ထမင်းပွဲကို ဆက်ပြင်ပေး၏။ ကိုကြီးအောင်ကလည်း မမပွင့်ကို ထိုင်နေရာမှ ခရီးဦးကြို စကားပြောလိုက်သည်။

"ပွင့် ဘယ်တနေ့ လှည့်လာတာလဲ"

"ကိုယ့်ယောကျ်ားရှိတဲ့ ရုံးခန်းကို လာတာလေ၊ ဘာဖြစ်လို့လဲ ကိုအောင်"

မမပွင့် စကားကြောင့်မင် ကိုကြီးအောင် မျက်နှာ ပျက်သွား၏။

ကိုကြီးအောင်ကို ထမင်းပွဲ ပြင်ပေးပြီးသည်နှင့် သူမ ဝတ္တရားအရ မမပွင့် သောက်ဖို့ အအေးဗူးနှင့် ခွက်ကို ရေခဲသေတ္တာ အတွင်းမှ ထုတ်ရန်ပြင်သည်။

"ဒါဆို ထိုင်ဦး ပွင့်၊ မတ်တပ်ကြီးဆိုရင် ပွင့် ညောင်း





နေဦးမယ်၊ ကိုအောင် အလုပ်တွေ များတာနဲ့ အခုမှ ထမင်းစားမလို့လေ"

တကယ်တော့ မူလအစီအစဉ်က သူမနှင့် ကိုကြီးအောင်တို့ ထမင်း အတူတူစားဖို့ပင် ဖြစ်၏။

မမပွင့် ရောက်လာသောကြောင့်ပင် သူမ ဝင်မစားဖြစ်တော့ပေ။ ဒါကို ကိုကြီးအောင်လည်း သိနေ၏။

"အလုပ်တွေက များနေမှာပေါ့၊ အပျော်ခရီး ထွက်ရတာနဲ့ ဘာနဲ့ဆိုတော့ အလုပ်တွေ များနေမှာပေါ့၊ နေပါဦး ထမင်းပွဲ အနေအထားက တစ်ယောက်တည်း စားမယ့်သဘောမဟုတ်ပါဘူး၊ ပွင့် ရောက်လာလို့ လက်ဆုံစားဖို့ အစီအစဉ် ပျက်သွားတာ မဟုတ်လား"

"ပွင့်ကလည်းကွာ စကားကို ဆင်ဆင်ခြင်ခြင် ပြောစမ်းပါ"

သူမကို အားနာသဖြင့် ကိုကြီးအောင်က တမင် ဟန့်တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့် အခုချိန်မျိုးမှာ အပြင်ထွက်သွားလို့ကလည်း မဖြစ်ပေ။ ဖြစ်လာသမျှကို သည်းခံပြီး ဒီအခန်းထဲမှာ ဆက်နေရုံပဲ ရှိတော့၏။

မမပွင့်အတွက် အအေးဗူးနှင့် ခွက်ကို ကိုင်ရင်းက ခဏတော့ ကြောင်နေမိသည်။

ကိုကြီးအောင်ကတော့ ထမင်းစားခြင်းကို ခဏလေးနှင့် လက်စသတ်လိုက်၏။

"ထမင်းစား မြန်လှချည်လား ကိုအောင်"

"အစာလွန်သွားတယ် ထင်တယ် ပွင့်"

"ကိုအောင် ရင်ပြည့်နေလို့ ဖြစ်မှာပါ"

ခပ်ချိတ်ချိတ် စကားဖြင့် မမပွင့် စကားနာထိုး၏။

သူမအနေဖြင့် အနေကျုံ့သည်ကို ကိုကြီးအောင် ရိပ်စားမိသည်။ သူမလက်ထဲမှာ ကိုင်ထားသော အအေးဗူးကိုကြည့်ရင်း ကိုကြီးအောင် ပြောလိုက်၏။

"ရည်မွန်ရေ ပွင့်သောက်ဖို့ အအေးဗူး ပေးလိုက်ပါကွယ်"





ကိုကြီးအောင် စကားကြောင့်ပင် မမပွင့်ရှေ့သို့ အအေးဗူးနှင့် သောက်စရာခွက်ကို ချပေးမိလိုက်သည်။

တခဏအတွင်းမှာပင် မမပွင့်တစ်ယောက် ပါးစပ်ကလည်း ပြော၊ လက်ကလည်း လှုပ်ရှားလိုက်၏။

"ဘာလဲ ကိုအောင်၊ ပွင့် ရင်ပူရင်ဆာမိနေတယ်ဆိုပြီး တမင်ရွဲ့ပြကြတာလား၊ ပွင့်က ရင်မပူဘူး၊ ရင်ပူတဲ့ လူတွေပဲ သောက်၊ သွားစမ်း ဒီအအေးဗူး"

သူမလက် ရုပ်တာ အချိန်မီသွားသည် . . . ဟု ဆိုရမည်။ အအေးဗူးနှင့် ဖန်ခွက်ကို အမှိုက်ခြင်းထဲသို့ ပစ်ပေါက်လိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ ပွင့်"

"ပွင့် ဘာမှ မဖြစ်ဘူး၊ ဖြစ်နေကြတာက ကိုအောင်တို့ပဲ"

"မင်းစကားတွေကကွာ၊ အခု မင်း ဘာဖြစ်ချင်လဲ"

"ကိုအောင် အခုချက်ချင်း အိမ်ပြန်လိုက်ခဲ့ပါ၊ ကိုအောင်နဲ့ စာရင်းအပြီးရှင်းမယ်"

ပထမတော့ ဝင်ပြောဖို့ ကြိုးစားမိလိုက်သေး၏။ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



အောင်က လှမ်းပြီး မျက်ရိပ်ပြသောကြောင့် သူမ အသာငြိမ်နေလိုက်ရသည်။

"ဒါဆိုရင် ကိုအောင်နဲ့ အတူတူ သွားကြတာပေါ့၊ အိမ်ရောက်မှ ပွင့် ပြောတာပြော၊ လုပ်ချင်တာလုပ်လေ၊ ပြဿနာ မကြီး ထွားရအောင် ကိုအောင့်စကားကို ကျေးဇူးပြုပြီး နားထောင်ပေးပါ ပွင့်၊ ပွင့်စိတ်ကို ငြိမ်ငြိမ်လေးထားလိုက်ပါ"

"ပွင့်ကို ဘာမှ သင်နေစရာ မလိုဘူး၊ ပွင့်က အောက်တန်းကျတဲ့လူ မဟုတ်ဘူး၊ ဘယ်သူနဲ့မှလည်း ဖက်ပြီး စကားမပြောချင်ဘူး ကိုအောင်သာ ပြန်လိုက်ခဲ့ပါ"

"ကဲ . . . ရည်မွန် လုပ်စရာရှိတာကို ဆက်လုပ်ထားလိုက်၊ သန်းဝေ ပြန်လာရင် နှစ်ယောက်စလုံး အလုပ်ပြီးမှ ပြန်ကြနော်၊ မနက်ဖြန် အလုပ်ကိစ္စ ရှိတယ်၊ သန်းဝေကိုလည်း အလုပ်မပျက်ဖို့ ပြောလိုက်ဦး"

"ဟုတ်ကဲ့"

မျက်နှာ မသာမယာဖြင့် ကိုကြီးအောင် လိုက်သွားရှာသည်။

နောက်နေ့မှာ သူမ အလုပ်မလာမှာစိုး၍ ကိုကြီးအောင် မှာသွား၏။

သူမကလည်း လာဖြစ်အောင် လာမှဖြစ်မည်။ မလာပဲနေလိုက်ရင် ပတ်ဝန်းကျင်က ပြောသလို ဖြစ်နေပေမည်။

မမပွင့်တစ်ယောက် စိတ်ငြိမ်သည့်အချိန်ကို စောင့်ပြီး လူချင်းတွေ့ကာ ရှင်းပြမည်ဟု စိတ်ကူးလိုက်၏။

မမပွင့် လုပ်သွားပုံ၊ ပြောဆိုသွားပုံတွေကို ပြန်တွေးရင်းက ပင် ဝမ်းနည်းနေမိသည်။

▶▶

စိတ်ပျက်လက်ပျက်ဖြင့် စားပွဲပေါ်မှာ မှောက်အိပ်နေတုန်း အခန်းထဲသို့ ကိုသန်းဝေ ဝင်လာ၏။

သူမ ခေါင်းကို ပွတ်သပ်ရင်းကပင် စိတ်မကောင်းသော စကားကို ပြော၏။





www.burmeseclassic.com

www.burmeseclassic.com



"ငါ ကြားခဲ့ပြီးပြီ ရည်မွန်၊ ဒါ တကယ်စိတ်မကောင်းဘူး ညီမလေးရာ၊ မမပွင့် ရောက်လာတဲ့အချိန်မှာ ငါက လည်း ဒီမှာ ရှိမနေဘူး"

ကိုသန်းဝေ၏ စကားကြောင့်ပင် မျက်နှာ တင်းမိလိုက်သည်။ ဘယ်သူတွေက ဘာအတင်းအဖျင်းတွေ ပြော၍ ကိုသန်းဝေ ဘာတွေကြားလာသည်မသိပေ။

"နေပါဦး ကိုသန်းဝေ၊ ဘယ်သူတွေက ဘာတွေပြောကြလို့ တုန်း၊ ပြီးတော့ ကျွန်မတို့က ဘာတွေဖြစ်နေလို့ တုန်း"

"အပြင်မှာတော့ ပြောနေကြတာ ပွနေတာပဲ၊ နားမဆံ့ ဘူးဟာ၊ မမပွင့် ဒီလို လာကြမ်းတာတော့ ရုပ်ပျက် တာပေါ့၊ ညီမလေး အတွက် အရှက်ရစေတာပေါ့"

"မဟုတ်သေးဘူး ကိုသန်းဝေ၊ သူတို့တွေ ဘာတွေ ပြောပြော ဂရုစိုက်စရာမှ မလိုတာ၊ ကျွန်မနဲ့ ကိုကြီးအောင်က ဘာမှဖြစ်ကြတာလည်း မဟုတ်ဘူး၊ မမပွင့်ကလည်း သူ့ဇောနဲ့သူ ဖြစ်နေတာ၊ ပြီးပေ့





ဘာမှ ပြဿနာကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ကြပါဘူး မမပွင့် ခေါ်လို့ ကိုကြီးအောင် လိုက်သွားတာပဲ"

သူမကို စိုက်ကြည့်ရင်းက ကိုသန်းဝေ ခေါင်းတွင်တွင် ခါရမ်း၏။

ဝမ်းနည်းပက်လက်အမူအရာဖြင့် ကိုသန်းဝေ ပြော၏။

"ဒီအခန်းထဲကနေပြီး နင်က အပြင်မှ မထွက်မိပဲကိုး ညီမလေး၊ အပြင်မှာ လူတွေရှေ့မှာ သူတို့လင်မယား နှစ်ယောက် ဘာတွေဖြစ်ပြီး ဘာတွေ ပြောကြ ဆိုကြတယ် ဆိုတာကို ညီမလေး သိရဲ့လား"

"မသိဘူး ကိုသန်းဝေ"

"အဲဒါပဲ . . . အပြင်ရောက်ပြီး လူတွေရှေ့မှာပဲ စကားများကြတယ်၊ လူတွေအပြောကတော့ မမပွင့် ကို ဆရာက ရိုက်လိုက် တယ်တဲ့၊ ကားပေါ်ကို ဆွဲခေါ်တင် သွားတယ် ပြောတယ်၊ သူတို့ ပြန်ပြောပြတဲ့ စကားတွေ ကိုတော့ ညီမလေး မသိချင်ပါနဲ့တော့"

"ဒါဆိုရင်တော့ အခုချက်ချင်း ကိုကြီးအောင်တို့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ လိုက်သွားကြမယ် ကိုသန်းဝေ"

ထိုင်ရာမှ ဝုန်းခနဲ ထရပ်ပြီး လိုက်သွားဖို့ သူမ ပြင်ဆင်လိုက်၏။

"သွေးအေးစမ်းပါ ညီမလေး၊ အခုချိန်မျိုးမှာ ညီမလေး လိုက်သွားရင် ပြဿနာက ပိုရှုပ်ထွေးလိမ့်မယ်"

"မရှုပ်ထွေးရအောင် ရှင်းမှာလေ"

"ရှင်းလို့မှ မဖြစ်ပဲ၊ အချိန်စောင့်လိုက်ပါ ညီမလေးရာ၊ ဒီထက် ဆိုးလာရင် ငါ တစ်ယောက်လုံး နင်ရှေ့မှာ ရပ်ပေးမယ်"

"ဒါဆိုရင် ကျွန်မတို့က ဒီမှာပဲ ဆက်ထိုင်နေရမှာပေါ့"

"အချိန်တန်ရင်တော့ ပြန်မှာပေါ့၊ ဒါပေမယ့် နှုံးက လူတွေ ကုန်တဲ့အထိတော့ ငါတို့ ဒီမှာ ဆက်နေရမယ်"

"ဘာဖြစ်လို့လဲ ကိုသန်းဝေ"

"ငါ အနားမှာ ရှိနေပါလျက်နဲ့ ငါ့ညီမလေးကို ထိပါးတဲ့ စကားမျိုးကို ငါ နားခံနိုင်မှာ မဟုတ်ဘူး၊ အဲဒီလူတွေနဲ့ ပြဿနာ ဖြစ်ရလိမ့်မယ် ညီမလေး၊ မနက်ဖြန်ကိုလည်း





ငါတို့နှစ်ယောက်စလုံး ဒီကို လာမှ ဖြစ်မယ်"

"လာရမှာပေါ့ ကိုသန်းဝေ၊ ဒီတစ်ခါ မမပွင့် ရောက်လာခဲ့ရင်တော့ ရှင်းပြမှ ဖြစ်လိမ့်မယ်"

"ညီမလေးက ဘယ်လို ရှင်းပြမှာလဲ"

"ကျွန်မနဲ့ ကိုကြီးအောင်နဲ့က မမပွင့် ထင်သလိုမှ မဟုတ်ပဲ၊ ဒီလိုပဲ ရှင်းပြရမှာလေ"

"မဟုတ်သေးဘူး ညီမလေး၊ ဒီစကားလောက်နဲ့တော့ မမပွင့်ရဲ့ သံသယကို လုံလောက်စေမှာ မဟုတ်ဘူး၊ ဒီထက်ခိုင်လုံတဲ့ အထောက်အထားနဲ့ ပြောပြ ရှင်းပြမှ ဖြစ်မှာ၊ ငါတို့ တိုင်ပင်ကြတာပေါ့ ညီမလေးရာ"

ကိုသန်းဝေ ပြောတာက သဘာဝကျနေ၏။

ဒီလောက်နှင့်တော့ အကြောင်းအရာက ခိုင်လုံခြင်း မရှိပေ၊ ကိုသန်းဝေကို ကြည့်ရင်းကပင် အဖြေတစ်ခုကို သူမ ရလိုက်သည်။

"ကိုသန်းဝေ"

"ဘာလဲ ညီမလေး"

"လူတစ်ယောက်နဲ့ စွပ်စွဲခံရတဲ့ မိန်းမတစ်ယောက်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရဲ့စိတ်က အဲဒီလူကို အနည်းနဲ့အများ ငဲ့ညှာမိတဲ့ သဘော ရှိတယ်၊ အဲဒီ မိန်းမမျိုးကို ဘယ်လိုသဘော ထားလဲ"

"အခုချိန်မျိုးမှာ ဒီစကားကို မဖြေချင်ဘူး ညီမလေး၊ ဖြေဖို့ အချိန်လည်း မဟုတ်ဘူး၊ မမပွင့် ပြဿနာကိုပဲ ရှင်းဖို့ လင်းဖို့က အဓိက ကျပါတယ်"

"မဟုတ်ဘူး ကိုသန်းဝေ၊ ကျွန်မ မေးနေတာက တခြား၊ ကိုသန်းဝေ ဖြေတာက တခြားပဲ၊ ကျွန်မ အရမ်းသိချင်နေတယ်၊ ကိုသန်းဝေ လုံးဝ မပြောဘူးလား"

ကိုသန်းဝေကို နောက်ဆုံးစကားဖြင့် အကျပ်ကိုင်လိုက်ရသည်။

"ခက်တယ် ညီမလေးရယ်"

"မခက်ပါဘူး ကိုသန်းဝေ၊ ကိုသန်းဝေရဲ့ အဖြေကို ကျွန်မ အရမ်းသိချင်နေတယ်"

သူမကို စေ့စေ့ကြည့်ရင်းကပင် ကိုသန်းဝေ သက်ပြင်းတွေ ချနေပြန်၏။





အတော်လေး ဟွေ့ကွေ့ဝေဝေ ဖြစ်ပြီးမှ ကိုသန်းဝေ ပြောသည်။

"ဒီမှာ ညီမလေး၊ ညီမလေးကို ချစ်တယ်လို့ ပြောခဲ့တယ်၊ အဲဒီတုန်းက နောက်ဆက်တွဲ ပြောခဲ့တဲ့ စကားဟာ အဲဒီနေ့တုန်းက လည်း ရင်ထဲက ပြောခဲ့တဲ့ စကား၊ ဘယ်နေ့ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဒီစကားမျိုးပဲ ပြောမှာ သေချာတယ်၊ ဒီလောက်ဆို ညီမလေး ကျေနပ်ဖို့ ကောင်းတယ်"

"ကောင်းပြီလေ၊ ကျွန်မ လိုချင်တဲ့အဖြေကို ရပြီ"

သူမ ဘာတွေပြောပြီး ဘာတွေ လုပ်မည်ကို ကိုသန်းဝေ မမေးမြန်းပဲ ငြိမ်နေ၏။

သူမအနေဖြင့် ဟာစ်ခုခုကို ဆုံးဖြတ်မှ ဖြစ်ပေတော့မည်။ အခုချိန်လောက်ဆိုရင်တော့ ကိုကြီးအောင်နှင့် မမပွင့်တို့ ဘာတွေ ဖြစ်ပြီး ဘယ်လိုနေကြမည် မသိပေ။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com

## (၅)

နောက်နေ့မနက်လင်းတော့ သူမအဖို့ အတော်လေး သွေးအေးသွားခဲ့၏။ ပြင်ဆင်စရာများကို ပြင်ဆင်ပြီးသည်နှင့် ရုံးခန်းသို့ ထွက်လာမိသည်။ တကယ်ဆိုရင် ကိုသန်းဝေ လာခေါ်တာကို သူမ စောင့်ရမှာ ဖြစ်သည်။

ကိုသန်းဝေကို မစောင့်ဘဲ သူမ တစ်ယောက်တည်း လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ အဆောင်သို့ ကိုသန်းဝေ ရောက်လာပြီး သူမကို မတွေ့ပါက တလွဲတွေ တွေးပြီး စိတ်ပူနေမှာကို အခန်းထဲ ဝင်ခါနီးမှ သွားသတိရမိသည်။

ဘာပဲဖြစ်ဖြစ် ရုံးခန်းကို လိုက်လာရင် လိုက်လာ၊ မလိုက်လာရင် ဖုန်းတော့ လှမ်းဆက်မှာပါ . . . ဟု ဖျော့တွေးလိုက်သည်။

ကုမ္ပဏီ အဆောက်အဦးထဲကို ဝင်သည်နှင့် အစောင့်ကျသော ဝန်ထမ်းတစ်ဦးက သူမကို ပြောလိုက်၏။

"မနက်ခြောက်နာရီလောက်က ဆရာ ရောက်လာသေးတယ်၊ ခဏနေပြီး ကားနဲ့ ချက်ချင်း ပြန်ထွက်သွားတာ တွေ့လိုက်တယ်"

အစောင့်ကျသော ဝန်ထမ်းဦးလေးကြီး ပြောလိုက်တာ အရမ်းကို သေချာနေ၏။

သူမ စားပွဲသည် ခြေရာလက်ရာ ပျက်နေ၏။ ပထမဆုံး သူမ တွေ့လိုက်သည့်အရာက သူမအမည် ရေးထိုးထားသော စာအိတ်တစ်အိတ်ပင် ဖြစ်သည်။

"ဒါ . . . ကိုကြီးအောင်ရဲ့ လက်ရေးပဲ"





နှုတ်မှ ရေရွတ်ရင်းက စာမှိတ်ဖြူလေးကို ဆိုင်ကြည့်လိုက်သည်။

သိလိုဖောကြောင့် တုန်ယင်စွာဖြင့် ဖောက်ဖတ်လိုက်ရသည်။

▶▶



www.burmeseclassic.com

www.burmeseclassic.com



ရည်မွန်

ဒီစာကို ဘုံအောင် ဖတ်စေချင်တယ်။

ကိုကြီးအောင် သေသေချာချာ စဉ်းစားပြီးမှ ရေးဖြစ်တာပါ။

မနေ့က [illegible] တကယ်ကို [illegible]။

ပွင့်ကို တော်တော်လေး ချစ်သွားမိတယ်။

ပွင့်နဲ့ကိုကြီးအောင် ဘယ်လိုမှ ဖူးစာပါလို့ ရှေ့မှာ မသိတော့ဘူး။

[illegible] ရည်မွန်။ ပြတ်သားစွာလေးနဲ့ ကိုကြီးအောင် ရှေ့ဆက်ပြီး

ကိုကြီးအောင် ဘာတစ်ခုမှ မမှားခဲ့ဘူး။

ကိုကြီးအောင် ရှိတဲ့နေရာကို ဘယ်သူမှ မသိပါစေနဲ့ ...။

ပွင့်ဘာလုပ်မှာ ရည်မွန်သိတော့မယ်ဆိုရင် သဘောပါပါ။ ဒီနေ့တစ်ပြ

[illegible] ပွင့်တစ်ယောက်တည်းပဲ ပိုင်ဆိုင်သွားပြီ။

မချစ်လိုက်ရပေမယ့် ချစ်နေမိမှာပဲ ရည်မွန်။

[illegible] ကိုကြီးအောင်

ချစ်နေမယ် ...။

ကိုကြီးအောင်





စာဆုံးသွားတော့ နှုတ်မှနေ "ဘုရား" တမိသည်။

ကိုကြီးအောင်နှင့် မမပွင့်တို့ တကယ်ပင် လမ်းခွဲခဲ့ကြပြီလား

မသိပေ။

အပျက်အပျက်နှင့် စိတ်မကောင်းစရာတွေ ဖြစ်လာပြီပဲ

လေ။

ကိုကြီးအောင် ရေးထားသော စာရွက်ကို ကိုင်ရင်း ဘာလုပ်

လို့ ဘာကိုင်ရမှန်း မသိတော့ပေ။

ဒီကမ္ဘာကြီးကို မမပွင့် တစ်ဦးတည်း ပိုင်ဆိုင်သွားပြီတဲ့။

ဒါဆိုရင် . . . ဒီနေ့ ဒီနေရာကို မကြာခင်မှာ မမပွင့် ရောက်လာ

တော့မည်ပဲ . . .။

"ရည်မွန် . . . ညီမလေး"

တံခါးပွင့်သံ၊ ခေါ်သံကြောင့်ပင် စာရွက်လေးနှင့် စာအိတ်

ကို အံဆွဲအတွင်းသို့ ထိုးထည့်လိုက်ရသည်။

"ဘာလို့အခန်းထဲမှာ စောင့်မနေပဲ တစ်ယောက်တည်း

ထွက်လာရတာလဲ ညီမလေးရာ၊ မတော်တဆ မမပွင့်နဲ့

နှစ်ယောက်ချင်း တိုးနေမှဖြင့်"



www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ မမပွင့်နဲ့ တွေ့မှဖြစ်မယ် ကိုသန်းဝေ၊ မကြာခင်မှာ ဒီအခန်းကို မမပွင့် ရောက်လာလိမ့်မယ်၊ အဲဒီအခါမှာ ကျွန်မ ပြောသမျှစကားတွေကို၊ ကိုသန်းဝေက အလိုလို ထောက်ခံပြီးသား ဖြစ်နေစေ ရမယ်၊ ကျွန်မ ပြောတာကို နားလည်တယ်နော်"

နားလည်သည်လော၊ နားမလည်သည်လား မသိ။ သူမ အလိုကိုလိုက်ပြီ ကိုသန်းဝေ ခေါင်းညိတ်လိုက်၏။

သူမအဖို့ အခုအချိန်မှာ ကိုသန်းဝေ ခေါင်းညိတ်တာကိုပဲ လိုချင်နေ၏။ မမပွင့်ရောက်လာမည့်အချိန်မှာ သွေးအေးနေဖို့ပဲ လိုအပ်သည်လေ . . .။

▶▶

တကယ်တမ်းကျတော့ မမပွင့်ကို အချိန်အတော်ကြာ မစောင့်ဆိုင်းလိုက်ရပေ။ ကိုသန်းဝေ ရောက်လာပြီး နောက်ထပ် နာရီဝက်ကြာသောအခါ အခန်းအတွင်းသို့ မမပွင့် ရောက်လာလေ





၏။

"မမပွင့်ပါလား"

"ဟုတ်တယ်၊ နေပါဦး၊ မင်းက ဒီအခန်းထဲက ဒီစားပွဲမှာ ဘာကိစ္စကြောင့် ရှိနေရတာတုန်း၊ ကိုအောင်နဲ့ တစ်ခါတည်း လိုက်မသွားဘူးလား၊ မင်း ငါ့ကို ဘာစိတ်အနှောင့်အယှက်ပေးဦးမလို့လဲ၊ ကိုအောင်က တစ်ဖက်လှည့်နဲ့ မင်းကို ဘာတွေများ ထောင်းခိုင်းချင်လို့လဲ၊ ဒီမှာ စာချုပ်စာတမ်းတွေ သူပေးခဲ့ပြီးပြီ"

မမပွင့်စကားများက တဖြည်းဖြည်းနှင့် ဆိုသလို လေသံတွေ ပျော့ပျော့လာ၏။

ကိုသန်းဝေကတော့ သူမနှင့်မမပွင့်တို့ကို တလှည့်စီကြည့်ကာ ပွပန်းစိုးရိမ်နေသည်။

မမပွင့် ပစ်ချပေးလိုက်သော စာချုပ်စာတမ်းများကို တစ်ခုချင်း ကောက်ယူကာ သူမ ကြည့်လိုက်သည်။

မမပွင့်ကိုလည်း . . .

"ဟုတ်ပါပြီ မမပွင့်၊ ဒီလွှဲပြောင်းပေးတဲ့ စာချုပ်စာတမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အရပ် ကျွန်မဟာ ဒီနေ့ကစပြီး မမပွင့်ပိုင်တဲ့ ရန်ထမ်းတစ်ယောက် ဖြစ်သွားပါပြီ"

"မင်းစကားက ဘာသဘောလဲ၊ ငါ့ကို ရှင်းရှင်းပြောစမ်း"

"ကျွန်မ ပြောပါရစေ၊ မမပွင့်နဲ့ ကိုကြီးအောင်တို့ ဘာတွေ ဖြစ်ခဲ့ကြတာလဲ"

"နင် မျက်စိကန်းနေလား၊ ဒီကုမ္ပဏီကိုရော ကျန်တဲ့ လုပ်ငန်းတွေကိုပါ ငါ့ကို လွှဲပေးသွားတဲ့ စာချုပ်တွေ၊ ပြီးတော့ ဒီမှာ သူနဲ့ငါ ကွာရှင်းပြတ်စဲတဲ့စာချုပ်၊ ဒါ . . . ကိုအောင်ကိုယ်တိုင် ပေးသွားခဲ့တာ"

မမပွင့် ကမ်းပေးသော ကွာရှင်းစာချုပ်ကို လှမ်းယူလိုက်သည်။ စာချုပ်ကို သေချာအောင် ဖတ်ကြည့်လိုက်သည်။

နှစ်ဦးသဘောတူ ကွာရှင်းစာချုပ် ဆိုပေမယ့် ကိုကြီးအောင် လက်မှတ်ကိုသာ တွေ့ရ၏။

မမပွင့်၏ အမည်ပေါ်မှာ လက်မှတ်ရေးထိုးထားခြင်း မရှိသေးပေ။

ဒီအထောက်အထားကြောင့်ပင် သူမအနေဖြင့် အသာစီးရ





ပြောစရာတစ်ခု ရသွားခဲ့သည်။

"နှစ်ဦးသဘောတူကွာရှင်းစာချုပ်လည်း ဆိုသေးတယ် မမပွင့်က ဘာလို့ လက်မှတ်မထိုးတာလဲ၊ ကိုကြီးအောင် တစ်ယောက်တည်း သူ့သဘောနဲ့သူ ထိုးလို့ရမှာတဲ့ လား"

"ဒါက မင်းကိစ္စ မဟုတ်ပါဘူး၊ ငါနဲ့ ကိုအောင့်ကိစ္စပါ၊ သူ ပြတ်နိုင်လို့ ငါ အချိန်မရွေး လက်မှတ်ထိုးလို့ရ အောင် သူ စီစဉ်ပေးသွားခဲ့တာ"

"ဒါဆိုရင် မမပွင့် အခု ထိုးလိုက်လေ၊ ဒါမှ တရားဝင် သွားမှာပေါ့"

သူမစကားက နည်းနည်းတော့ အလောတကြီး ဖြစ်သွား သည်။

မမပွင့်က ဒေါသတကြီးဖြင့် သူမရှေ့နားသို့ တိုးကပ်လာ၏။ ချက်ချင်းဆိုသလိုပင် ကိုသန်းဝေက သူမရှေ့မှာ ဝင်ရပ် လိုက်သည်။

"နေပါဦး မမပွင့်၊ ကျွန်တော် ရှင်းပြပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကိုသန်းဝေ၊ ကျွန်မ မမပွင့်နဲ့ အေးအေး ဆေးဆေး စကားပြောချင်လို့ပါ"

"ဘာလဲ ငါလက်မှတ်ထိုးပေးမယ့် စာချုပ်ကို ကိုအောင်က တောင်းခိုင်းလိုက်တာလား"

"မမပွင့် မှားနေပြီ၊ မမပွင့် မှားတာ ဟိုတုန်းကတည်းက မှားခဲ့တာ၊ အခုမှ မှားတာ မဟုတ်ဘူး၊ ကျွန်မကို ဘယ်သူကမှ ဒီစာချုပ်ကို မတောင်းခိုင်းဘူး"

"မင်းစကားက ဘာတွေလဲ၊ ငါ့ကို ရှင်းအောင် ပြောစမ်း"

သူမ မေတ္တာတရားအဲ အောင်ပွဲရလဒ်ကို စတင် ရရှိလိုက်ပြီးပေပဲ။ တင်းမာခက်ထန် [illegible] မမပွင့်တစ်ယောက် မျက်နှာသို့ ကျသွား၏။

"မမပွင့် ဒီစာချုပ်ပေါ်မှာ လက်မှတ် မထိုးရဲပါဘူး၊ ဘာကြောင့် မထိုးရဲလည်းဆိုတော့ ကိုကြီးအောင်ကို မစွန့်လွှတ်နိုင်လို့ပဲ၊ ဟုတ်တယ် မဟုတ်လား မမပွင့်"

မမပွင့် အဖြေမပေးပေ။





သူမကိုသာ ငေးပြီးကြည့်နေ၏။ သူမတို့နှစ်ယောက်၏ တင်းမာမှု အခြေအနေ လျော့ပါးစပြုပြီမို့ ထင်၏။ ကိုသန်းဝေတ သက်ပြင်းခိုးချ၏။

"မဖြေလည်း ရပါတယ် မမပွင့်၊ တကယ်တော့ ကျွန်မ အခက်အခဲကို တကယ့်စေတနာနဲ့ ကိုကြီးအောင်က ကူညီပေးခဲ့တာပါ၊ အဲဒီကျေးဇူးကို ဒီအချိန်မှာ ကျွန်မဆပ်လို့ ရပါပြီ မမပွင့်၊ ကိုကြီးအောင် ရှိမယ့် နေရာကို မမပွင့် အချိန်မီ လိုက်သွားပါ၊ သူ့ရှေ့မှာပဲ ဒီစာချုပ်ကို မီးရှို့ပြလိုက် မမပွင့်၊ ပြီးတော့ ကိုကြီးအောင်ကို နည်းနည်းလေးပဲဖြစ်ဖြစ် မြန်မြန် အောက်ကျို့ခံလိုက်ပါ၊ မမပွင့်တို့ အိမ်ထောင်ရေး တစ်သက်တာလုံး ခိုင်မြဲစေဖို့အတွက် ဒီလောက်လေးတော့ မမပွင့် ပေးဆပ်သင့်ပါတယ်"

"မင်းနဲ့ ကိုအောင်က ..."

"ဒီနေ့ဒီအချိန်ထိ ရိုးသားဖြူစင်ပါတယ် မမပွင့်၊ ကျွန်မ အနေနဲ့ [illegible] ကပြီး [illegible]လင်း

www.burmeseclassic.com



သွားအောင် ပြောစရာကိစ္စ တစ်ခု ကျန်နေပါသေးတယ်"

"ဘာကိစ္စလဲ"

"ဒီလိုပါ မမပွင့်၊ မမပွင့်တို့ကိစ္စလည်း အခုလောက်ဆို အဆင်ပြေလောက်ပါပြီ၊ ကျွန်မနဲ့ ကိုသန်းဝေတို့ ဒီတစ်ပတ်အတွင်းမှာပဲ ရုံးတက်လက်မှတ်ထိုးပြီး မင်္ဂလာဆောင်နဲ့နီးတဲ့ အဆင်ပြေမယ့် နေရာတစ်ခုကို ခရီးထွက်ဖို့ စီစဉ်ထားတယ်ဆိုတဲ့ အကြောင်းပါပဲ မမပွင့်"

"မင်းပြောတာ အမှန်တွေပဲလား"

"ကာယကံရှင် ကိုသန်းဝေတစ်ယောက်လုံး ရှိနေတာပဲ မမပွင့်ရယ်၊ ဒီကိစ္စတာ နောက်ပြောင်စရာကိစ္စမှ မဟုတ်ပဲ၊ ဟုတ်တယ် မဟုတ်လား ကိုသန်းဝေ"

ကိုသန်းဝေကို ကြည့်ရင်း မေးလိုက်သည်။

ဝမ်း သာနေသော အမူအရာဖြင့် ကိုသန်းဝေ ပြောလိုက်

မမပွင့် အဖြေမပေးပေ။



www.burmeseclassic.com